www.free4readers.com

The SPEAKER သတင်းဂျာနယ်
news journal
Vol(3) No(2) ၁၃၈၀ပြည့်နှစ်၊တန်ဆောင်မုန်းလပြည့်ကျော်(၁၄)ရက် December ( 6 - 12 ) 2018

# ဒေါ်အောင်ဆန်းစုကြည် ရဲ့ ဒီမိုကရေစီအစိုးရ နဲ့ မီဒီယာပြဿနာ

■ စာ (၃၂) သို့



ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပဲယင်း)

တွေ့ကြုံခဲ့ရလူ့ဘ၀ (၁၅၄) စွန်ရဲ

## ကံထူး၍ ဖူးခဲ့ရသည်

■ စာ (၁၈) သို့



မိုင်းဖုန်းဆရာတော်နှင့် စာရေးသူ စွန်ရဲ

## NLD နှစ်ခြမ်းကွဲရော လဟယ်

၊ ဦးဝင်းထိန် ၊

■ စာ (၃) သို့



ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပဲယင်း)



Amazing Chaung Tha Resort
A Taste of Paradise

Beach Lover တို့ရဲ့ ပျော်ရွှင်စရာ Christmas
အားလပ်ရက်လေးတွေကို ချောင်းသာကမ်းခြေမှာ
ဖြတ်သန်းချင်တယ်ဆိုရင်
Amazing Chaung Tha Resort ရဲ့
Christmas Period [22-25 Dec 2018]
ဈေးနှုန်းလေးတွေကတော့

| | | | |
|---|---|---|---|
| Deluxe Garden View | [02 Pax Rm] | : | 96,000 Ks |
| Deluxe Garden View | [03 Pax Rm] | : | 120,000 Ks |
| Suite Villa Sea View | [02 Pax Rm] | : | 132,000 Ks |
| Suite Villa Beach Front | [02 Pax Rm] | : | 180,000 Ks |
| Suite Villa Beach Front | [03 Pax Rm] | : | 216,000 Ks |
| Amazing Suite Villa | [04 Pax Rm] | : | 420,000 Ks |

RESERVATION : 09 777 123 700 ~ 800 ~ 900

www.free4readers.com



# NLD နှစ်ခြမ်းကွဲရောလဟယ်

ဦးဝင်းထိန်



ဦးကြည်မောင် (ကွယ်လွန်)၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းထိန်တို့ကို ၁၉၉၅ ခုနှစ် ခြံအမှတ် (၅၄) တွင် တွေ့ရစဉ်

ပေါ်ဦး(ခ) မင်းကိုနိုင်က ၁၉၈၉ ခုနှစ် မတ်လမှာ အဖမ်းခံရပြီး ကျွန်တော်က ဇူလိုင်လမှာပါ။ သူက လေးလ စောတယ်ပေါ့။ ၁၉၉၁ ခုနှစ် နှစ်ကုန်ပိုင်းလောက်ကစပြီး ကျွန်တော်က မင်းကိုနိုင်ကို အားပေးစကားပြောရပါတယ်။ ၁၀(က)ရဲ့ သဘာဝအရ လူတစ်ယောက်ကို သုံးနှစ်ထက် ပိုချုပ်လို့ မရပုံ၊ သူဟာ မတ်လမှာ အဖမ်းခံရလို့ ၁၉၉၂ ခုနှစ် မတ်လမှာ သေချာပေါက် လွတ်မယ်ဆိုတဲ့အကြောင်း၊ ကျွန်တော်ကတော့ ဇူလိုင်လမှာ မုချလွတ်မယ်ဆိုတဲ့အကြောင်း ခဏခဏပြောဖြစ်ပါတယ်။

## 'စမက' ပုဒ်မ

ကျွန်တော် အထက်မှာ ရေးခဲ့သလို ဒီစကားတွေကို သူတို့ချောင်းနားထောင်လို့ သိသွားတဲ့အခါ ၁၉၉၁ ခုနှစ်ကုန်ခါနီး တစ်ရက်မှာ ထောင်မှူးက သူ့ကို အပြင်ကိုခေါ်ထုတ်ပါတယ်။ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ထား၊ စစ်ခုံရုံးနဲ့ဆို ဘယ်သူ့ကိုမဆို ကြိုက်သလောက် ထောင်ချနိုင်တယ်ဆိုတဲ့ သဘောပေါ့။

ဒါဆို ကျွန်တော်သိလိုက်ပါပြီ။ ကျွန်တော့်ကိုလည်း ဒီပုံမျိုး ချိုးတော့မယ်ဆိုတာ ထင်တဲ့အတိုင်းပါပဲ ၁၉၉၂ ခုနှစ် မတ်လလောက်ကျတော့ မင်းကိုနိုင်လိုပဲ ထောင်အပြင် ခေါ်သွားပြီး စစ်ခုံရုံးနဲ့ ထောင်ဒဏ် ၁၀ နှစ် ချလိုက်ပါတယ်။ ပုဒ်မတွေကိုတော့ မှတ်မထားမိပါဘူး။ ကျွန်တော်ကတော့ 'စမက' ပုဒ်မလို့ သမုတ်ပါတယ်။ အဓိပ္ပာယ်ကတော့ 'စောက်မြင်ကပ်'ပုဒ်မပေါ့။

## ရွှေနှလုံးသားနဲ့လူ

ဒီအကြောင်းကတော့ မရေးမဖြစ် ထည့်ရေးရပါလိမ့်မယ်။ အဘက်ဘက်က ဖိနှိပ်ချုပ်ချယ်ပြီး နည်းမျိုးစုံနဲ့ နှိပ်ကွပ်နေတဲ့အချိန်မှာ တန်ဖိုးရှိတဲ့ လူသားတစ်ယောက်ကို တွေ့လိုက်ရလို့ပါ။ ကျွန်တော့်ကို ၁၀ (က) နဲ့ ချုပ်ထားခဲ့ရာမှာ အချိန်တန်တော့ လွတ်လို့မဖြစ်ဘူး

> စုစုရေ အန်ကယ်တို့ကတော့ ဉာဏ်စွမ်းရှိသလောက် *NLD* ရေရှည်တည်တံ့ဖို့အတွက် လုပ်သင့်တယ် ထင်တာတွေလုပ်ခဲ့တယ်၊ ဒါကို စုစု မကျေနပ်ရင်လည်း ကြိုက်သလိုပြော၊ အန်ကယ်တို့ ခံပါ့မယ်၊ *NLD* ကိုလည်း စုစုလက်ထဲကို အပ်ပါတယ် ...

## နိုင်ငံရေးရေလျှဉ်ကြော

၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်မှာ အဖမ်းခံရပါတယ်။ ထိုစဉ်က နဝတဖန်တီးတဲ့ 'အာဇာနည်ကုန်း အရေးအခင်း'နဲ့ ပတ်သက်ပြီး ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းထဲက ဖမ်းခေါ်သွားခြင်း ခံရတာပါ။ ကျွန်တော့်မှာ ပြစ်ချက်တစ်စုံတစ်ရာ မရှိတဲ့အတွက် ပုဒ်မ ၁၀ (က) တပ်ပြီး ချုပ်ထားခဲ့တာပါ။ ထောင်ကျမဟုတ်သေးဘူးပေါ့။ ပုဒ်မ ၁၀(က) ရှိသလို ပုဒ်မ ၁၀ (ခ) ဆိုတာလည်း ရှိခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်ချတော့ အဲဒီပုဒ်မနဲ့ ချခဲ့တာပါ။

ကျွန်တော်ဟာ မဆလခေတ်က ဖွင့်တဲ့ ဥပဒေသင်တန်း RL တက်ခဲ့ဖူးပါတယ်။ ဒါကြောင့် ဥပဒေနဲ့ပတ်သက်လို့ တီးမိ၊ ခေါက်မိ ရှိပါတယ်။ အရေးပေါ်အရ လိုအပ်လို့ဆိုပြီး ဗိုလ်ချုပ်ကြီးနေဝင်းက ရေးခိုင်းပြီး အတည်ပြုခဲ့တဲ့ ဥပဒေပါ။ အကျဉ်းချုပ်ပြောရရင် လုံခြုံရေး အခြေအနေအရ လိုအပ်လို့ လူတစ်ယောက်ကို ချုပ်ထားမယ်ဆိုရင် အလွန်ဆုံး သုံးနှစ်ချုပ်ခွင့်ရှိပါတယ်။ ထောင်ဝင်စာ မရှိဘူး။ အပြင်ကလူတွေနဲ့ မိသားစုအပါအဝင် ဘယ်သူနဲ့မှ တွေ့ခွင့်မပြုပါဘူး။ ပါဆယ်ပဲ ပို့ခွင့်ပြုတာပါ။

ခိုင်းပါတယ်။ သူ့ကို တံခါးဖွင့်ပြီး ခေါ်သွားတာ ကျွန်တော်ကြားနေရပါတယ်။ စိတ်ထဲမှ သို့လော သို့လောပေါ့။ ထူးခြားတယ်လို့လည်း တဖွဖွ ရွတ်နေမိပါတယ်။

နှစ်နာရီနီးပါးလောက်ကြာတော့ သူပြန်ရောက်လာပါတယ်။ စကားပြောဖို့ အခွင့်အလမ်းသာမှ မေးကြည့်တဲ့အခါ သူ့ကို စစ်ခုံရုံးတင်ပြီး ထောင်ဒဏ် ၁၅ နှစ် ချလိုက်ပါတယ်တဲ့။ သူ့အသံက ကြားရတာတောင် အားမရှိပါ။ ဥပဒေပုဒ်မတွေဆိုတာ အသာခေါက်ဆိုတာ အာဏာပိုင်တွေက သိသွားကြဟန်တူပါတယ်။ ပြန်မလွှတ်ဘဲနဲ့ ထားမယ်။ ပြီးရင် သင့်တော်တဲ့ ပုဒ်မရှာပြီး စစ်ခုံရုံးနဲ့ ထောင်ချရင် ဖြစ်နိုင်တယ်လို့ သူတို့သိသွားပါတယ်။ ဒါကြောင့် မင်းကိုနိုင်ကို ထောင်ချပြီးတဲ့အခါ ကျွန်တော့်ကိုလည်း အဲဒီပုံစံမျိုးနဲ့ ထောင်ချမယ်ပေါ့။

စာမျက်နှာ (၁၂) သို့



www.free4readers.com

# ရှင်းလင်းတောင်းပန်ခြင်း

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၂-၂၈ ရက်နေ့ထုတ် The Speaker ဂျာနယ်၊ အတွဲ (၂)၊ အမှတ် (၅၀) တွင် 'ဝန်ကြီးချုပ်လေးဦးနှင့် ဝန်ကြီးအချို့ကို အနားပေးမည်ဟု သတင်းထွက်ပေါ်၊ မန်းတိုင်းဝန်ကြီးချုပ်နှင့် ဒေါက်တာ ဝင်းမြတ်အေး မပါ" ဟူသော သတင်းခေါင်းစဉ်ဖြင့် သတင်းထောက် TTS ၏ သတင်းအစီရင်ခံချက်ကို ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းဖော်ပြချက်တွင် သတင်းရင်းမြစ်ကို နိုင်ငံတော်သမ္မတရုံးနှင့် နီးစပ်သူတစ်ဦးဟု ဖော်ပြခဲ့သော်လည်း နိုင်ငံတော်သမ္မတရုံးမှ သတင်းရင်းမြစ်များ မဟုတ်သလို နိုင်ငံတော်သမ္မတရုံးမှ အတည်ပြုချက်ရရှိခဲ့ခြင်း မရှိခဲ့သည့်အတွက် အတည်ပြုနိုင်သော သတင်းမဟုတ်ခဲ့ပါ။ ကြားသိရသော သတင်းအချက်အလက်ကိုသာ အခြေခံပြီး သတင်းအဖြစ် ရေးသားဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

သို့ပါ၍ 'ဝန်ကြီးချုပ်လေးဦးနှင့် ဝန်ကြီးအချို့ကို အနားပေးမည်ဟု သတင်းထွက်ပေါ်၊ မန်းတိုင်းဝန်ကြီးချုပ်နှင့် ဒေါက်တာဝင်းမြတ်အေး မပါ' ဟူသော သတင်းဖော်ပြချက်သည် ခိုင်လုံမှုမရှိသော သတင်းအရင်းအမြစ်ကိုအခြေခံ၍ ရေးသားဖော်ပြခဲ့ခြင်း ဖြစ်ပါသဖြင့် နိုင်ငံတော်သမ္မတရုံးနှင့် တာဝန်ရှိသူများ၊ စာဖတ်သူများအား The Speaker ဂျာနယ်မှ ရှင်းလင်းတောင်းပန်အပ်ပါသည်။

## လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ ပြည်သူတစ်ဦးအား အကြိမ်ကြိမ် တရားစွဲသည်ဟုဆိုကာ သတင်းစာရှင်းလင်း

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြည်သူတစ်ဦးအား ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် အကြိမ်ကြိမ်တရားစွဲဆိုသည့် ကိစ္စအား ရန်ကုန်မြို့ MJN ခန်းမ၌ ဒီဇင်ဘာ ၄ ရက်က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းနိုင်က ၎င်းအား ဆယ်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် အကြိမ်ကြိမ်တရားစွဲဆိုမှုကြောင့် လူမှုစီးပွားဘဝ ထိခိုက်နစ်နာကြောင်း တရားစွဲဆိုခြင်းခံရသူ ဦးဇော်ဇော်အောင်က ပြောသည်။

"အခုဆိုရင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်က ကျွန်တော့်ကို တရားစွဲတယ်၊ ကျွန်တော်တို့ကတော့ မတရားပုဒ်မလို့ ယူဆတယ်ဗျ၊ ၆၆(ဃ)ဆိုတာ သတင်းမီဒီယာသမားတွေ၊ ကျွန်တော်တို့ တက်ကြွတဲ့ သူတွေကို အချိန်မရွေးထောင်ထဲ ထည့်လိုက်နိုင်တဲ့ ဥပဒေတစ်ခုလို့ ကျွန်တော်ရှုမြင်တယ်။ ကျွန်တော့်ကို ထောင်ထဲရောက်အောင်လုပ်တာ ဒီဟာနဲ့ဆို ဒုတိယအကြိမ်ပါ၊ ပထမအကြိမ်က ၂၀၁၆ နိုဝင်ဘာလမှာ ထောင်ထဲ လေးလနေခဲ့ရတယ်။ နောက်တော့ ရုပ်သိမ်းသွားတယ်။ လက်ရှိအချိန်မှာလည်း ကျွန်တော့်ကို ၆၆(ဃ)နဲ့ ပြန်စွဲပါတယ်။ ပြန်စွဲတဲ့နေရာမှာ ရဲစခန်းကိုတင်တဲ့ အထောက်အထားတွေထဲမှာ ၂၀၁၆ က ကိစ္စတွေ ပြန်ပါနေတယ်"ဟု ၎င်းကပြောသည်။

ဆယ်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့်တရားစွဲသည့်ကိစ္စမှာ ရပ်ကွက်လမ်းခင်းရာတွင် အမှိုက်ပုံသည့်ကိစ္စအား လူမှုကွန်ရက်တွင် ရေးသားခြင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲနှင့်စပ်လျဉ်း၍ ရေးသားသည့်ကိစ္စများအား တရားစွဲဆိုခြင်းဖြစ်ကြောင်း ဦးဇော်ဇော်အောင်က ထပ်မံပြောဆိုသည်။

"ကျွန်တော်တို့ရပ်ကွက်မှာ လမ်းခင်းတော့ အမှိုက်တွေ ပုံထားတယ်။ ဒါကမြေကြီးဖို့ရမှာ ဘာဖြစ်လို့ အမှိုက်ပုံတာလဲ။ ကျွန်တော်က မြေကြီးပုံရမယ့် နေရာမှာ အမှိုက်ပုံလို့ ကျွန်တော်လွှတ်တော်ကိုယ်စားလှယ်တွေဆီ အကြောင်းကြားတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ စည်ပင်ကို မေးပေးပါဆိုပြီး facebook မှာ စတေးတပ်တင်တယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်နဲ့ ဦးသိန်းနိုင် စည်ပင်ကနေ လမ်းခင်းမယ့် နေရာမှာ အမှိုက်တွေလာပုံထားတယ် ပျော်ရဲ့လားလို့ မေးပေးပါလို့ တင်လိုက်တယ်။ နောက်တစ်ခုက ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲတစ်ခုမှာ ပြည်သူက အောက်မှာ ထိုင်နေတော့ ကျွန်တော်တို့ ပြည်သူတွေရဲ့ ဘဝဟာ အလုပ်မှုဆောင်တွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကိုတောင် မော်ဖူးနေရပြီလားဗျာဆိုပြီး စတေးတပ်တင်တယ်။ ၂၀၁၈ မှာ ဝေဖန်တာ ဒီနှစ်ခုပဲ ရှိတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတရားစွဲဆိုထားသည့် အမှုအပြင် ဦးဇော်ဇော်အောင်အား ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်ကလည်း ၆၆(ဃ)ဖြင့် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်က တရားစွဲဆိုခဲ့ပြီး ထောင်ထဲတွင် လေးလခန့် နေခဲ့ရပြီး ၂၀၁၇ တွင် ပြန်လည် လွတ်မြောက်လာခဲ့ကြောင်း သိရသည်။ ယခုအခါ Pyi Thein account ဖြင့် ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် 'ပြည်သူတွေဘဝဟာ ကိုယ်စားလှယ်နှင့်အလုပ်အမှုဆောင် Level လောက်ကိုတောင် မော်ဖူးနေရပြီလားဗျာ' ဟူသော အကြောင်းအရာကို ဓာတ်ပုံနှင့်တကွ ဖော်ပြခဲ့မှုနှင့် ရပ်ကွက်လမ်း မြေဖို့သည့် ကိစ္စတွင် လွှတ်တော်ကိုယ်စားလှယ်အား ဝေဖန်ပြောဆိုမှု စသည့်အကြောင်းအရာများကို ထည့်သွင်းတိုင်ကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၏ လက်ကိုင်ဖုန်းအား ဒီဇင်ဘာ ၄ ရက်က ဆယ်သွယ်မေးမြန်းခဲ့သော်လည်း ဆက်သွယ်၍ မရခဲ့ပေ။

**ကိုငှက်ခါး**

## စီးပွားရေးကျွန်းစိုက်ခင်းကြောင့် သစ်ခိုးမှု များလာဟုဆို

**မင်းတုန်း၊ ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့ ညောင်ပင်သာကျေးရွာမှတစ်ဆင့် သစ်တောဦးစီးဌာန၏ အပြောင်းရှင်းစီးပွားဖြစ် ကျွန်းစိုက်ခင်းသို့ ကားလမ်းဖောက်နေမှုကို ဒေသခံ သစ်တောချစ်သူများက ကန့်ကွက်နေသော်လည်း ဆက်လက်လုပ်ဆောင်နေသည်ဟု သိရသည်။

"ဒီကားလမ်းကြောင့် မနှစ်ကလည်း ဆည်ရဲ့ အနောက်ဘက် နိမ့်သွားတယ်။ ဆည်က စပါးတန်း ညောင်ပင်သာ ကြပ်ဝကလယ်အတွက် ရေအသုံးပြုရတာ ကြပ်ဝက ကမ္ဘာ့ဘဏ်ချေးငွေဆိုတဲ့ လူထုဗဟိုပြုကလုပ်ပေးတဲ့ ရွာသုံးရေတွင်းလည်း ပျက်တော့မယ်။ ကားလမ်းကြောင့်။ အဲဒါကြောင့် မဖောက်စေချင်ဘူး။ အဲဒီလမ်းက သစ်ခိုးထုတ်ဖို့ ဖောက်တာ။ စိုက်ခင်းကလည်း အောင်မြင်တယ်လို့ မထင်ဘူး။ အပင်မပြည့်ဘူး။ ဦးစီးနဲ့ ပေါင်းပြီး ရွာကလုပ်စားနေကြလူလည်တစ်ဦးတို့ရဲ့ အကြံ။ ဒါကြောင့် ကန့်ကွက်ရတာပါ"ဟု ဆည်ကော်မတီဥက္ကဋ္ဌ ဦးငွေလွင်က ပြောသည်။

သစ်တောဦးစီးဌာနက လမ်းဖောက်လုပ်ခြင်းသည် ဒေသအတွင်း နေပြည်သူများ ထင်းခြောက်နှင့်ဝါးများ လွယ်ကူစေရန် သစ်တောစိုက်ခင်းကို အထက်လူကြီးများ လွယ်ကူစွာ ကြည့်ရှုစစ်ဆေးနိုင်ရန် စိုက်ခင်းမှ ပင်ကျပ် ထုတ်လုပ်ရန် စိုက်ခင်းဟောင်းနှင့် အသစ်သို့ လုပ်သားများ လွယ်ကူစွာ သွားလာနိုင်ရန်ဟု အကြောင်းပြစာတစ်စောင်အား မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့်ထိုရွာသုံးရွာသို့ စာထုတ်ပြန်ခဲ့သည်။

"စိုက်ခင်းကြောင့် သစ်ခိုးမှုလွယ်သွားတယ်။ ခိုးလည်းခိုးကြတယ်။ လူစိမ်းတွေပါ စိုက်ခင်းကို ရောက်လာကြတယ်။ ရွာကလူတချို့လည်း သစ်ခိုးမှုနဲ့ လောလောလတ်လတ်ထောင်ထဲမှာ။ ဆည်က သိန်းတစ်ထောင်လောက် ကုန်ကျထားတာဖြစ်တယ်။ အောင်မြင်လား၊ အပင်ပြည့်လား လိုက်ပြနိုင်ပါတယ်။ နိုင်ငံတော်အစိုးရကို ငွေထုတ်လိမ်စားနေတာ"ဟု ဦးငွေလွင်က ပြောသည်။

သစ်တောဦးစီးဌာနသို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူအများက အပြောင်းရှင်းစိုက်ခင်းမလုပ်ရန် တားမြစ်သော်လည်း ဆက်လက်လုပ်ဆောင်နေပြီး ၂၀၁၉/၂၀၂၀ စိုက်ခင်းသစ်ကိုလည်းသစ်တောအပြောင်းရှင်းဦးမည်ဟု သိရသည့်အတွက် ဒေသခံများက တောအိုကြီးများကိုမှီခိုနေရသောကြောင့် သဘောမတူဘဲ ဆက်လက် ကန့်ကွက်သွားမည်ဟု သိရသည်။

**ထန်းထန်း(မဲဇလီ)**

The SPEAKER news journal Cartoon



# ရိုးရိုးလေးမိသားစု အထက(၁) ဗဟန်း နံ့ရံကျောင်း ပညာရည်ချွန် ဆုပေးပွဲသို့ ၂၅ သိန်း လှူဒါန်း



**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ဒီဇင်ဘာ ပထမပတ်တွင် ရိုးရိုးလေး မိသားစုမှ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အထက(၁) ဗဟန်း နံ့ရံကျောင်း ပညာရည် ချွန်ဆုပေးပွဲသို့ ကျပ် ၂၅သိန်း လှူဒါန်းခဲ့သည်။

ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်း နှစ်ပတ်လည်နေ့တွင် အခမ်းမြေးဆွဲမည့် တောင်တက်မော်တော်ယာဉ် အသင်းသို့လည်း ကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း ဦးနေထက်သိန်းနိုင်က Speaker သို့ ပြောသည်။

"တောင်တက် မော်တော်ယာဉ်အသင်းကို ၁၀ သိန်းလှူတဲ့အပြင် ဘုရားဖူးတွေကိုလည်း စတုဒိသာ ကောက်ညှင်းပေါင်းနဲ့ ရေသန့်ဘူးတွေ လှူဒါန်းမှာပါ။ တစ်နိုင်ငံလုံးက ဘုရားဖူးတွေကို ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

ရိုးရိုးလေးမိသားစုမှ ၂၀၁၈ ခုနှစ်အတွင်း ကျပ်သိန်း ၅၀၀၀ ကျော်ကို မွန်ပြည်နယ်၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍပေါင်းစုံအတွက် လှူဒါန်းခဲ့ကြောင်းနှင့် ငါးနှစ်အတွင်းကျပ်သိန်းခြောက်သောင်းကျော် လှူဒါန်းခဲ့ကြောင်း ပြောဆိုသည်။

# လိုင်စင်မဲ့ မော်တော်ယာဉ်များကိုလူမှုကူညီရေးအသင်းများအတွက် တရားဝင်လိုင်စင်ရရန်ဆောင်ရွက်ပေးမည်ဆိုပါက တည်ဆဲဥပဒေ ကို ဖောက်ဖျက်ရာရောက်ကြောင်း ပို့/ဆက် ဒုဝန်ကြီးပြော

**နေပြည်တော်၊ ဒီဇင်ဘာ ၄**

တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များကို လူမှုရေးကူညီမှုအသင်းများအတွက် တရားဝင် လိုင်စင်ရရှိရန် ဆောင်ရွက်ပေးမည်ဆိုလျှင် တည်ဆဲဥပဒေကို ဖောက်ဖျက်ရာရောက်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုးက ပြောသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး အဋ္ဌမနေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုးက ပြောကြားခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးကူညီမှုအသင်းအဖွဲ့များ လက်ရှိအမှန်တကယ် အသုံးပြုနေသည့် မော်တော်ယာဉ်များ တရားဝင် အသုံးပြုခွင့်ရရှိရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောကြားခဲ့ခြင်းဖြစ်သည်။

"နောင်တွင်လည်းအလားတူ ထပ်မံ၍ ဖောက်ဖျက်ရန် အလေ့အထသဖွယ် ကျင့်သုံးလာမည်ဖြစ်ခြင်း၊ တရားမဝင်တင်သွင်းမှုကို အားပေးရာရောက်မည်ဖြစ်ခြင်း၊ အိမ်နီးချင်းနိုင်ငံမှ ခိုးသွင်းလာသောယာဉ်များ ဖြစ်ပါကလည်း ကန့်ကွက် တားမြစ်ခြင်းများကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် မလိုလားအပ်သော ကိစ္စများ ရှုပ်ထွေးလာနိုင်ခြင်းစသည့် မလိုလားအပ်သော အခြေအနေများနှင့် ရင်ဆိုင်ရမှာဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများသက်သာစွာဖြင့် ကားစီးနိုင်စေရန်ဖြေလျှော့မှုများဖြင့် တရားဝင်တင်သွင်းခွင့်များ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ တစ်ဖက်မှ တရားမဝင်တင်သွင်းသုံးစွဲမှု အလေးထားဦးတည်ဆောင်ရွက်နေကြောင်း ၎င်းကပြောသည်။

ထို့ကြောင့် တာဝန်သိပြည်သူများကလည်း တရားမဝင် ယာဉ်တင်သွင်းသုံးစွဲမှုများကို တိုက်ဖျက်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဒုတိယဝန်ကြီးဦးကျော်မျိုးက ဆက်လက်ပြောကြားသည်။

နိုင်ငံတော်အနေဖြင့် နာရေးကိစ္စရပ်များတွင် အသုံးပြုရန်အတွက် တရားမဝင် နိဗ္ဗာန်ယာဉ်များကို ၂၀၁၄ ခုနှစ်တွင် ပြည်သူ့ဝန်ဆောင်မှုဖြင့် HSE အဖြစ် မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့သော်လည်း တရားမဝင်လူမှုရေးယာဉ်များကိုတစ်ကြိမ်မျှ မှတ်ပုံတင်ဆောင်ရွက်ပေးခြင်း မရှိခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"ဒါ့ကြောင့်လည်း လူမှုရေးယာဉ်များမလုံမလောက်ဖြစ်ပြီး မှတ်ပုံတင်မဲ့ယာဉ်များကို အလျဉ်းသင့်သလို သုံးစွဲခြင်းဖြစ်ရာ နိုင်ငံတော်၏ စနစ်တကျရှိမှုနဲ့ တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေလျက်ရှိသည်ဟု သုံးသပ်ရရှိပါတယ်"ဟု ဦးကျော်မျိုးကဆိုသည်။

သို့ရာတွင်မှတ်ပုံတင်မဲ့ လူမှုရေးယာဉ်များကို OSS စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ပေးရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတစ်ခုတည်းသာမက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ လုပ်ငန်းစီမံချက်ရေးဆွဲကာ ပြည်ထောင်စု အစိုးရအဖွဲ့၏ မူဝါဒလမ်းညွှန် အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည့် ကိစ္စမျိုးဖြစ်ကြောင်း သိရသည်။

**အေးအေးဟန်**

# တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သည့်ကျောင်းသားများ တက္ကသိုလ်ဝင်ခွင့်ရရန် တောင်းဆို

**မန္တလေး၊ ဒီဇင်ဘာ ၄**

တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ထားသည့် ကျောင်းသားများက မည်သည့် တက္ကသိုလ်မှ ကျောင်းဝင်ခွင့်မရရှိသဖြင့် ထပ်တိုးများပြန်လည်ခေါ်ယူပေးရန်နှင့် ကြေညာချက်များအတိုင်း ကျောင်းသားအရေအတွက်ကို ပြည့်မီအောင်ခေါ်ပေးရန် ကျောင်းသားများက တောင်းဆိုလိုက်သည်။

ဒီဇင်ဘာ ၂ ရက်က မန္တလေးလူထုစင်တာမှာ ရှင်းလင်းပွဲ ပြုလုပ်တောင်းဆိုခဲ့တာဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ယင်းမာပင်စသည့်မြို့များမှ ကျောင်းသားမိဘများနှင့် ကျောင်းသားများ တက်ရောက်ခဲ့ကြသည်။ ပြောင်းလဲလိုက်သည့် တက္ကသိုလ်ဝင်ခွင့် စနစ်ကြောင့် ဘာသာစုံ အမှတ်ပေါင်း ၅၀၀ကျော်ဖြင့် ဘာသာစုံဂုဏ်ထူးရရှိထားသည့် ကျောင်းသား၂၁၇ ယောက်မှာ မည်သည့် တက္ကသိုလ်ကိုမျှ တက်ရောက်ခွင့်မရှိသေးကြောင်း ကျောင်းသားမိဘတစ်ဦးဖြစ်သူ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သင်္ချာဌာနမှ တွဲဖက်ပါမောက္ခ ဦးစန်းလွင်ကပြောသည်။

ဝင်ခွင့်မရရှိသည့် ကျောင်းသားများသည် ဆေးတက္ကသိုလ်တစ်ခုတည်းကိုသာ ဦးတိုက်လျှောက်ထားခဲ့သည့် ကျောင်းသားများဖြစ်သည်။

"တခြားကျောင်းသားတွေက ဆေးတက္ကသိုလ်ကိုလည်း လျှောက်တယ်။နည်းပညာတက္ကသိုလ်ကိုလည်း လျှောက်တယ်။ သူကနှစ်ကျောင်းစလုံးမှာ ဝင်ခွင့်ရနေတော့ သူတက်ချင်တဲ့နည်းပညာကိုပဲ သွားတယ်။ ဆေးကျောင်းကို မတက်တော့ဘူး။ အဲဒီလို ထပ်နေတဲ့ ကျောင်းသားတွေ အများကြီးရှိတယ်။ အဲ့ဒီတော့ လစ်လပ်သွားတဲ့နေရာတွေမှာ ကျွန်တော်တို့သားသမီးတွေ တကယ်ဝါသနာပါပြီး အရည်အချင်း ပြည့်မီတဲ့ ကလေးတွေကို waiting list ပြန်ခေါ်ပေးစေချင်ပါတယ်" ဟု ဦးစန်းလွင်က ပြောသည်။

တက္ကသိုလ်ဝင်ခွင့်ကို ထပ်တိုးများပြန်လည်ခေါ်ယူပေးရန်နှင့် တခြားသော အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ဝင်ရောက်ခွင့်ပြုရန် တောင်းဆိုခဲ့ကြသည်။

"ဒီနှစ်က တက္ကသိုလ်ဝင်ခွင့်စနစ်ပြောင်းလဲသွားတယ်။ ဝင်ခွင့်ရမှတ် မတရား မြင့်တက်သွားတယ်(တစ်နည်းအားဖြင့် ယောက်ျားလေးဆို ၁၂ မှတ်တိတိ မြင့်တက်သွားတဲ့အခါ ) ကျွန်တော်တို့မှာ ဒီရဲ့ပုတ်ခတ်မှုတွေကို ခံနေရပါတယ်"ဟု ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ပြီး စုစုပေါင်းရမှတ် ၅၀၃မှတ်ရရှိထားသူ မောင်ကျော်ဇံလွင်က ပြောသည်။

ကျောင်းသားများ တက္ကသိုလ်ဝင်ခွင့်ရရှိစေရန်အတွက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် ပြည်ထောင်စု ဝန်ကြီးများရုံးသို့ စာများပေးပို့တောင်းခံထားကြောင်း သိရသည်။

"ငါးကျောင်းစလုံးပေါင်းလို့ ၁၁၉၇ ယောက်မပြည့်ခဲ့ရင် ၁၂၀၀ ပြည့်အောင်ခေါ်ပေးပါ။ ၁၂၀၀ပြည့်လို့ ကိုယ့်သားသမီးမပါရင် ကျွန်တော်တို့ခံသာတယ်"ဟု ဦးစန်းလွင်က ပြောသည်။

**ဖြိုးအိ**




# မန္တလေး ဆရာစံဈေးကို အကြီးစားအဆင့်မြင့် တည်ဆောက်မည်

**မန္တလေး၊ ဒီဇင်ဘာ ၄**

မန္တလေးမြို့ရှိ ဆရာစံဈေးကို အကြီးစား အဆင့်မြင့်တင် တည်ဆောက်မှုများ ပြုလုပ်သွားမည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မန္တလေးမြို့ရှိ ၇၉ လမ်း၊ ၈ လမ်းနှင့် ၁၀လမ်းကြားရှိ ဆရာစံဈေးမှာ မန္တလေးမြို့ ဈေးငယ်များတွင် ဝယ်ယူမှုအများဆုံး ဈေးထဲတွင် ပါဝင်ပြီး ၁၉၉၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သက်တမ်းကြာမြင့်သည့် ဈေးတစ်ခု ဖြစ်သည်။

"အကြီးစားပြုပြင်မှု ပြုလုပ်မယ်။ စနစ်တကျ နေရာချမှုတွေ လုပ်သွားမယ်၊ စည်းကမ်းတကျ ဖြစ်အောင် ပြန်လုပ်သွားမယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

အဆိုပါဈေးမှာ လက်ရှိတွင် ပျက်စီးယိုယွင်းမှုများဖြစ်ပေါ်နေသောကြောင့် အဆင့်မြင့်တင်များ ပြုလုပ်နိုင်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးမှုများကို နိုဝင်ဘာ တတိယပတ်တွင် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဆရာစံဈေးတွင် ထပ်တိုးဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၁၀၀၀ကျော်ခန့်ရှိပြီး ပုံကျဈေးသည် ၉၅၀ခန့်ရှိကြောင်း သိရသည်။ ဆရာစံဈေးသည် မီးရထားလမ်းဘေးတွင် တည်ရှိနေပြီး ယင်းလမ်းဘေးတွင် ရောင်းချသည့် ဈေးသည်များကိုလည်း ဈေးပတ်လည်တွင် စနစ်တကျ ရောင်းချနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဒေါက်တာရဲလွင်က ပြောသည်။

"နောက်နှစ် မိုးမကျခင် အချိန်မီပြီးဖို့ ဆွေးနွေး ညွှန်ကြားထားတယ်"ဟု ဒေါက်တာရဲလွင်က ပြောသည်။

ယခု ဘတ်ဂျက်ကာလအတွင်း ဆရာစံဈေး တောင်ဘက်၊ မြောက်ဘက် ကွန်ကရစ်လမ်းခင်းခြင်း၊ ဈေးပြင်ပ အတည်ပုံကျဈေးဆိုင်ခန်းများ တည်ဆောက်ခြင်း၊ ဈေးအပြင်ဘက် ရေမြောင်းများ Precast Drains with Cover တည်ဆောက်ခြင်းများ၊ ဈေးအတွင်း ရေမြောင်းငယ်များပြုပြင်ခြင်း၊ ဈေးရုံအလိုက် တောင်ဘက်ကစပြီး တစ်ဆင့်ခြင်းဆောက်လုပ်ပေးခြင်းဖြင့် အဆင့်မြင့်တင်မည် ဖြစ်ကြောင်း သိရသည်။ ဆရာစံဈေးသည်ယခင်သရဲဘူတာရုံအနောက်ဘက် လမ်းမပေါ်တွင် တည်ခင်းရောင်းချသော ပုံကျဈေးကလေးဖြစ်ပြီး ဆရာစံဘောလုံးကွင်းနေရာ၌ ဝင်းခြံခတ်ပြီး အတည်ဆိုင်ခန်း၊ ပုံကျဆိုင်ခန်းများ ဆောက်လုပ်၍ ဆရာစံဈေးအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းတွင် ကုန်စည်နှင့်စားသောက်ကုန်များကို ရောင်းချနေသည့် ဈေးပေါင်း ၄၉ဈေးရှိပြီး ယခုဘဏ္ဍာနှစ်တွင် မန္တလေးမြို့ရှိ သက်တမ်းကြာမြင့်နေပြီဖြစ်သော ဈေးကြီးလေးဈေး၏ ပျက်စီးနေသည့် အစိတ်အပိုင်းများကို ပြုပြင်သွားမည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဖြိုးအိ**

www.free4readers.com

www.free4readers.com



The SPEAKER သတင်းဂျာနယ်
news journal

အယ်ဒီတာချုပ် - အွန်လိုင်းဝဏ္ဏ
wunna.online@gmail.com
တာဝန်ခံအယ်ဒီတာ - နှင်းမောင်ဦး
ဥပဒေအကြံပေး - ဦးသိန်းသန်းဦး
(တရားလွှတ်တော်ရှေ့နေ)
B.Sc(R.L)
- ဦးနေလ
(B.A Law)LL.B
အကြီးတန်းသတင်းထောက် - သက်မှူး
- ဇော်ဇော်ထွန်း(ရွှေထီး)
- ကိုဘုန်း
- ကိုငှက်ခါး
နယ်သတင်းထောက် - ထန်းထန်း(မဲဇလီ)
- နေမင်း
ဓာတ်ပုံအယ်ဒီတာ - ဇော်မင်းနိုင်(ဒီပဲယင်း)
မန္တလေးသတင်းအဖွဲ့ - ယဉ်ယဉ်ခန့်(တာဝန်ခံ)၊
- ဖြိုးအိနိုင်
စာပြင် - ဇေဝင်းနိုင်
လိုဂို - ဒီဇိုင်းသိန်းလွင်
ဒီဇိုင်း - မျိုးမင်း (တာဝန်ခံ)
- ခိုင်မျိုးလွင်
- မင်းခန့်
နေပြည်တော်သတင်းအဖွဲ့ - အေးအေးဟန်
- သဉ္ဇာထွန်း
- သီဟရဲရင့်(ဖြန့်ချိရေး)
အမှတ်(၄၀၅)၊ ချယ်ရီလမ်း၊
- ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်။
ဖုန်း- ၀၉ ၉၇၇၇၄၈၅၅၅
၀၉၇၇၇၇၄၉၅၅၅
ကြော်ငြာ - နန့်ဂျိုးစလင်းဂျွန်
၀၉ ၉၇၁၉၃၁၇၃၃
- နော်ဂလိုရီယာ
၀၉ ၂၅၄၄၁၀၄၉၂
ထုတ်ဝေသူ - ဦးဝဏ္ဏ (၀၁၉၀၁)
အမှတ်(၂၂)၊ ဦးဖိုးရွှေလမ်း၊
ဆရာစံမြောက်
(အနောက်ရပ်ကွက်)
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ် - အလင်္ကာဝတ်ရည်
(၀၀၉၇၈)
အမှတ်(၁၃၅)၊
လုံးသွယ် (၁)လမ်း၊
(၂၉)ရပ်ကွက်၊
သုဝဏ္ဏမြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - ဇော်ဇော်ထွန်း၊ ဖြိုးကိုကို
ဖုန်း - ၀၉ ၇၈၀၉၄၉၉၉၇
၀၉ ၇၇၃၈၉၁၄၈၄
ရန်ကုန်ရုံးအဖွဲ့ - ဖြိုးဖြိုး

အမှတ်(၅)၊ ပုညဝဆုနလမ်း၊
မလွှကုန်းဌေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ရုံးဖုန်း - ၀၁-၅၅၉၀၂၄
၀၉- ၇၇၇၇၄၈၅၅၅၊ ၀၉- ၉၇၇၇၄၉၅၅၅၊
E-mail-thespeakernewsjournal@gmail.com

# ကားပါကင်အခက်အခဲဖြေရှင်းရန် ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်းပြီး Smart ကားပါကင် ဆောင်ရွက်ရန်စီစဉ်

**နေပြည်တော်၊ ဒီဇင်ဘာ ၄**

ရန်ကုန်မြို့အတွင်း ကားပါကင်အခက်အခဲကိုဖြေရှင်းရန် ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်း၍ Smart ကားပါကင်လုပ်ငန်းဆောင်ရွက်ရန် စီစဉ်နေကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုးက ပြောသည်။

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးအောင်ကျော်ကျော်ဦးမေးခွန်းဖြစ်သည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုပြဿနာနှင့် ကားပါကင် အခက်အခဲကို ဖြေရှင်းရန် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဖြေကြားခဲ့ခြင်း ဖြစ်သည်။

"ကားပါကင် အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် လမ်းမကြီးများတွင် လမ်းနယ်နိမိတ်များ တိုးချဲ့၍ ယာဉ်ရပ်နားနေရာများ တည်ဆောက်ပေးလျက်ရှိပြီး မြို့တွင်း၊ မြို့နယ်များတွင် ပုဂ္ဂလိက ကုမ္ပဏီများနှင့်ပူးပေါင်း၍ Smart ကားပါကင် လုပ်ငန်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်" ဟု ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောသည်။

ထို့ပြင် အဆောက်အအုံများ ဆောက်လုပ်ရာတွင် အဆောက်အအုံ အသုံးပြုမှု အလိုက် ကားပါကင်များ လုံလောက်စွာ စနစ်တကျထည့်သွင်းတည်ဆောက်ရန် မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့တော်စည်ပင် သာယာရေးဥပဒေအသစ်ကို ၂၀၁၈ ဇွန်လတွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ဥပဒေအသက်ဝင်လာပြီဖြစ်၍ လမ်းမများပေါ်တွင် စည်းကမ်းမဲ့ယာဉ်ရပ်နားခြင်း၊ မောင်းနှင်ခြင်းနှင့် လမ်းပေါ်နှင့် လမ်းဘေးဈေးသည်များကို ယင်းဥပဒေပါပြဋ္ဌာန်းချက်များဖြင့် ပိုမိုထိရောက်စွာ အရေးယူနိုင်မည်ဖြစ်ကြောင်း ဦးကျော်မျိုးက ပြောသည်။

ခရီးသည်တင်ယာဉ်များစနစ်တကျရှိစေရေးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရမှ YBS စနစ်သစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် YBS ယာဉ်လိုင်းပေါင်းတစ်ရာဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

"လူဦးရေနှင့်လိုက်လျောညီထွေမည့် အများပြည်သူ သယ်ယူပို့ဆောင်ရေး စနစ်များ ပေါ်ပေါက်လာစေရန် ရေရှည်စီမံချက်ချပြီး လုပ်ဆောင်ပေးခြင်းဖြင့် အများပြည်သူသုံးစနစ် တိုးတက်ကောင်းမွန်လာခြင်း၊ ကိုယ်ပိုင်ကား အသုံးပြုမှု လျော့ပါးစေခြင်းတို့ဖြင့် ယာဉ်ကြောကျပ်တည်းမှု ပြဿနာနဲ့ ကားပါကင်ပြဿနာများ ဖြေရှင်းသွားနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်" ဟု ဒုတိဝန်ကြီး ဦးကျော်မျိုးက ဆိုသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလကုန်အထိ မြန်မာတစ်နိုင်ငံလုံးတွင် လူစီးမော်တော်ယာဉ် အစီးရေ ၁,၀၆၀,၀၀၀ ကျော်အထိ တိုးတက်ခဲ့ပြီး ၎င်းတို့အနက် ရန်ကုန်မြို့တွင် မှတ်ပုံတင်ထားပြီး သွားလာအသုံးပြုနေသည့် လူစီးမော်တော်ယာဉ် ၅၃၀,၀၀၀ ကျော်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**အေးအေးဟန်**

# ပြည်ပချေးငွေ ချေးယူရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အများဆုံးဟုစီမံ/ဘဏ္ဍာဒုဝန်ကြီးပြော

**နေပြည်တော်၊ ဒီဇင်ဘာ ၄**

ပြည်ပချေးငွေအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းချေးယူမှုတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အများဆုံးဖြစ်နေကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံအနေဖြင့် ပြည်ပချေးငွေ ထုတ်ယူမှုနှင့် ပေးဆပ်မှုအခြေအနေများအရ နိုင်ငံအဖွဲ့အစည်းအလိုက်တွင် ကမ္ဘာ့ဘဏ်ကချေးငွေ အများဆုံးထုတ်ယူသုံးစွဲခဲ့ပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ပေးဆပ်မှုအများဆုံးဖြစ်နေကြောင်း ဦးမောင်မောင်ဝင်းက ပြောသည်။

"ဝန်ကြီးဌာန အဖွဲ့အစည်းအလိုက်မှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ချေးငွေ အများဆုံးထုတ်ယူခဲ့ပြီးတော့ ပေးဆပ်မှုမှာလည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကပဲ အများဆုံးဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကပြောသည်။

ယင်းဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသည် ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ ၆၉၆ ဒသမ ၈၉၈ သန်း ထုတ်ယူသုံးစွဲခဲ့ပြီး ပြည်ပချေးငွေထုတ်ယူမှုတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြည်ပချေးငွေမှာ အများဆုံးဖြစ်နေကြောင်း သိရသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်ပကြွေးမြီ အမေရိကန်ဒေါ်လာ၁၆၂၀ ဒသမ ၇၆၄သန်း ပေးဆပ်ရန်ရှိပြီး ဒုတိယအနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ပကြွေးမြီ အမေရိကန်ဒေါ်လာ ၁၆၉၁ဒသမ ၆၁၉ သန်းရှိနေကြောင်း သိရသည်။

"စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနကတော့ တစ်ဆင့်ပြန်လည်ချေးရင်းနဲ့ တာဝန်ခံရတဲ့အတွက်သူ့မှာ ပမာဏများနေသော်လည်း တကယ်အသုံးပြုမှု အပိုင်းကတော့ လျှပ်စစ်နဲ့ ပို့ဆောင် ဆက်သွယ်ရေး၊ နောက်တစ်ခုကစက်မှုကဏ္ဍတွေအတွက်ဆိုရင် ကြွေးမြီပေးဆပ်ဖို့ အများဆုံး ကျန်ရှိနေတာကိုတွေ့ရပါတယ်" ဟု ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ပြောသည်။

၂၀၁၈ခုနှစ် မတ်အထိမြန်မာနိုင်ငံ၏လက်ရှိ ပြည်ပကြွေးမြီ အမေရိကန်ဒေါ်လာ ၁၀၂၀၀ ဒသမ ၁၂၀သန်းနှင့် ပြည်တွင်းကြွေးမြီ ကျပ်ဘီလီယံ ၂၀၇၂၄ ဒသမ ၆ဘီလီယံပေးဆပ်ရန် ကျန်ရှိနေကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရ အဖွဲ့မှရယူသုံးစွဲခဲ့သော ပြည်တွင်း ပြည်ပချေးငွေနှစ်ရပ်ပေါင်းကျပ် ၈၉၄၉ဘီလီယံသည် ၂၀၁၇ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရသုံးဆိုင်ရာ ဥပဒေပါချေးယူခွင့်ပြုငွေကျပ် ဘီလီယံ ၅၂၀၀ ထက်ပိုနေကြောင်း ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအရသိရသည်။

**အေးအေးဟန်**

# ပြည်ပသို့ တင်ပို့မည့် ကျွဲ၊ နွားများ၏ ကျန်းမာရေးစစ်ဆေးခများကို ပြည်ထောင်စု အစိုးရအဖွဲ့ ရန်ပုံငွေသို့ ပေးသွင်း

**နေပြည်တော်၊ ဒီဇင်ဘာ ၄**

ပြည်ပသို့ တင်ပို့မည့် ကျွဲ၊ နွားများ၏ ကျန်းမာရေးစစ်ဆေးသည့် အခကြေးငွေကို ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေသို့ ပေးသွင်းလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောသည်။

ပြည်တွင်းပြည်ပသို့ တင်ပို့နေသော ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ မွေးမြူရေးခြံလုပ်ငန်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း တို့အတွက်ရရှိသော အခကြေးငွေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရရန်ပုံငွေသို့ ပေးသွင်းစေကြောင်း သိရသည်။

"ရောဂါကင်းရှင်းတဲ့ ကျွဲ၊ နွားများတင်ပို့နိုင်ရေးအတွက်ကိုလည်း ယူနန်ပြည်နယ် ကုန်ပစ္စည်း အရည်အသွေးထိန်းချုပ်ရေး စစ်ဆေးရေးနဲ့ ပိုးမွှားကင်းစင်ရေး အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့နဲ့ မြန်မာနိုင်ငံမွေးမြူရေးနဲ့ ကုသရေးဦးစီးဌာန တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်အောင် ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်"ဟု ဒုတိယဝန်ကြီးဦးအောင်ထူးက ဆိုသည်။

ပြည်သူ့လွှတ်တော် သတ္တမနေ့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၏ ပြည်တွင်းပြည်ပသို့တင်ပို့ရောင်းချနေသော ကျွဲ၊ နွားများအား ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့မှ မည်သို့စီမံခန့်ခွဲပြီး မည်သို့ခွင့်ပြုထားသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောကြားလိုက်ခြင်း ဖြစ်သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၆ရက်ထိ ပြည်ပသို့ တင်ပို့ခဲ့သည့် ကျွဲနှင့် နွားစုစုပေါင်းကောင်ရေ နှစ်သိန်းကျော်ရှိပြီဖြစ်ပြီး တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၂၆၁ သန်း ကျော် ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ကျွဲ၊ နွားများကို ထိုင်းနိုင်ငံသို့ မှောင်ခိုဈေးကွက်၊ တရားမဝင် လမ်းကြောင်းတို့မှ တစ်ဆင့်၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်မှစ၍ တင်ပို့နေသည်များ တွေ့သည့်အပြင် တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကိုလည်း တရားမဝင်တင်ပို့လျက် ရှိကြောင်း မြေပြင်သတင်းများအရ သိရကြောင်း ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောသည်။

ထို့ကြောင့် ကျွဲ၊ နွားအရှင်များ ပြည်ပသို့တရားမဝင်တင်ပို့မှု လျော့နည်းစေပြီး နိုင်ငံတော်၏ ပို့ကုန်ဝင်ငွေနှင့် အခွန်တိုးမြှင့်ရရှိစေရန် တရားဝင်တင်ပို့ခြင်းအားဖြင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊ နယ်စပ်ဖြတ်ကျော် ကူးစက်ရောဂါများ ထိန်းချုပ်နိုင်ရန် ပြည်ပသို့ တင်ပို့ခွင့် ပြုခဲ့ကြောင်း သိရသည်။

"တောင်သူလယ်သမားများအနေနဲ့ ကျွဲ၊ နွားများ ပြည်ပတင်ပို့ရောင်းချမှုက ရရှိတဲ့ ဝင်ငွေနဲ့ မိသားစု စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေဖို့စတဲ့ ရည်ရွယ်ချက်များနဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပေါင်းစပ်ပြီး ကျွဲ၊ နွားတင်ပို့ရောင်းချခွင့်ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ရက်က အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇) ခွင့်ပြုပေးခဲ့ပါတယ်" ဟု ဦးအောင်ထူးက ပြောသည်။

ကျွဲ၊ နွားအရှင်များကို တင်ပို့ခြင်းနှင့် မွေးမြူထုတ်လုပ်ခြင်း ကဏ္ဍနှစ်ရပ်ဖြင့် ပြည်ပသို့ တင်ပို့သည့် လုပ်ငန်းစဉ်နှစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် တိရစ္ဆာန်သန်းခေါင်စာရင်း ကောက်ယူခြင်း ရှေ့ပြေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကိန်းဂဏန်းအရ ကျွဲကောင်ရေ ၁၈ သိန်း၊ နွားကောင်ရေ ၉၇ သိန်း စုစုပေါင်းကောင်ရေ ၁၁၅ သိန်းရှိကြောင်း သိရသည်။

**အေးအေးဟန်**

www.free4readers.com



# နိုင်ငံပေါင်း ၁၇၀ ကျော်တွင် အသုံးပြုနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဆုံး ပလက်တီနမ် ငွေပေးချေကတ်ကို MAB ဘဏ်မှ စတင်ထုတ်လုပ်

**ရန်ကုန်၊ ဒီဇင်ဘာ ၃**

နိုင်ငံပေါင်း ၁၇၀ ကျော်တွင် အသုံးပြုနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဆုံး ပလက်တီနမ်ငွေပေးချေကတ်ကို MAB ဘဏ်မှ စတင်ထုတ်လုပ်ကြောင်း ဒီဇင်ဘာ ၃ ရက်တွင်သိရသည်။

အဆိုပါ ကတ်ကို MAB Bank အနေဖြင့် နိုင်ငံတကာ ငွေပေးချေမှုကွန်ရက်ဖြစ်သော UnionPay International (UPI) နှင့် Myanmar Payment Union (MPU) နှင့်အတူပူးပေါင်းပြီး ပထမဆုံးပူးတွဲ ပလက်တီနမ်ငွေပေးချေကတ်(MPU Union Pay Platinum Debit card)ကို မြန်မာပြည်တွင် ထုတ်လုပ်ခြင်းဖြစ်ကြောင်းသိရသည်။

MAB ဘဏ်၏ Head of Consumer Banking မှ Executive Vice President ဖြစ်သူ Gary Voon က "ဒီ ပူးပေါင်းခြင်းက ကျွန်တော်တို့ရဲ့ ဘဏ်ဝန်ဆောင်မှုကို အသုံးပြုသူတွေကို ကမ္ဘာတစ်ဝန်းမှာ Debit ကတ်တွေ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ အနာဂတ်မှာလည်း ကျွန်တော်တို့ရဲ့ ဘဏ်ဝန်ဆောင်မှုကို အသုံးပြုသူတွေ ပိုမိုချိတ်ဆက်နိုင်ဖို့ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုအသစ်တွေကို ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ ကတ်ကို ပြည်တွင်းပြည်ပတွင် အသုံးပြုနိုင်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ATM စက်များတွင် ငွေထုတ်ပါက တစ်ရက်လျှင် ငွေကျပ် ၁၀ သိန်း ထုတ်နိုင်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပ POS စက်များတွင် အသုံးပြုပါက တစ်ရက်လျှင် ငွေကျပ် သိန်း ၅၀ သုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။ UPIနှင့်ချိတ်ဆက်ထားသည့်အတွက် အဆိုပါကတ် အသုံးပြုသူများသည် ကမ္ဘာတစ်ဝန်းရှိ ကုန်သည်ပေါင်း ၁၃၀၀၀ ထံမှ အထူးအကျိုးခံစားခွင့်များ ရရှိနိုင်သည့်အပြင် ကုန်သည်ပေါင်း ၅၁ သန်းထံတွင် ငွေပေးချေမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာတစ်ဝန်းရှိ ATM စက် ၂ ဒသမ ၆ သန်းတွင် ငွေထုတ်ယူဝန်ဆောင်မှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ လုံခြုံမှုရှိသော EMV Standard Chip ပြားနည်းပညာ စနစ်အားအသုံးပြုထားခြင်းကြောင့် အထူးအခွင့်အရေး ခံစားခွင့်များအား ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများတွင်ပါ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ထက်သာနိုင်**

# (၁၃) ကြိမ်မြောက် ၁၁၉ ဆိုင် ဖက်ရှင်ဆိုင်ခွဲ ဖွင့်လှစ်

**ရန်ကုန်၊ ဒီဇင်ဘာ ၃**

၁၁၉ ဖက်ရှင်ဆိုင်၏ (၁၃) ကြိမ်မြောက် ဆိုင်ခွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာ၌ ဒီဇင်ဘာ ၂ ရက်က ဖွင့်လှစ်ခဲ့ပြီး Project K အဖွဲ့မှ တက်ရောက်ခဲ့ကြောင်း သိရသည်။

"အခုက ၁၁၉ ရဲ့ (၁၃) ကြိမ်မြောက် ဆိုင်ခွဲကို ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။ ဒီမှာ နေထိုင်တဲ့သူတွေ လူသုံးကုန်ပစ္စည်း ဝယ်ယူတဲ့ နေရာမှာ ပိုမိုအဆင်ပြေအောင်လို့ ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။ နောက်ထပ်လည်း နေပြည်တော်၊ မန္တလေးမှာလည်း ဖွင့်လှစ်သွားဖို့ အစီအစဉ် ရှိပါတယ်။ ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အနေနဲ့ ဈေးလျှော့ရောင်းချမှုတွေလည်း ရှိပါတယ်။ အလှကုန်ပစ္စည်းတွေကိုတော့ ငါးရာခိုင်နှုန်း လျှော့ပေးပါတယ်"ဟု ၁၁၉ ဖက်ရှင်ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၁၁၉ ဆိုင်သို့ သရုပ်ဆောင် သင်ဇာဝင့်ကျော်၊ နွယ်နွယ်ထွန်း၊ J Naw တို့ အပြင် အခြားသော အနုပညာရှင်များမှလည်း ဖိတ်ကြားခြင်းခံရသည့်အတွက် တက်ရောက်ခဲ့ကြောင်း၊ ဆိုင်ဖွင့်ပွဲနေ့တွင် Project K အဖွဲ့မှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။ **ထက်သာနိုင်**






. . . ဂမ္ဘီရ . . .
ဆရာ ဝမ ဦးခင်မောင်
မြန်မာပြည်သားတွေ မပူနဲ့
ဗေဒင်-သိပ္ပံလက္ခဏာ
အချစ်ရေး၊ အိမ်ထောင်ရေး ဓာတ်ရိုက်
ဓာတ်ဆင်ပြုပေးသည်။
ဆိုင်အမှတ် (၁၃)၊ ရွှေဘုန်းပွင့်ဘုရား။
ပုဇွန်တောင်မြို့နယ်။
Ph: 09-428201125

ဆရာဦးကြည်စမ်း(သချ်ာ) ဦးစီးသော....
အရဟံ ဗုဒ္ဓါ
ကောင်းဆုဝေ + ကောင်းမြတ်ဝေ
စာသင်ဝိုင်းများ၊ နေ့တက်နှင့် ဘော်ဒါ
၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ၊
ဂု၊ ၈၊ ၉၊ ၁၀တန်း ⟶ စာသင်ဝိုင်းများ၊ နေ့စာက်ဘော်ဒါနှင့် ဘော်ဒါ
(နေ့တက်ဘော်ဒါများအတွက် ကျောင်းကား ကြို/ပို့ စီစဉ်ထားပါသည်။)
အမှတ် - ၂၀၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉ ၇၃၂၀၇၈၄၁၊ ၀၉ ၄၃၁၀၉၁၄၄၊ ၀၉ ၇၉၈၄၄၉၃၀၄၊ ၀၉ ၇၉၈၄၄၉၃၀၅။

NL NEW LIFE
ယိုးဒယားအသားကင်နှင့်ငါးခြစ်သား
ထုတ်လုပ်ဖြန့်ချိရေး
အမှတ်-၄၊ ပဒုမ္မာလမ်း၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ ရန်ကုန်မြို့။
Ph : 09-49275767, 09-5101650,
09-5416313, 0973181191

☞ မော်လမြိုင်က "အစား" ဆိုရိုးစကား တကယ်မှန်ရဲ့လား ☜
*ကရင်ပြည်နယ်မှာ မွေးဖွားကြီးပြင်းပြီး၊ မွန်ပြည်နယ် မော်လမြိုင်မြို့က ယောက္ခမအိမ်မှာ နှစ်တော်တော်ကြာအောင် အတူတကွ နေထိုင်ရင်း၊ မြန်မာထမင်း ဟင်းချက်ပြုတ်နည်းတွေကို သင်ယူတတ်မြောက် ကျွမ်းကျင်ခဲ့ပါတယ်။ ငါးသလောက်ဥချက်၊ ငါးသလဲထိုးဟင်း၊ မြစ်ငါးဒန်ဆီပြန်ဟင်း၊ ငါးဘတ်အရိုးလွတ်မွှေ၊ ငါးခူကြော်နှပ်၊ ငါးကလေးကြော်၊ ဂဏန်းချဉ်စပ်ဟင်း၊ ပုဇွန်(ချို/စပ်)၊ ငါးရှဥ့်ဟင်း၊ ဖားကလေးကြွပ်ကြွပ်ကြော်၊ ငါးနှပ်ဟင်း၊ ကြက်သားမရမ်းပြားပြုပ်၊ ပိန်းဥမျှစ်ချဉ်၊ သီးစုံကုလားပဲဟင်း၊ မျှစ်တာလပေါ၊ ခရမ်းသီး အစာသိပ်၊ ကြက်ဟင်းခါးသီးကြော်၊ ချဉ်ပေါင်ကြော်၊ ဝက်မျှစ်ချဉ်၊ ကြက်ဆီပြန်၊ အမဲသားဟင်း၊ ငါးပိရည်တို့စရာစုံနဲ့ ခံတွင်းတွေ့အောင် စီမံထားပါတယ်။ **"မိသားစုထမင်းဝိုင်း" တောမက-မြို့မကျ ထမင်းဆိုင်မှာ** ထိုင်စားချင်စား၊ ပါဆယ်ဝယ်ချင်ဝယ်။ နေ့စဉ် နံနက်(၈)နာရီမှ ည(၈)နာရီအထိသာ၊ **အမှတ်(၈၄၃) ဦးဝိစာရလမ်း၊ (၃၄) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း ၀၉-၅၀၆၂၈၄၃ ၊ ၀၉-၅၁၇၇၆၂၂။**
**[ လတ်ဆတ်သန့်ရှင်း၊ ဈေးနှုန်းသက်သာ၊ အရသာကောင်းမွန် ]**

ကြော်ငြာကိစ္စများ ဆက်သွယ်လိုပါက
ဖုန်း- **၀၉ ၂၅၀၀၇၈၃၇၇၊ ၀၉ ၂၅၄၄၁၀၄၉၂၊ ၀၉ ၉၇၁၉၃၁၇၃၃** တို့သို့ ဆက်သွယ်နိုင်ပါသည်။

The Speaker news journal

# ခါးပတ်တကွင်း လမ်းတစင်း

## မြန်မာ့အကျိုးစီးပွား အသာရစေဖို့

ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲ ကောက်နုတ်ချက် အပိုင်း - ၂




နိုဝင်ဘာ ၁၈ ရက်က မန္တလေးမြို့တွင် ပြုလုပ်ခဲ့သော ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲ၌ ပြောဆိုဆွေးနွေးခဲ့ကြသည့် အကြောင်းအရာ ကောက်နုတ်ချက်များဖြစ်ပါသည်။

ယခင်အပတ်မှအဆက်

### စိတ်ပူပန်စရာတွေ ပါလာတယ်

ဦးသိန်းသန်းဦး(အထွေထွေအတွင်းရေးမှူး၊
မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း)

ဒီကိစ္စတခုလုံးက Interest & Concern အကျိုးစီးပွားနဲ့အတူတူ စိတ်ပူပင်စရာတွေ ပါလာတယ်။ နိုင်ငံတကာနဲ့ ဆက်ဆံတဲ့အခါမှာ ကျနော်တို့ဘက်က ကိုယ့်တိုင်းပြည်ကို ကာကွယ်ဖို့၊ ကိုယ့်အကျိုးစီးပွား ကာကွယ်ဖို့ ဘယ်လောက် အဆင်သင့်ဖြစ်တဲ့ ဥပဒေတွေရှိလဲဆိုတာ လိုလာတယ်။ အဲဒီအချက်က ကျနော် တော်တော်စိတ်ပူတယ်လို့ပြောရမယ်။ တဖက်က ကျနော့်ဘေးမှာ ဒေါက်တာသန့်စင်မောင်ထားပြီးတော့ ပြောရတာလည်း အားနာပါတယ်။ သဘောရိုးပြောရရင် ကျနော်မယုံကြည်ဘူး။

ဒီကိစ္စမှာ ကျနော်တို့ဘက်က တော်တော်ဂရုစိုက်ရမယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်ပြည်နဲ့ပတ်သက်တဲ့ ခါးသီးတဲ့အတွေ့အကြုံတွေ ကျနော်တို့ရှိနေတယ်။ ဥပမာအားဖြင့် ၁၉၈၈ လူထုအရေးတော်ပုံကြီးကို သွေးချောင်းစီးသတ်ဖြတ်မှုနဲ့ စစ်အာဏာရှင်တွေ တက်လာတော့ ဒီနေ့အထိ သူတို့သက်ဆိုးရှည်အောင် ကျားကန်ကန်ပေးနေတာ တရုတ်ပဲဖြစ်တယ်။ ကျနော့်နှလုံးသားထဲမှာ အဲဒီအမုန်းစိတ် အခုထိရှိနေသေးတယ်။ သို့ရာတွင် ကျနော်တို့ နိုင်ငံရေးလုပ်တယ်၊ စီးပွားရေးလုပ်တယ်ဆိုတာ စိတ်ခံစားချက်နဲ့လုပ်လို့မရတော့ ကျော်ကြည့်တော့ ကျနော်တို့အတွက် အခွင့်အလမ်းပဲဖြစ်တယ်။ ဒါက သိပ်ကြီးကျယ်တယ်လို့ ကျနော်ယူဆတယ်။ ကျနော်တို့ လုပ်ရမယ်။ လုပ်မယ်ဆိုတဲ့အခါမှာ Partner ကိုကြည့်တော့ ကျနော်ကြောက်တယ်။ လက်ပံတောင်းမှာ ကျနော်တို့ ကြုံခဲ့ရပြီးပြီ။ လက်ပံတောင်းတောင်မှာ မိုင်းလုပ်တဲ့အခါ ဖြစ်ပျက်နေတဲ့စာချုပ်တွေ ကျနော်တို့မသိဘူး။ ယနေ့ အချိန်ထိလည်း မသိရသေးဘူး။ ဦးပိုင်နဲ့ချုပ်ထားတဲ့ စာချုပ် ဘာတွေပါမှန်းမသိဘူး။ နောက် လက်ပံတောင်းမှာ ဘုန်းကြီးတွေ၊ သံဃာတော်တွေကို မီးလောင်ဗုံးနဲ့ ပူဇော်တယ်။

အဲဒီလိုအဖြစ်အပျက်တွေ ဖြစ်ပြီးတော့ လူထုကြီးက တုံ့ပြန်လာတော့မှ စာချုပ်ထဲမှာ တကယ့်ကို တိုင်းချစ်ပြည်ချစ် ကုမ္ပဏီကြီးဖြစ်တဲ့ ဦးပိုင်နဲ့ တရုတ်တွေက ၈၀ ရာခိုင်နှုန်းလောက်ယူထားတာ ဖြစ်တယ်။ နိုင်ငံတော်လို့ သူတို့ပြောနေတဲ့ နိုင်ငံတော်က ၈ ရာခိုင်နှုန်းလောက်ပဲ ရတယ်။ အခု လူထုကတိုက်ပွဲဆင်တော့မှ ပေါ်လာပြီးတော့ ၅၀ စီ ဖြစ်လာတာဖြစ်တယ်။ ဒါတွေ ကျနော်တို့ သိခွင့်မရခဲ့ဘူး။ တရုတ်ကိုကြောက်ပါတယ်ဆိုတဲ့ လူတွေ လက်ထဲမှာ ကျနော်တို့ ဖြစ်ခဲ့ကြရတာဖြစ်တယ်။ အဲဒီလို အနေအထားမှာ ကျနော်တို့ စာချုပ်ချုပ်ရတော့မယ်။ နိုင်ငံတကာကို ကြည့်ပြန်တော့လည်း ဒါတွေပြောသွားပါပြီ။ ဦးအောင်နိုင်ဦးလည်း ပြောသွားပြီးပြီ။ သီရိလင်္ကာမှာ ဆိပ်ကမ်းထိုးအပ်လိုက်ရတယ်။ ၉၉ ဒသမ ၂ ပေးလိုက်ရတယ်။ အာဖရိကမှာ အဲဒီလိုအနေအထားတွေ တွေ့တယ်။

ကျနော် ဘာကိုထပ်ပြီးတော့ စိုးရိမ်လဲဆိုတော့ ကောင်းပြီ၊ တရုတ်ပြည်က နိုင်ငံတကာကျင့်ထုံးတွေကို မလိုက်နာတာ၊ ငါတို့ကို အချဉ်လုပ်တာပဲလို့ ထင်ခဲ့တာရှိတယ်။ ၂၀၁၄ မှာ ပီကင်းနဲ့ကူမင်းမှာ ကျင်းပတဲ့ တရုတ်ရှေ့နေတွေညီလာခံကို ကျနော်တို့ တက်ခဲ့ရတယ်။ ကူမင်းနဲ့ ခုနစ်မိုင်ဝေးတဲ့ နန်နင်းဆိုတဲ့ မြို့ကလေးကို ရောက်တယ်။ အဲဒီမှာ စက်မှုလုပ်ငန်း ၂၀၀ ကျော်ရှိတယ်။ အဲဒီထဲက ရေဆိုးတွေ၊ Pollution တွေကို ယန်စီမြစ်နဲ့ဆက်နေတဲ့ ချောင်းထဲကို သွန်ချတယ်။ မဂ္ဂနီစီယမ်၊ ကော့ပါး၊ ကိုဘော့၊ တ ်စတင်ပါတယ်၊ အများကြီးပဲ ဖြစ်တယ်။ ဘာဖြစ်ကုန်လဲဆိုတော့ ချောင်းနဲ့ဆက်နေတဲ့ ယန်စီမြစ်ကြီးက မပြောတော့ဘူး၊ ဖြူကုန်ပြီ။ ကူမင်းမြို့လယ်ခေါင်မှာ Green Lake လို့ခေါ်တဲ့ ကန်စိမ်းကြီးက ငါးတွေ အကုန်သေနေတယ်။ သူ့နိုင်ငံမှာလည်း ဒီလိုပဲ လုပ်တာပဲ။ သုံးထပ်တိုက်တွေ ဘူဒိုဇာနဲ့ထိုးချတယ်။ လူတွေ ကိုယ့်ကိုယ်ကို သတ်သေကြတယ်။ မီးရှို့ပြီးတော့ သတ်သေတယ်။ ကျနော် သူတို့နဲ့ဆက်ဆံရမှာ တော်တော်စိုးရိမ်တယ်။

ကျနော်တို့ ဘက်ကဖြစ်ရင် အရင်တုန်းက တရုတ်အားကိုး ပုဆိန်ရိုး၊ တရုတ်ကြောက်တဲ့သူတွေလို၊ တိုင်းပြည်ဘာဖြစ်ဖြစ်လို့ မလုပ်ဘဲနဲ့၊ ကျနော်ယုံကြည်ပါတယ်။ ဒါ လူထုအစိုးရနဲ့ ကျနော်တို့အစိုးရပဲ၊ အဲဒီမှာ ပညာရှင်တွေပါတယ်။ အဲဒီလိုပညာရှင်တွေက စနစ်တကျ လုပ်ဖို့လိုတယ်။ ဒီစကြီလမ်းတွေလာရင် မြေသိမ်းတဲ့ကိစ္စ၊ ရွှာပြောင်းတဲ့ကိစ္စတွေ ပေါ်မယ်။ သဘာဝပတ်ဝန်းကျင်ကို ကျနော်နားမလည်ဘူး။ မြေသိမ်းတဲ့အခါမှာ ၁၈၉၄ မြေသိမ်းဥပဒေရှိတယ်။ အဲဒီ ဥပဒေကြီးကိုလည်းပဲ အခု လွှတ်တော်က ပြင်ဖို့ကြံနေပြီ။ ဒီဥပဒေက အင်္ဂလိပ်နယ်ချဲ့သမား၊ ကိုလိုနီနယ်ချဲ့သမားက ပြဌာန်းပေမဲ့ သူ့ကြီးတော်မျိုး၊ ကျနော်မျိုး နိုင်ငံသားတွေကို တကယ့်ကို တိုင်းသူပြည်သားကို လူလိုသဘောထားပြီးတော့ ပေးထားတာဖြစ်တယ်။ လျော်ကြေး၊ တရားစွဲပိုင်ခွင့် အဲဒါတွေကို စစ်အာဏာရှင် အဆက်ဆက်လက်ထက်က အင်မတန်မုန်းတာဖြစ်တယ်။ ဒါ နယ်ချဲ့ခေတ်က ဥပဒေပါ၊ ခေတ်မမီတော့ပါဘူးပြောပြီး ဖျက်ဖို့ပြင်နေတာ၊ အဲဒီ ထောင်ချောက်ထဲကို အခု ကျနော်တို့လူတွေ ဝင်နေကြတယ်။ ဝင်နေကြတော့ အဲဒါကို ကျနော်စိတ်ပူပါတယ်။ အမျိုးသားမြေအသုံးချမှုမူဝါဒအပေါ်မှာ စိတ်ပူပါတယ်။ မြေသိမ်းတဲ့ကိစ္စတွေမှာ စိတ်ပူတယ်။ ဒီဟာကို အခွင့်အလမ်းတရပ်အနေနဲ့ လုပ်သင့်တယ်။ လုပ်မယ်ဆိုရင်တော့ ကိုယ့်နိုင်ငံသားတွေ အကျိုးစီးပွား ထိခိုက်မှုမရှိအောင် ဥပဒေတွေ စနစ်တကျ ပြင်ဆင်သင့်တယ်။ အကျိုးစီးပွားနဲ့ ပတ်သက်တော့လည်း ပွင့်ပွင့်လင်းလင်း မြင်မြင်သာသာ၊ ဒါက ကိုယ်ချည်းပဲလုပ်ရတာမှ မဟုတ်တာ၊ လူထုအစိုးရပဲ ချပြစေချင်တယ်။ ဥပဒေအနေနဲ့တော့ ပိုပြီးတော့ ဂရုစိုက်လုပ်ရမယ်လို့တော့ ကျနော်ထင်ပါတယ်။

### ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေတယ်

နန်းခမ်းအေး
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် – နမ္မတူမြို့နယ်မဲဆန္ဒနယ်)

ကျမတို့က အိမ်နီးချင်းဆိုတာနဲ့ ပတ်သက်ပြီးတော့ ရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ ကောင်းကောင်းဆိုးဆိုး ဆက်ဆံရမှာ ဖြစ်ပါတယ်။ အခု အိမ်နီးချင်းနိုင်ငံကနေပြီးတော့ လာမယ့် ဒီစီမံကိန်းဟာဆိုရင် လက်နက်ကိုင်ပဋိပက္ခတွေ ပြင်းထန်နေတဲ့ ကျမတို့ ရှမ်းပြည်နယ်မြောက်ပိုင်းကို ဖြတ်မှာ ဖြစ်ပါတယ်။ အဲဒီအတွက် အဲဒီ မြောက်ပိုင်းမှာ ရှိနေတဲ့ ပြည်သူလူထုတွေအတွက် အထူးဂရုစိုက်ရမယ့် အခြေအနေဖြစ်နေပါတယ်။ ပြီးတော့ ဘယ်အပိုင်းက BRI အဖြစ် သတ်မှတ်ပြီးတော့၊ ဘယ်အပိုင်းကတော့ BRI အနေနဲ့ မသတ်မှတ်ပါဘူးဆိုတဲ့ တိကျတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း မရှိပါဘူး။ ရှမ်းပြည်မှာ ဖြတ်သွားတဲ့ ရွှေဂက်စ်က တရုတ်အတွက် ဒါဟာလည်း BRI အနေနဲ့ သူသတ်မှတ်နိုင်ပါတယ်။

အဲဒါကြောင့် ကုန်သွယ်စီးဆင်းမှုမှာဆိုရင် ကုန်းလမ်း၊ ရေလမ်းတွေတောင်မက သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတွေဟာလည်း BRI အနေနဲ့ အကျုံးဝင်တဲ့ Project တွေဖြစ်ပါတယ်။ ဒီဂက်စ်ပိုက်လိုင်းတွေနဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေခံရတာကို ကျမ မျှဝေချင်ပါတယ်။ ရွှေဂက်စ်အတွက် ကျမတို့လယ်ယာမြေကို စတင်ပြီးတော့ ကွင်းဆင်းတိုင်းတာတဲ့အချိန်မှာ မြေယာနဲ့ ပတ်သက်ပြီးတော့ အားနည်းမှုရှိနေတယ်။ ပြီးတော့ ရှိနေတဲ့ဥပဒေကို အကောင်အထည်ဖော်ဖို့ ခက်ခဲနေတဲ့အတွက်ကြောင့် ကျမတို့ ရှမ်းပြည်နယ်မှာ လယ်မြေတွေ၊ ယာမြေတွေကို စတိုင်းတဲ့အချိန်မှာ ပြဿနာနဲ့ ဦးဆုံးရင်ဆိုင်ရပါတယ်။ မြေပိုင်ရှင်တွေ ကိုယ်တိုင်က မြေတိုင်းတာတဲ့နေရာမှာ ပါပေမယ့်လည်း စာမတတ်တဲ့အတွက်ကြောင့် သူတို့ ရှိရင်းစွဲ မြေယာအတိုင်း ဖော်ပြခံရခြင်းမရှိပါဘူး။ မြေယာလျော်ကြေးပေးတဲ့အချိန်မှာ ရတဲ့လျော်ကြေးရဲ့ ၂၀ ရာခိုင်နှုန်းကို ခေါင်းပုံဖြတ် အမြတ်ထုတ်ခံနေရတာတွေ ရှိတယ်။ အဲဒီအကျိုးဆက်အနေနဲ့ အဲဒီဒေသမှာရှိနေတဲ့ သူတွေဟာ အချို့ဆိုရင် အခုထိ နေရပ်မပြန်နိုင်တာတွေ ရှိနေပါတယ်။ အဲဒါကြောင့် ဒီစီမံကိန်းကို အကောင်အထည်ဖော်လိုက်တဲ့အချိန်ကစပြီးတော့ စည်းလုံးညီညွတ်မှုရှိနေတဲ့ ကျမတို့ လူ့အသိုင်းအဝိုင်းဟာ စတင်ပြီးတော့ ပြိုပျက်သွားပါတယ်။ ဒီဂက်စ်ပိုက်လိုင်း ဖြတ်သွားမယ့်နေရာတွေမှာ မြစ်ရှိတဲ့နေရာတွေမှာ မြစ်ကြောင်းပြောင်းရွှေ့မှုတွေ လုပ်ရပါတယ်။ အဲဒီလို မြစ်ကြောင်းပြောင်းရွှေ့မှုနားမှာရှိနေတဲ့ ခြံတွေကို ပွင့်လင်းမြင်သာမှုလုံးဝမရှိဘဲနဲ့ အဲဒီခြံတွေ၊ မြေကွက်တွေကို ကြိုးအနီတွေနဲ့ သွားတားထားပါတယ်။ ပြီးတော့ သူတို့ရဲ့ တရုတ်ဆိုက်ကို ခေါ်သွားပြီးတော့ ဗမာစာတလုံးမှ ရေးမထားတဲ့ တရုတ်စာတွေမှာ လက်မှတ်ထိုးခိုင်းပြီးတော့ အနည်းငယ်သောနစ်နာမှုတွေကိုပေးတာလည်း ကျမတို့ ခံခဲ့ကြရပါတယ်။ လုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာ အဲဒီဒေသမှာရှိနေတဲ့ ပြည်သူလူထုတွေကလည်း အလုပ်အကိုင်အခွင့်အလမ်း ရရှိဖို့ဆိုတာ အရမ်းနည်းပါတယ်။

ရတဲ့သူတွေကလည်း ထိုက်ထိုက်တန်တန် အကျိုးအမြတ် မရရှိပါဘူး။ အဲဒါကြောင့် ဒီစီမံကိန်းကို အကောင်အထည်ဖော်နေတဲ့ ဇာတ်ကောင်တွေနဲ့ လူ့အခွင့်အရေးဆိုတာ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေပါတယ်။ ဒီစီမံကိန်းအတွက် ကျမတို့က ဒီနယ်နိမိတ်ထိစပ်နေတာကို မြန်မာနိုင်ငံအနေနဲ့ အားသာချက်အနေနဲ့ အသုံးပြုရမယ်ဆိုပေမဲ့ ကျမတို့က နယ်နိမိတ်ထိစပ်တာနဲ့ ပေးဆပ်ရတာတွေက ပိုပြီးများနေပါတယ်။ ရှမ်းပြည်မှာရှိနေတဲ့ သစ်တောတွေ မတရားထုတ်ယူတဲ့အတွက်ကြောင့် သစ်တောဖုံးလွှမ်းမှု ဧရိယာတွေ အရမ်းနည်းသွားတယ်။ ဓာတ်သတ္တုသယံဇာတတွေကို ဥပဒေမဲ့ ပရမ်းပတာ ထုတ်သွားတဲ့အတွက်ကြောင့် ဘာဝပတ်ဝန်းကျင်ရဲ့ ဆိုးကျိုးတွေကို ကျမတို့ခံခဲ့ရတယ်။ အဲဒါအပြင် မူးယစ်ဆေးဝါးတွေလည်း ပိုပြီးတော့ ပေါများလာပါတယ်။ ဒီစီမံကိန်း ပြီးသွားတဲ့အချိန်မှာ ဒီဂက်စ်ပိုက်လိုင်းတကြောမှာဆိုရင် လက်နက်ကိုင်အဖွဲ့အစည်းတွေ ပိုပြီးများလာပါတယ်။ ပိုပြီးများလာတဲ့အပြင် ပဋိပက္ခတွေ ပိုပြီးတော့ ပြင်းထန်လာတယ်။ အခုထိလည်း တိုက်ပွဲတွေ ရှိနေပါတယ်။ ဒါကတော့ ဘယ်လက်နက်ကိုင်လဲဆိုတာကို

www.free4readers.com



ကျမအတိအကျတော့ မပြောတော့ပါဘူး။ အဲဒီအတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက OBOR ကို ငြိမ်းချမ်းရေးလမ်းကြောင်းသာ ဖြစ်သင့်ပါတယ်လို့ သုံးသွားပါတယ်။ ဒါဆိုရင် ဖြစ်သင့်တယ်ဆိုတော့ ဒီဂက်စ်နဲ့ပတ်သက်ပြီး ဖြစ်သွားတာက ငြိမ်းချမ်းရေး လမ်းကြောင်း မဟုတ်ဘူးဆိုပြီးတော့ သူမီးမောင်းထိုးပြသလို ဖြစ်နေပါတယ်။ ကျမတို့ လူသားတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဂက်စ်ပိုက်လိုင်းဖြတ်တဲ့နေရာမှာ နစ်နာခံရတဲ့ ဒေသတွေဟာ ကြီးပွားချမ်းသာရမယ်ဆိုပေမဲ့ ကျမတို့ ဒေသတွေဟာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက် ရှိနေပါတယ်။ အဲဒါကြောင့် ကျမပြည်နယ်မှာရှိနေတဲ့ ပြည်သူတွေက လက်နက်ကိုင်ပဋိပက္ခတွေ များနေတဲ့ ဒေသမှာ ဂက်စ်ပိုက်လိုင်းထက်ကြီးမားတဲ့ စီမံကိန်း ထွက်ပေါ်လာမှာကို စိုးရိမ်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီစီမံကိန်းတွေကြောင့် နယ်နမိတ် အပိုင်းအခြားများကို အပြောင်းအလဲဖြစ်နိုင်မလားဆိုတာကို စိုးရိမ်နေတယ်။ ပြီးတော့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့နောက်ကွယ်မှာ ပုန်းနေတဲ့ နိုင်ငံရေးလှည့်ကွက်နဲ့ စစ်ဘီလူးတွေရဲ့ ရန်ကလည်း ကာကွယ်ပေးဖို့ လိုအပ်တယ်ဆိုပြီးတော့ ဆန္ဒရှိနေပါတယ်။

အဲဒါကြောင့် ဒီ OBOR ခါးပတ်တကွင်း၊ လမ်းတစင်းအနေနဲ့ မမြင်ကြဘဲနဲ့ ပိုးလိုးနူးညံ့သိမ်မွေ့တဲ့ ပိုးလမ်းမလို့လည်း ခံစားလို့မရပါဘူး။ ဒီလမ်းကြောင်းဟာဆိုရင် ကျမတို့ ရှမ်းပြည်နယ်အတွက် ခေတ်သစ်ကိုလိုနီလက်နက်တခုသာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျမတို့ ရှမ်းပြည်နယ်ရဲ့ ပြည်သူတွေက ဒီတရုတ်အကျိုးစီးပွားအတွက် ဗဟိုပြုနေတဲ့ ဒီပင့်ကူအိမ်မှာ ရုန်းထွက်မရနိုင်တဲ့ ယင်ကောင်တွေနဲ့ တူနေပါတယ်။ အဲဒီအတွက်ကြောင့် ကျမက မြန်မာနိုင်ငံအကျိုးစီးပွား အသာရဖို့ဆိုတာထက် ကျမတို့ရှမ်းပြည် အနာမရဖို့ကို ပိုပြီးတော့ ဦးတည်ပြီးတော့ ဖြစ်စေချင်ပါတယ်။

## သမိုင်းသင်ခန်းစာ ယူရမယ်

**ကိုမော်ထွန်းအောင် (မြန်မာနိုင်ငံဆိုင်ရာမန်နေဂျာ၊**
**Natural Resource Governance Institute)**

ကျနော့်အနေနဲ့ ဒီ BRI ပြောတဲ့နေရာမှာ အနာဂတ်ကိုသွားမယ်ဆိုရင် သမိုင်းကို သင်ခန်းစာယူလေ့ရှိတယ်။ ကျနော်တို့ ယူရမယ့် အတိတ်ကလည်း သိပ်မဝေးသေးပါဘူး။ ၂၀၀၈၊ ၂၀၁၀၊ ၂၀၁၁ အဲ့လောက်တုန်းက ဝင်လာခဲ့တဲ့ တရုတ်ပြည်ရဲ့ ရင်းနှီးမြှုပ်နှံမှု၊ အထူးသဖြင့် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး အပြီးမှာ ချုပ်ခဲ့တဲ့ စာချုပ်စာတမ်းတွေရဲ့ သက်ရောက်မှုကို ကျနော်တို့ အခုအချိန်ထိခံစားနေရတာပဲ ဖြစ်ပါတယ်။ ဥပမာ လက်ပံတောင်း၊ မြစ်ဆုံတို့ဆိုရင် အဲ့နောက်ပိုင်းမှာ သဘာဝသယံဇာတမှာ မူဝါဒပြုပြင်ပြောင်းလဲရေး လုပ်တဲ့အခါမှာ ဘာတွေ့ရလဲဆိုတော့ ကျနော်တို့ ငယ်ငယ်တုန်းက စာသင်ခဲ့ရသလိုပဲ ရွှဲကုန်သည်၊ ရွှေခွက်က ရေညှိတက်နေတယ်။ မြေအဖွားက ရွှဲကုန်သည် လာတဲ့အခါမှာ တန်ရာတန်ကြေးပေးပါလို့ ဆိုတဲ့အခါမှာ စိတ်ထားမကောင်းတဲ့ ရွှဲကုန်သည် ဒါကိုကြည့်ပြီးတော့ ရွှေဖြစ်နေမှန်းသိတဲ့အခါမှာ အလကားရလိုစိတ်နဲ့ မင်းတို့ဟာက ဘာမှမတန်ဘူးဆိုပြီး ပစ်ချပြီးတော့ ထွက်သွားတဲ့အခါမှာ စိတ်သဘောထားကောင်းတဲ့ ရွှဲကုန်သည်က လာပြီးတော့ ရွှေခွက်ကြီး ဖြစ်တဲ့အတွက်ကြောင့် သူ့မှာရှိတာ အားလုံးပေးပြီးတော့ လဲယူသွားတယ်။ သဘောက ဟောင်ကောင်ပါပေါင်းလိုက်ရင် အဲဒီထက်များပါတယ်။ ဘယ်ကဏ္ဍတွေမှာ အများဆုံးရှိနေလဲဆိုရင် Energy စွမ်းအင်ကဏ္ဍလို့ပြောတဲ့နေရာမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေ ပါတယ်။ ပိုက်လိုင်းတွေပါတယ်။ နောက် Hydro လို့ပြောရင် မဖြစ်သေးတဲ့ မြစ်ဆုံပဲ၊ တကယ်တော့ မဟုတ်ဘူး။ ရှမ်းပြည်နဲ့ ကချင်နယ်စပ်မှာရှိတဲ့ တချို့လည်ပတ်နေပြီးသား Hydro Power တွေလည်း ရှိပါတယ်။ နောက်ပိုင်း လာမယ့်ဟာတွေလည်း ရှိပါတယ်။ ရှမ်းပြည်မှာလည်း MOU ထိုးထားတာတွေ အများကြီး ရှိပါတယ်။ အဲဒီလိုမျိုးနေရာတွေမှာပဲ များနေတာကို တွေ့ရတယ်။ ဒီနေရာတွေသည် တနည်းအားဖြင့် ပြန်အသက်ဝင်လာတဲ့ စာချုပ်တွေ ဖြစ်ပါတယ်။ ဒါတွေသည် ကျနော်တို့ မေ့လို့မရတာတွေ ဖြစ်တယ်။

BRI လို့ပြောတဲ့ အခါမှာ ကျနော့်အနေနဲ့ ခုနက ဆရာ၊ ဆရာမတွေ ပြောသွားသလိုပဲ စိုးရိမ်တာတခုက ရုတ်တရက်ကြည့်လိုက်ရင်တော့ ဒါသည် Infrastructure နဲ့ Economic Coorperation လို့ခေါ်တဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလို့ ရုတ်တရက်မြင်တယ်။ ဒါပေမဲ့ ခုန ဆရာမပြောသွားသလို ဘယ်ဟာက BRI လဲဆိုတာက ကျနော်တို့ သိပ်မရှင်းလင်းဘူး။ အရာအားလုံးကို အဲဒီအောက်မှာ ဆွဲထုတ်လို့ရပါတယ်။ ၂၀၁၀ အခြေခံဥပဒေအသစ်နဲ့ ရွေးကောက်ပွဲအစိုးရတွေ မလာခင်မှာ ကျနော်တို့ တရုတ်နဲ့ထိုးခဲ့တဲ့ စာချုပ်စာတမ်းတွေ အများကြီးရှိပါတယ်။ Internet ပေါ်မှာလည်း ပြန်ကြည့်လို့ရပါတယ်။ MOU ဖြစ်တယ်။ အဲဒါတွေ အားလုံးက ဒီ BRI အောက်မှာ ပြန်အသက်ဝင်လာမလားဆိုတာ ပထမဆုံး စဉ်းစားမိတယ်။ Repackaging ဆိုပြီး နာမည်အသစ်နဲ့ ပြန်လာမလား၊ အဲဒါကို ကျနော့်အနေနဲ့ စိုးရိမ်ပါတယ်။ နောက်တခုက ကျနော်တို့နိုင်ငံရဲ့ အနေအထားက ကျနော်တို့ နိုင်ငံအနေအထားကလည်း အဲဒီလိုပါပဲ။ ကိုယ့်မှာရှိတဲ့ သယံဇာတပဲဖြစ်ဖြစ်၊ အရင်းအမြစ်ပဲဖြစ်ဖြစ်၊ ကျနော်တို့ တန်ဖိုးမသိကြပါဘူး။ တန်ဖိုးမသိကြလို့လည်း At The Mercy of Investor ရင်းနှီးမြှုပ်နှံသူတွေရဲ့ စိတ်သဘော စေတနာကောင်းရှိမှု အပေါ်မှာပဲ မူတည်ပြီးတော့ ကျနော်တို့က ရခဲ့ရတဲ့ အကျိုးအမြတ်လေးတွေ ဖြစ်ပါတယ်။ ပြန်ကြည့်လိုက်မယ်ဆိုရင် အဲဒီလိုမျိုးက ကျနော်တို့နဲ့ ဆက်သွယ်ခဲ့ရတဲ့သူတွေက ကောင်းတဲ့ ရွှဲကုန်သည်လား၊ မကောင်းတဲ့ ရွှဲကုန်သည်လားကတော့ ကျနော်တို့ ကိုယ့်ဟာကို ဆုံးဖြတ်ဖို့ဖြစ်ပါတယ်။ ဘယ်သူကကောင်းတယ်၊ မကောင်းဘူးဆိုတာတော့ ကျနော့်အနေနဲ့ ပြောလို့တော့မရပါဘူး။ ဘာလို့လဲဆိုတော့ ဒီဟာက အတိတ်ကို ပြန်ကြည့်လိုက်ရင်တော့ ဘယ်လိုဖြစ်လဲဆိုတာ ကျနော်တို့ သိရမှာဖြစ်တယ်။ နောက်တခုက တရုတ်ရဲ့ ရင်းနှီးမြှုပ်နှံမှု၊ ကျနော်တို့နဲ့ ဆက်ဆံမှုကို ပြောလိုက်ရင် ဘယ်ကဏ္ဍမှာပဲ အများဆုံးရှိနေလဲဆိုရင် တရုတ်ကအားလုံးသိတဲ့အတိုင်းပဲ စုစုပေါင်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုရဲ့ သုံးပုံတပုံကျော်က တရုတ်ဖြစ်တယ်။ ကြည့်လိုက်တဲ့ အခါမှာ ခုနက ကျနော်ပြောသလိုမျိုး ကျနော်တို့သည် ရင်းနှီးမြှုပ်နှံတဲ့သူရဲ့ သူတို့သနားမှု၊ စွန့်ကြဲမှုစားရတဲ့ စာချုပ်အနေအထားတွေ တွေ့ရမှာ ဖြစ်ပါတယ်။ Export တွေ တရုတ်ကို ဘယ်လောက်အထိ ပို့နေလဲ၊ လွန်ခဲ့တဲ့ ၂၀၁၆ မှာ ၅ ဘီလီယံကျော်၊ အခုဆိုရင် ၆ ဘီလီယံလောက် ရှိနေပြီ၊ အဲဒီလောက်ပမာဏ ရှိနေတာတွေကို ပို့ပါတယ်။ အဲဒါရဲ့ တဝက်ကျော်ကျော်လောက်က ခုနကျနော်ပြောသွားတဲ့ Sector တွေ၊ ကဏ္ဍတွေထဲက ဖြစ်နေတာကို တွေ့ရတယ်။ ဒီအချိန်မှာ ကျနော်တို့အနေနဲ့ ပြန်လုပ်သင့်တာက မစားရဝခမန်းဆိုတာကို အရင်သွားပြီးတော့ သရေယိုနေမဲ့အစား အရင်တုန်းက လုပ်ခဲ့တဲ့ Deal တွေ၊ အခုလက်ရှိ Trade Relation တွေ ဘယ်လောက်အထိကောင်းသလဲ ဆိုတာကို ပြန်ပြီးတော့ သုံးသပ်တာကို ဒီအချိန်မှာ လုပ်သင့်ပါတယ်။

ဘာလို့လဲဆိုတော့ တရုတ်ကို ကြေးနီတွေ၊ နီကယ်တွေ စပို့နေပြီ၊ နောက်တခြား သံနဲ့ဆိုင်တာတွေ၊ တခြားပို့တာတွေ တကယ်တမ်းမှာ ပမာဏက တော်တော်များပါတယ်။ ကျနော်ပြန်တွက်ကြည့်တာ တနှစ်ကို ဒေါ်လာမီလီယံ ၄၀၀ လောက်ပို့တယ်။ Oil & Gas က ၂ဒသမ၆ ဘီလီယံလောက် ပို့တယ်ဆိုတော့ ဒီဟာတွေကို ကျနော်တို့ ပြန်တွက်လို့ရပါတယ်။ ပို့လိုက်တဲ့ပမာဏကို ကျနော်တို့သိတယ်ဆိုတော့ ကျနော်တို့တိုင်းပြည်မှာ ဘယ်လောက်ရလဲ၊ Reverse Engineer လို့ပဲပြောပြော၊ Contract တွေကိုပြန်ကြည့်ပြီး တွက်လို့ရတယ်။ ဒီဟာတွေသည် ကျနော်တို့အတွက် ကောင်းကျိုးပေးနေသလား၊ တကယ်ပဲ နိုင်ငံတော်က ရသင့်ရထိုက်တာ ရနေသလား၊ ဒါလေးကိုတော့ ပထမဆုံးအရင်သုံးသပ်မှ နောက်ပိုင်းအနေအထားကို သွားလို့ရမယ်လို့တော့ ကျနော့်အနေနဲ့ မြင်ပါတယ်။

> အိမ်နီးချင်းဆိုတာနဲ့ ပတ်သက်ပြီးတော့
> ရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ ကောင်းကောင်းဆိုးဆိုး ဆက်ဆံရမှာဖြစ်ပါတယ်။
> အခု အိမ်နီးချင်းနိုင်ငံကနေပြီးတော့ လာမယ့် ဒီစီမံကိန်းဟာဆိုရင်
> လက်နက်ကိုင်ပဋိပက္ခတွေ ပြင်းထန်နေတဲ့ ကျမတို့ ရှမ်းပြည်နယ်မြောက်ပိုင်းကို
> ဖြတ်မှာ ဖြစ်ပါတယ်။ အဲဒီအတွက် အဲဒီ မြောက်ပိုင်းမှာရှိနေတဲ့
> ပြည်သူလူထုတွေအတွက် အထူးဂရုစိုက်ရမယ့် အခြေအနေဖြစ်နေပါတယ်။
> ပြီးတော့ ဘယ်အပိုင်းက BRI အဖြစ် သတ်မှတ်ပြီးတော့၊
> ဘယ်အပိုင်းကတော့ BRI အနေနဲ့ မသတ်မှတ်ပါဘူးဆိုတဲ့
> တိကျတဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်လည်း မရှိပါဘူး။

## ကောင်းသောလာခြင်း ဖြစ်မလား

**ဦးဦးလှစော**
**(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်–မြောက်ဦးမြို့နယ်မဲဆန္ဒနယ်)**

ကျောက်ဖြူမှာတော့ တရုတ်က စစ်အစိုးရလက်ထက်မှာ လုပ်ခဲ့တဲ့ ဂက်စ်ပိုက်လိုင်းတခု၊ နောက်ဒီမိုကရေစီ အစိုးရလက်ထက်မှာပဲ အကောင်အထည်ဖော်လာတဲ့ ရေနံပိုက်လိုင်းကြီး နှစ်ခုရှိတယ်။ အဲဒီနှစ်ခုနဲ့ ပတ်သက်ပြီးတော့ လူထုရဲ့အမြင်ကို တိုတိုပြောရရင် လူထုဟာ ဘာမှ ခံစားခွင့်မရှိဘူး။ တရုတ်ပြည်ဘက်က တော်တော်ဆိုးဆိုးရွားရွား ကျူးလွန်တဲ့အမှားတွေရှိပါတယ်။ ခုနက ဒေါ်နမ့်ခမ်းအေးတို့၊ ဒေါက်တာဝင်းမျိုးသူတို့ သူတို့အတွေ့အကြုံတွေ ပြောခဲ့ပြီးပါပြီ။ ရခိုင်အတွေ့အကြုံကို သင်ခန်းစာထုတ်မယ်ဆိုရင် ကျနော်တို့ကို မလေးမစားလုပ်တယ်၊ အားမနာဘူး၊ ခပ်ရိုင်းရိုင်းပြောရရင် ရိုင်းစိုင်းတယ်။ ရိုင်းစိုင်းခြင်းကို ကျနော်တွေ့ရတယ်။ နံပါတ် (၁) က တရုတ်တာဝန်ရှိတဲ့သူတွေ၊ တရုတ်ကုမ္ပဏီ တွေက ဒေသခံပြည်သူတွေကို မလေးစားဘူး။ နံပါတ် (၂) ပတ်ဝန်းကျင် သဘာဝတရားကို မလေးစားဘူး။ နံပါတ် (၃) လူသားခံစားထိုက်တဲ့၊ အလုပ်သမားတွေ ခံစားခွင့်၊ ခံစားထိုက်တဲ့ နိုင်ငံတကာစံနှုန်းတွေကို မလေးစားဘူး။

အခုလာတဲ့ BRI သည် ကောင်းသောလာခြင်းလား။ ကြုံကြိုက်လို့ပြောရရင် ဆရာမြသင်း ဘာသာပြန်ထားတဲ့ ဒီရေမြင့်သစ်ဆိုတဲ့ စာအုပ်ရှိတယ်။ ဒီရေမြင့်သစ်ကတော့ ဒုတိယအကြိမ်လာတော့မယ်။ ပထမအကြိမ် ဒီရေမြင့်သစ်ဟာ ၁၉၆၆ ပတ်ဝန်းကျင်မှာ ကမ္ဘာ့တော်လှန်ရေး တခုလုံးရဲ့ ဗဟိုချက်မဟာ ပီကင်းဖြစ်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ နိုင်ငံတကာတော်လှန်ရေး အကုန်လုံးကို တရုတ်က ထောက်ခံခဲ့တယ်။ မော်စီတုန်းလက်ထက်မှာ မအောင်မြင်ခဲ့ဘူး။ ဒုတိယအကြိမ် ဒီရေမြင့်သစ် လာတော့မယ်။ အဲဒီလာတဲ့ ဒီရေမြင့်သစ်ဟာ ကျနော်တို့ မြန်မာနိုင်ငံအတွက် မြေနုသြဇာတွေနဲ့ ရေချိုတွေကို ယူဆောင်လာမလား။ ဆူနာမီကြီးဝင်သလို ဝင်ပြီးတော့ မြန်မာလူ့အဖွဲ့အစည်းကြီးက တခါတည်း ပြောင်းလဲသွားမလားဆိုတာကိုတော့ ကျနော်တို့ စဉ်းစားရမယ်။ ကြီးမားတဲ့ စိန်ခေါ်မှုကြီးဖြစ်တယ်။ အဲဒီစိန်ခေါ်မှုထဲမှာ ကျနော်တို့က မစို့မပို့ကလေး ဟိုဟာလေး စားရမလား၊ ဒီဟာစားရမလားဆိုတာထက် ကျနော်တို့ အမျိုးသားနိုင်ငံ ပြည်ထောင်စုကြီး တရုတ်ကို ကြံ့ကြံ့ခံဖို့အတွက်

စာမျက်နှာ( ၂၂ )သို့ ➤


ဓာတ်ပုံ–ဇော်မင်းနိုင် (ဒီပဲယင်း)

www.free4readers.com




မင်းသုဝဏ်(ကွယ်လွန်) တုတ်ကောက်နှင့် ဦးကြည်မောင်(ကွယ်လွန်)၊ ဒေါ်အောင်ဆန်းစုကြည် (၁၉၈၉)

စာမျက်နှာ (၃) မှ အဆက်

အဲဒီတော့ သင့်တော်တဲ့ အရာရှိများနဲ့ စစ်ခုံရုံးဖွဲ့တဲ့အခါ ကျွန်တော်နဲ့ ပတ်သက်တဲ့ ခုံရုံးဥက္ကဋ္ဌကို တပ်မတော်(လေ)က ဒုဗိုလ်မှူးကြီး မြင့်သိန်းကို တာဝန်ပေးခဲ့ပါတယ်။ ဒုဗိုလ်မှူးကြီး မြင့်သိန်းဆိုတာက DSA အပတ်စဉ် (၇) က ပါ။ ဗိုလ်လောင်းဘဝကတည်းက သိက္ခမ်းခင်မင်ရုံမက သူ လေတပ်ရောက်လို့ မိတ္ထီလာမှာ လေယာဉ်မောင်းသင်တန်းတက်တုန်းကလည်း ကျောင်းပိတ်ရက်အတွင်း ဆုံခဲ့ကြပါတယ်။

သူက ဖော်ရွေတော့ မိတ္ထီလာက ကျွန်တော့်မိသားစုနဲ့လည်း ခင်မင်ရင်းနှီးသွားပါတယ်။ ကျွန်တော့်ညီမ နံပါတ်(၇) လက်ထပ်တော့ မိတ္ထီလာမြို့ ပေါက်ချောင်းကွက်သစ်မှာပါ။ အဲဒီနေ့မှာ သူဟာ မိတ္ထီလာက လေတပ်တစ်ခုမှာ ရှိနေတဲ့အတွက် တစ်နေကုန်လုပ်အားပေးပြီး ညီမရဲ့ မင်္ဂလာပွဲကို ကူညီခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်နဲ့ ပတ်သက်တဲ့ စစ်ခုံရုံးက ကျွန်တော့်ကို ထောင်ချရာမှာ သူက ဥက္ကဋ္ဌဖြစ်တဲ့အတွက် စစ်ခုံရုံးများနဲ့ ပတ်သက်လို့ တာဝန်ရှိတဲ့ ဗိုလ်ချုပ်ကြီး မျိုးညွန့်ကို သွားသတင်းပို့ပါသတဲ့။

ရန်ကုန်တိုင်း တိုင်းမှူးဖြစ်တဲ့ ဗိုလ်ချုပ်ကြီး မျိုးညွန့်ကို သူက ဒီလိုသတင်းပို့တယ်။ "အဘ အခုကျွန်တော် စစ်ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးခံရတယ်။ ကျွန်တော် ထောင်ချရမယ့်သူက ကျွန်တော့်အစ်ကိုလို ဖြစ်နေတဲ့ ကိုဝင်းထိန်ပါ။ သူ့ကို အဘလည်း သိပါတယ်။ ဒါကြောင့် သူ့ကို ထောင်ချရမယ့် ခုံရုံးမှာ ကျွန်တော်ဥက္ကဋ္ဌ မလုပ်ပါရစေနဲ့"ပေ့ါ။ အဲဒီအခါ ဗိုလ်ချုပ်ကြီးမျိုးညွန့်ကလည်း ထွေထွေထူးထူး မပြောတော့ဘဲ လူပြောင်းပေးလိုက်ပါတယ်။ အင်ဂျင်နီယာတပ်က ဒုဗိုလ်မှူးကြီး စန်းအောင်နဲ့ပါ။

ဒုတိယဗိုလ်မှူးကြီးစန်းအောင်နဲ့ စစ်ခုံရုံးက ကျွန်တော့်ကို ထောင်ဒဏ် ၁၀ နှစ်ချခဲ့ပါတယ်။ မြင့်သိန်းကိုတော့ ဘယ်လိုမှ အရေးမယူခဲ့ပါ။ ဒါပေမဲ့ နောက်လေးလလောက်ကြာတဲ့အခါမှာ သူ့ကို လေတပ်မှာ မထားတော့ပါဘူး။ ပြင်ပအစိုးရဌာနတစ်ခုဖြစ်တဲ့ ပြည်တွင်း လေကြောင်းပို့ဆောင်ရေးဌာနကို ညွှန်ကြားရေးမှူးအဖြစ် ပြောင်းလိုက်ပါတော့တယ်။ တကယ်တော့ ဗိုလ်မှူးကြီးမြင့်သိန်းဟာ ကျွန်တော့်အတွက်နဲ့ သူ့ဘဝတက်လမ်းကို စတေးခဲ့တာအပါ။ သူဟာ တပ်မတော်လေက အင်မတန်တော်တဲ့ လေယာဉ်မှူးတစ်ဦးပါ။ ကျွန်တော့်ကိစ္စသာ မကြုံရင် လေတပ်ဦးစီးချုပ်အထိ ဖြစ်နိုင်တဲ့ အရည်အချင်းရှိသူတစ်ယောက်ပါ။




ဦးအောင်ရွှေ(ကွယ်လွန်)၊ ဦးတင်ဦး၊ မင်းသုဝဏ်(ကွယ်လွန်)၊ ဒေါ်အောင်ဆန်းစုကြည် (၁၉၈၉)

ဒါပေမဲ့ သူဟာ သူခင်တွယ်တဲ့ တပ်မတော်(လေ)က ထွက်လိုက်ရပြီး ပြင်ပအစိုးရဌာနတစ်ခုကို ရောက်သွားခဲ့ပေမယ့် သူ့ကိုယ်သူ နစ်နာတယ်လို့ တွက်မိဟန် မတူပါဘူး။ ဘယ်သူ့ကိုမှလည်း အပြစ်မတင်ခဲ့ပါဘူး။ ရောက်တဲ့နေရာမှာပဲ ပျော်ပျော်ပါးပါးနဲ့ အမှုထမ်းပြီး တာဝန်ကျေပွန်ခဲ့တော့ ညွှန်ချုပ်အဖြစ် ရာထူးတိုးတက်ခဲ့ပြီး အငြိမ်းစားယူခဲ့ပါတယ်။ သူဟာ ယနေ့အထိ ကျန်းကျန်းမာမာနဲ့ချို့တဲ့တဲ့ မိတ်ဆွေသင်္ဂဟတွေကို တတ်နိုင်သမျှ ကူညီရင်း ကုသိုလ်တွေ စုဆောင်းနေပါတယ်။

ပရဟိတစိတ်ဓာတ်ဟာ သူ့ရဲ့ ပင်ကိုစရိုက် ဖြစ်ဟန်တူပါတယ်။ သူဟာ ဗိုလ်ကြီးဘဝနဲ့ ကက(လေ)မှာ တာဝန်ထမ်းဆောင်စဉ်က နိုင်ငံတော်ပုန်ကန်မှု ခေါင်းဆောင်တစ်ယောက်ဖြစ်ခဲ့တဲ့ ဗိုလ်ကြီးအုန်းကျော်မြင့်နဲ့ နဝရတ်ရိပ်သာမှာ တစ်တိုက်တည်း နေခဲ့ဖူးပါတယ်။ ဗိုလ်ကြီးအုန်းကျော်မြင့် အမှုဖြစ်လို့ အချုပ်နှောင် ခံရနေစဉ်မှာသော်လည်းကောင်း၊ အုန်းကျော်မြင့် ထောင်ကျဖြစ်တဲ့အခါမှာသော်လည်းကောင်း သူ့ရဲ့ ဇနီးကို အင်တိုက်အားတိုက် အကူအညီပေးခဲ့ပါတယ်။ ကိုယ့်မှာ အန္တရာယ်ဖြစ်လိမ့်မလားလို့ ဘယ်တော့မှ မတွေးခဲ့၊ မတွက်ခဲ့တဲ့သူတစ်ဦးပါ။ ဒါကြောင့် အုန်းကျော်မြင့်နဲ့ ပတ်သက်လို့ ကျွန်တော် စာအုပ်တစ်အုပ် ရေးတဲ့အခါ အဲဒီထဲမှာ သူနဲ့ပတ်သက်ပြီး 'ရွှေနှလုံးသားနဲ့လူ' သတ်မှတ်ပြီး စာတစ်စောင် ပေတစ်ဖွဲ့ ရေးခဲ့ဖူးပါတယ်။

**ချော်တောင်ပေါ်သွားပြန်ပြီ**

ကျွန်တော်က NLD အကြောင်း ရေးချင်ဇောနဲ့ စာတွေ ချော်တောင်ပေါ်သွားတာ စာရှုသူတွေကို တောင်းပန်ပါတယ်။ မူလခေါင်းစဉ်မှ အကြောင်းအရာကို ပြန်ကောက်ပါတော့မယ်။

အင်းစိန်ထောင်မှာ ရှိတုန်းကဆိုရင် အထူးတိုက်မို့ သတင်းအင်မတန်ငတ်ပါတယ်။ ဒါပေမဲ့ ပေါ်ဦးတို့၊ ဦးဝင်းတင်တို့က အမြဲ ထောင်ဝင်စာရှိတော့ အပြင်က သတင်းတွေ ကြားနေရပါတယ်။ ဒါကြောင့် ဦးစောမောင်နုတ်ထွက်ပြီး ဦးသန်းရွှေ နဝတဥက္ကဋ္ဌ ဖြစ်လာတာလည်း သိပါတယ်။ ခဏနေတော့ ၁၁/၉၂ ကြေညာချက်ထုတ်ပြန်ပြီး ထောင်ထဲမှာရှိနေတဲ့ ၅(ည) အကျဉ်းသား တော်တော်များများကို လွှတ်ပေးခဲ့ပါတယ်။

**အမျိုးသားညီလာခံ**

၁၁/၉၂ ကြေညာချက်ကို နဝတက သူတို့အကျိုးအတွက် ပက်ပက်စက်စက် အသုံးချပါတယ်။ နိုင်/ကျဉ်းတွေကို အစုလိုက်၊ အပြုံလိုက် လွှတ်ပေးရမယ့်အစား တစ်ပတ်ကို ငါးယောက်လွှတ်လိုက်၊ ၁၀ ယောက်လွှတ်လိုက်နဲ့ ရက်ရှည်ဆွဲပြီး ထောင်ထဲမှာ ကျန်ခဲ့တဲ့ ကျွန်တော်တို့လို အကျဉ်းသားတွေအတွက် ဝေဒနာ ရင့်သည်ထက် ရင့်လာအောင် လုပ်ခဲ့ပါတယ်။ တချို့ နိုင်/ကျဉ်းတွေ တဖွဲဖွဲ လွှတ်နေချိန်မှာ မလွှတ်ဘဲ ကျန်ခဲ့တဲ့သူတွေ အဖို့ ဘယ်လောက်အထိ အနေခက်မလဲဆိုတာ စဉ်းစားသာ ကြည့်ကြပါတော့။

ရောဂါပိုတက်စေမယ့် နောက်သတင်းတစ်ခုကတော့ ၁၉၉၃ ခုနှစ်မှာ 'အမျိုးသားညီလာခံ' ကျင်းပမယ်ဆိုတဲ့ သတင်းပါ။ အဲဒီအခါ ၁၉၈၉ ဇူလိုင် ၅ ရက်မှာ နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင် ပြောခဲ့တဲ့ စကားကို ပြေးသတိရပါတယ်။ သူက "ရွေးကောက်ပွဲနိုင်တဲ့ပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေ ဆွဲကြလေ။ ကျွန်တော်တို့ တပ်မတော်ကတော့ မဆွဲဘူး။ တပ်မတော်က ရွေးကောက်ပွဲပြီးရင် Barrack ကို ပြန်မှာ" ဆိုတဲ့ စကားကို သတိရလိုက်ပါတယ်။

အခုတော့ နဝတအစိုးရက ရွေးကောက်ပွဲနိုင်တဲ့ ပါတီကို အာဏာလွှဲပြီး ဖွဲ့စည်းပုံအခြေခံ ရေးစေမယ့်အစား သူတို့ထားရာနေ၊ စေရာသွားမယ့် ညီလာခံကိုယ်စားလှယ်တွေနဲ့ သူတို့ စိတ်တိုင်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆွဲတော့မယ်ဆိုတာ သိလိုက်ပါပြီ။ ဒီသတင်းတွေကြောင့် ထောင်ထဲမှာရှိတဲ့ NLD အများစုဟာ လုံးဝမကျေနပ်ကြပါဘူး။ နဝတစီစဉ်တဲ့ အမျိုးသားညီလာခံကိုလည်း အသိအမှတ်မပြုကြပါဘူး။

> • ကျွန်တော်တို့ ထောင်ထဲမှာရှိတဲ့ NLD နိုင်/ကျဉ်းတွေအတွက်
> နောက်ထပ်ကြီးမားတဲ့ သတင်းဆိုးကြီးတစ်ခုကတော့
> ဦးအောင်ရွှေ (ကွယ်လွန်) ခေါင်းဆောင်တဲ့ NLD ကိုယ်စားလှယ်တွေ
> အမျိုးသားညီလာခံကို တက်မယ်ဆိုတဲ့
> သတင်းပါ။ "

www.free4readers.com



## တစ်ဖက်သတ်ဝေဒနာ

ကျွန်တော်တို့ ထောင်ထဲမှာရှိတဲ့ NLD နိုင်/ကျဉ်းတွေအတွက် နောက်ထပ်ကြီးမားတဲ့ သတင်းဆိုးကြီးတစ်ခုကတော့ ဦးအောင်ရွှေ(ကွယ်လွန်) ခေါင်းဆောင်တဲ့ NLD ကိုယ်စားလှယ်တွေ ညီလာခံကို တက်မယ်ဆိုတဲ့ သတင်းပါ။ ကိုယ်စားလှယ်ပေါင်း ၈၀၀ နီးပါး ရှိရာမှာ ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ် ၈၀ လောက်ပဲ တက်ခွင့်ရပါတယ်။ ဒီသတင်းတွေဟာ ထောင်ထဲက ကျွန်တော်တို့တစ်တွေကို အင်မတန် ညှဉ်းဆဲနှိပ်စက်ပါတယ်။

ကျွန်တော် အင်းစိန်ထောင်မှာ နေရခိုက် အဆိုးဆုံးလို့ ဆိုရမယ့် သတင်းတစ်ခု ကျွန်တော်တို့ဆီ ရောက်လာပြန်ပါတယ်။ ဒါက ဘာလဲဆိုတော့ အတွင်းရေးမှူး ဦးလွင်(ကွယ်လွန်) လက်မှတ်ထိုးတဲ့ အမိန့်တစ်ခု ထွက်လာခဲ့တာပါ။ အဲဒီအမိန့်အရ ဥက္ကဋ္ဌ သူရဦးတင်ဦးနဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ကို NLD က ထုတ်ပယ်ပစ်လိုက်တယ်ဆိုတဲ့ သတင်းပါပဲ။ ဒါတင်ပဲလားဆိုတော့ မကသေးပါဘူး။ ပြစ်မှုကြောင့် ထောင်ကျနေတဲ့ NLD အဖွဲ့သားတွေကိုလည်း ပါတီဝင်အဖြစ်က အသိအမှတ်မပြုတော့ဘူး ဆိုတဲ့ သတင်းပါ။

ဒီသတင်းတွေဟာ အဲဒီအချိန်တုန်းက ကျွန်တော်တို့ နိုင်/ကျဉ်းတွေကိုသာမက တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်နယ်/တိုင်း၊ ခရိုင်နဲ့မြို့နယ် အဖွဲ့အစည်းအသီးသီးမှာ အကြီးအကျယ် ဂယက်ရိုက်ခဲ့တာပါ။ ဒီသတင်းကြောင့် တချို့ကတော့ ပါတီကို ကျောခိုင်းသွားကြတယ်။ တချို့ကတော့ စိတ်လိုက်မာန်ပါ ပါတီဆိုင်းဘုတ် ဖြုတ်ချတဲ့အထိ ပေါက်ကွဲခဲ့ကြပါတယ်။ အဆင့်တိုင်း ဒီလိုပါပဲ။ ကွယ်လွန်သူ ဗိုလ်မှူးကျော်ဆန်းခေါင်းဆောင်တဲ့ စစ်ကိုင်းတိုင်း NLD ကတော့ ဗဟိုအလုပ်အမှုဆောင်ကော်မတီရဲ့ အဲဒီအမိန့်ကို အပြင်းအထန်ကန့်ကွက်ကြောင်း ကြေညာချက်ထုတ်ခဲ့ရတဲ့အထိပါ။

ဒီဝေဒနာတွေဟာ ၁၉၉၃/၉၄ ခုနှစ်နဲ့ ဒေါ်အောင်ဆန်းစုကြည်လွတ်တဲ့ ၁၉၉၅ ခုနှစ် ဇူလိုင်လအထိ ပွက်ပွက်ထနေခဲ့တာပါ။ NLD အများစုကတော့ တကယ့်ခေါင်းဆောင်ဟာ ဒေါ်အောင်ဆန်းစုကြည်ပဲရယ်လို့ အားလုံးသိနေကြပါလျက် ဦးအောင်ရွှေနဲ့ဦးလွင်တို့ ခေါင်းဆောင်ပြီး ဒေါ်စုနဲ့ ဦးတင်ဦးကို ထုတ်ပယ်တယ်ဆိုတဲ့ အချက်ကို ဘယ်သူကမှ လက်မခံကြပါ။ ဒီကိစ္စ ပြောတာနဲ့ ပြောတဲ့သူ ပြဿနာတက်တာပါပဲ။

## ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်

ကျွန်တော်က အဲဒီနှစ် ဖေဖော်ဝါရီ ၅ ရက်မှာ ထောင်ကလွတ်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ဇူလိုင်လ ၁၀ ရက်မှာ အကျယ်ချုပ်က လွတ်ခဲ့ပါတယ်။ အဲဒီသတင်းကြားကြားချင်း ကျွန်တော် ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းကို သွားပါတယ်။ ခဏနေတော့ ဝင်ခွင့်ရပါတယ်။ ခြံရှေ့မှာတော့ လူအုပ်ကြီးက ရာဂဏန်းလောက် ဖြစ်နေပါပြီ။

ခြံထဲဝင်ခွင့်ရလို့ ဝင်သွားခဲ့ပါတယ်။ ဦးကြည်မောင်(ကွယ်လွန်)နဲ့ ဦးတင်ဦးတို့ကတော့ ရောက်နှင့်နေကြပါပြီ။ ကျွန်တော်ရောက်သွားတဲ့အချိန်မှာ ဒေါ်စုအနေနဲ့ ကြေညာချက်တစ်ခုထုတ်ဖို့ မူကြမ်းတစ်စောင် ရေးနေကြပါတယ်။ ကျွန်တော့်ကိုလည်း ပြပါတယ်။ ဦးအောင်ရွှေနဲ့ ဦးလွင်တို့ကတော့ ရောက်မလာသေးပါဘူး။ သူတို့ ဘယ်တော့များ ရောက်လာလိမ့်မလဲလို့ ကျွန်တော့်စိတ်ထဲမှာ ဆန္ဒတွေ ဖြစ်ပေါ်နေခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒေါ်စုနဲ့ ဦးတင်ဦး ပါတီက ထုတ်လိုက်တဲ့ ကိစ္စဟာ နှစ်နှစ်ကျော်ခဲ့ပြီဖြစ်ပေမယ့် အဲဒီမီးက လောင်နေဆဲဖြစ်နေလို့ပါ။

ကျွန်တော်ရောက်တဲ့အချိန်မှာ အလှမ်းမဝေးတဲ့ ဦးတင်ဦးနဲ့ ဦးကြည်မောင်တို့က ရောက်လာပြီး အလားတူပဲ အလှမ်းမဝေးတဲ့ ဦးအောင်ရွှေနဲ့ဦးလွင်တို့ ရောက်မလာတာဟာ ကျွန်တော့်အတွက် ထူးဆန်းလို့နေပါတယ်။ သူတို့နှစ်ဦးဟာလည်း ဒေါ်စုတို့အပေါ် သူတို့အရေးယူထားတာနဲ့ ပတ်သက်လို့ မလုံမလဲဖြစ်နေကောင်း ဖြစ်မယ်လို့လည်း မှန်းဆမိပါတယ်။

## ရာဇဝင်တွင်မယ့် ထိုတခဏ

နေ့ခင်း ၁၂ နာရီလောက်မှာ ဂိတ်ကစောင့်တဲ့ လုံခြုံရေးက ဦးအောင်ရွှေနဲ့ဦးလွင်တို့ ရောက်လာပြီဖြစ်ကြောင်း၊ ဝင်ခွင့်ပြုဖို့ ပြောနေကြောင်း အကြောင်းကြားလာပါတယ်။ ကျွန်တော်က လူကြီးတွေကို သတင်းပို့ပြီး ဦးအောင်ရွှေနဲ့ ဦးလွင်တို့ကို ကျွန်တော်ကိုယ်တိုင် ဂိတ်ကိုသွားကြိုပါတယ်။ ဂိတ်ကနေ အိမ်အထိ ကြိုလာရာမှာ သူတို့လုပ်ခဲ့တဲ့ ပြဿနာကို ဘယ်လိုများ ရှင်းမလဲ။ သူတို့က ဒေါ်စုကို ဘယ်လိုများ ပြောမလဲ။ ဒေါ်စုကလည်း သူတို့ကို ဘယ်လိုတုံ့ပြန်မလဲ စတဲ့ မေးခွန်းတွေ ကျွန်တော့်မှာ ဖိစီးလို့နေပါတယ်။

ခဏနေတော့ အိမ်ကို ရောက်လာပါပြီ။ ဆင်ဝင်ကနေ အိမ်ပေါ်တက်လာကြပါပြီ။ ဦးတင်ဦး၊ ဦးကြည်မောင်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့က အဝကပဲ ကြိုတင်စောင့်နေကြပါတယ်။ ကျွန်တော်တို့ လှေကားကတက်ပြီး အထဲရောက်တယ်ဆိုတာနဲ့ ဦးအောင်ရွှေက စကားစပြောပါတယ်။ “စုစုရေ အန်ကယ်တို့ကတော့ ဥာဏ်စွမ်းရှိသလောက် NLD ရေရှည်တည်တံ့ဖို့အတွက် လုပ်သင့်တယ်ထင်တာတွေ လုပ်ခဲ့တယ်။ ဒါကို စုစု မကျေနပ်ရင်လည်း ကြိုက်သလိုပြော၊ အန်ကယ်တို့ ခံပါ့မယ်။ NLD ကိုလည်း စုစုလက်ထဲကို အပ်ပါတယ်”လို့ ပြောပါတယ်။ ဒေါ်စုကလည်း တိုတိုနဲ့ လိုရင်းပြန်ပြောလိုက်ပါတယ်။ “ရပါတယ် အန်ကယ်။ ကျွန်မတို့အရင်အတိုင်းပဲ ဆက်လုပ်ကြတာပေါ့”

“ရွှေ . . . . နိပ်ဟ” ဒီစကားစုကတော့ ကျွန်တော် အသံထွက် ကြွေးကြော်လိုက်တဲ့ စကား မဟုတ်ပါဘူး။ စိတ်ထဲကနေ ကြွေးကြော်လိုက်တာပါ။ တကယ်တော့ ဒီစကားစုဟာ ကွယ်လွန်သူ စာရေးဆရာ သော်တာဆွေရဲ့ဇာတ်ကောင် 'ပေါ်ဦး' ပြောနေကျ စကားပါ။ အဲဒီအချိန်မှာ လူအများထင်နေကြတာက ဦးတင်ဦးနဲ့ ဒေါ်စုကို ပါတီကထုတ်လို့ အများကလည်း မကျေနပ်ဘူး။ ဒေါ်စုကိုယ်တိုင်လည်း မကျေနပ်ဘူး။ အချုပ်အနှောင်ကာလတွေ ပြီးရင်တော့ ဒေါ်စုကိုထောက်ခံတဲ့ အုပ်စုကတစ်ပိုင်းနဲ့ ဦးအောင်ရွှေ၊ ဦးလွင်တို့ကို ထောက်ခံတဲ့ အုပ်စုက တစ်ပိုင်းရယ်လို့ နှစ်ပိုင်းကွဲသွားကြတော့မယ်လို့ ထင်နေခဲ့ကြပါတယ်။

အဲဒီလို ထင်နေကြသလိုပဲ နဝတအာဏာပိုင်တွေကတော့ ဖြစ်ကိုဖြစ်စေချင်နေကြတာပါ။ ဒါမှလည်း NLD အားနည်းသွားမှာကိုး။ အဲဒီအခြေအနေအားလုံးကို ဒေါ်စုက “ရပါတယ် အန်ကယ်။ ကျွန်မတို့ အရင်ကလိုပဲ ဆက်လုပ်ကြတာပေါ့”လို့ဆိုတဲ့ စကားဟာ တိုတောင်းပေမယ့် မဟာဗျူဟာမြောက် အရေးပါတဲ့အဖြေပါ။ နဝတကတော့ 'NLD နှစ်ခြမ်းကွဲရော့လဟဲ့'ဆိုပြီး လုပ်လိုက်တာပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သည်းခံစိတ်ကြီးမှုနဲ့ အမြော်အမြင်ကြီးမှုတွေကြောင့် ပြဿနာဟာ ကြီးထွားမလာဘဲ ပြေလည်သွားခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်က အဲဒီအခိုက်အတန့်လေးကို 'ရာဇဝင်တွင်မယ့် ထိုတခဏ' လို့ အမည်ပေးခဲ့တာပါ။

## ပထမဦးဆုံး သတင်းစာရှင်းလင်းပွဲ

နေ့ခင်း (၁) နာရီလောက်ကျတော့ လူကြီးတွေလည်း စုံပါပြီ။ ဗိုလ်မှူးကြီး လွန်းတင် တစ်ယောက်ပဲ နေမကောင်းလို့ မလာနိုင်ခဲ့ပါဘူး။ လူကြီးတွေရဲ့ သဘောတူညီချက်အရ ကျွန်တော်ကိုယ်တိုင် ဂိတ်ကိုသွားပြီး သံရုံးက ဝန်ထမ်းတွေနဲ့ ပြည်တွင်းပြည်ပ မီဒီယာသမားတွေ သွင်းခွင့်ပြုလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အိမ် ဝင်ဝင်ချင်း ညာဘက်က ဧည့်ခန်းမှာပါ။ ဧည့်ခန်းထိပ်က အဝိုင်းထိုင်ခုံပေါ်မှာ ဒေါ်စုက အလယ်ကောင်မှာ ထိုင်ပါတယ်။ သူ့ညာဘက်မှာတော့ ဦးတင်ဦးနဲ့ ဦးကြည်မောင်၊ ဘယ်ဘက်မှာတော့ ဦးအောင်ရွှေနဲ့ ဦးလွင်တို့ ထိုင်နေကြပါတယ်။ ဒါကို NLD ရဲ့ ပထမဦးဆုံး သတင်းစာရှင်းလင်းပွဲလို့ ပြောနိုင်ပါတယ်။

ကျွန်တော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ဧည့်သည်တွေ စုံတဲ့အခါ မေးခွန်းတွေကို ဖိတ်ခေါ်လိုက်ပါတယ်။ အဲဒီအခါမှာ ပထမဦးဆုံး မေးခွန်းက အမေရိကန် သံရုံးက ပြန်ကြားရေးအရာရှိက မေးတာပါ။ သူက “ဒေါ်အောင်ဆန်းစုကြည်ကို အတွင်းရေးမှူး ဦးလွင်ရဲ့ လက်မှတ်နဲ့ ပါတီက ထုတ်ပယ်တဲ့အကြောင်း ကြေညာချက်ထုတ်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်က ဘယ်လိုသဘောထားပါသလဲ”လို့ မေးပါတယ်။ အဲဒီအခါမှာ ဒေါ်အောင်ဆန်းစုကြည်က “ကျွန်မတို့ အခုလို အတူတကွထိုင်နေတာ မြင်ကြမှာပါ။ နောင်မှာလည်း အခုအတိုင်းပါပဲ။ ညီညီညွတ်ညွတ် ပါတီလုပ်ငန်းတွေ ဆက်လုပ်သွားကြမှာပါ”လို့ ပြောလိုက်ပါတယ်။

အဲဒီ သတင်းစာရှင်းလင်းပွဲဟာ တစ်နာရီလောက် ကြာပါတယ်။ ကျန်တဲ့ အမေးအဖြေတွေကိုတော့ ကျွန်တော် မရေးလိုတော့ပါ။ သူတို့ရဲ့ ပထမဦးဆုံးမေးခွန်းနဲ့ ဒေါ်စုပြန်ဖြေတဲ့ အဖြေတို့ဟာ မဟာဗျူဟာမြောက် လမ်းကြောင်းမှန်ကို ဖော်ပြရာရောက်တဲ့အတွက် ကျွန်တော့်စိတ်ထဲမှာ လက်ဖျားခါလို့ မဆုံးပါဘူး။

အဲဒီတော့ 'NLD တော့ ကွဲလေရော့လဟဲ့'လို့ အကြံကြီးကြံပြီး အလုပ်ကြီးတွေ လုပ်ခဲ့တဲ့သူတွေရဲ့ ခေါင်းထဲမှာတော့ ဘယ်လိုများ ခံစားနေကြမယ်ဆိုတာ ခန့်မှန်းကြည့်လို့ မရခဲ့ပါ။

လေးစားစွာဖြင့်
ဦးဝင်းထိန်







www.free4readers.com



# ချစ်သူစွန့်ပစ်လို့ မျက်နှာပျက်ခဲ့ရသူ



ကျော်ရင်မြင့်

ဇာတ်လမ်းကတော့ ကြေကွဲဖွယ်ရာ အဖြစ်အပျက်နှစ်ခုကို မြစ်ဖျားခံပါတယ်။

ကေတီဆိုတဲ့ အသက် (၁၈) နှစ်အရွယ် မိန်းမပျိုကလေးက မစ္စစ္စပီမှာ သေကြောင်းကြံစည်တဲ့အနေနဲ့ သူ့အစ်ကိုရဲ့ ရိုင်ဖယ်သေနတ်နဲ့ သန့်စင်ခန်းထဲမှာ သူ့ကိုယ်သူ မေးအောက်ကနေ ပစ်ထည့်လိုက်တယ်။ သူ့ရည်းစားက ကောင်မလေးအသစ်တွေ့လို့ သူ့ကို စွန့်ပစ်သွားတာကြောင့်ရယ်၊ မိဘနှစ်ပါး အလုပ်ပြုတ်သွားတာရယ်ကြောင့် ကေတီ စိတ်ညစ်ညစ်နဲ့ သတ်သေဖို့ ကြိုးစားတာပါ။ ပြင်းအားကြီးမားတဲ့ ပေါက်ကွဲမှုကြောင့် ကေတီရဲ့ နှာခေါင်း၊ ပါးစပ်၊ မေးရိုးနဲ့ သူရဲ့မျက်နှာရှေ့မျက်နှာစာတစ်ခုလုံး နဖူးပိုင်းကို ရုပ်ပျက်ဆင်းပျက် ပျက်သွားစေတယ်။ မျက်နှာတစ်ခုလုံး ကြည့်ရက်စရာ မရှိတော့ပေမယ့် အသက်တော့ မသေဘူး။

ကြေကွဲဖွယ်ရာ ဒုတိယအဖြစ်အပျက်ကတော့ ကေတီ သူ့ကိုယ်သူသတ်သေဖို့ ကြိုးပမ်းပြီး သုံးနှစ်အကြာမှာ ဖြစ်ပါတယ်။ စန္ဒြာရဲ့ အသက် (၃၁) နှစ်အရွယ် မြေးမလေး အန္ဒြာက ဆေးလွန်ပြီး သေဆုံးတယ်။ သူ မသေခင်မှာ သူ့ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေကို ပေးလှူဖို့ စီစဉ်ထားတယ်။ အန္ဒြာဆုံးတော့ သူ့ဘွားဘွား စန္ဒြာက မြေးမရဲ့ ကိုယ်အင်္ဂါတွေ ပေးလှူဖို့ သတင်းပို့တယ်။ အန္ဒြာရဲ့ (၁၅)နှစ်အရွယ် သားငယ်ကလည်း သူ့အမေက လူတွေအတွက် အကျိုးဖြစ်မယ့် အလှူကို လှူဒါန်းတာမို့ လက်ခံတယ်။

သေဆုံးသွားတဲ့ အန္ဒြာရဲ့ နှလုံးကို အသက်(၆၀)အရွယ် အမျိုးသမီးကြီးတစ်ယောက်အတွက် အစားထိုးပေးလိုက်တယ်။ အသည်းကတော့ (၆၆) နှစ်အရွယ် အမျိုးသားကြီးအတွက်၊ ညာဘက် အဆုတ်တစ်ခြမ်းက (၅၁) နှစ်အရွယ် အမျိုးသမီး၊ ဘယ်ဘက်အဆုတ်တစ်ခြမ်းက (၆၂) နှစ်အရွယ် အမျိုးသမီးအတွက် အစားထိုးရယူသွားကြပြီ။ သူ့ကျောက်ကပ်နဲ့ မျက်ကြည်လွှာလည်း လှူလိုက်ပြီ။ သားအိမ်ကိုတော့ ဆေးသုတေသနအတွက် ထားလိုက်တယ်။

မျက်နှာတစ်ခုလုံး မြင်ရက်စရာမရှိအောင် ပျက်စီးသွားတဲ့ ကေတီအတွက် အန္ဒြာရဲ့ မျက်နှာနဲ့ အစားထိုး ကုသပေးချင်တယ်။ ဒါပေမဲ့ ကေတီလှူခဲ့တဲ့အထဲမှာ မျက်နှာတော့ မပါဘူး။ ဘွားဘွား စန္ဒြာကတော့ "အန္ဒြာဟာ သူ့ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေကို ပေးလှူဖို့ ဆန္ဒရှိခဲ့တာပဲ။ သူ့မျက်နှာကိုလည်း လှူမှာပါ"လို့ ဆုံးဖြတ်တယ်။ နောက်ပြဿနာတစ်ခုကတော့ မူလမျက်နှာရှင် အန္ဒြာနဲ့ မျက်နှာ အစားထိုးခံရမယ့် ကေတီတို့က မျက်နှာသွင်ပြင်လက္ခဏာခြင်း မတူကြဘူး။ အန္ဒြာရဲ့ မျက်နှာဟောင်းကို ကေတီနဲ့လိုက်ဖက်အောင် ပြုပြင်ပြောင်းလဲပေးရမယ်။

ကေတီက ကမ္ဘာမှာ (၄၀) ဦးမြောက် မျက်နှာ အစားထိုးခံရသူဖြစ်ပြီး အသက် အငယ်ဆုံး မျက်နှာအစားထိုးမှု ခံယူရသူ ဖြစ်ပါတယ်။ မျက်နှာတစ်ခုလုံး အစားထိုးခွဲစိတ်ပြုပြင်ဖို့ ခွဲစိတ်ကုသမှု ၂၂ မျိုးကို အမေရိကန်ပြည်ထောင်စု၊ Cleveland Clinic မှာ ခွဲစိတ်ဆရာဝန် ၁၁ ယောက်က ၃၁နာရီကြာ လုပ်ရပါတယ်။ ယခုတော့ မျက်နှာအစားထိုးခွဲစိတ်မှုက အောင်မြင်သွားပါပြီ။

မျက်နှာအစားထိုးကုသပြီးနောက် ရှစ်လနဲ့ ၂၂ ရက်အကြာ၊ ကေတီအနေနဲ့ နာလန်ထပြီလို့ ဆရာဝန်တွေက သတ်မှတ်တာကြောင့် မျက်နှာအလှူရှင် စန္ဒြာနဲ့ တွေ့ဆုံရတယ်။ သူ့မြေးရဲ့ မျက်နှာနဲ့ အစားထိုးထားတဲ့ ကေတီကို ဘွားဘွား စန္ဒြာက "ဒီကလေးမလေးက ဘယ်သူလေးပါလိမ့်" ဆိုပြီး ရယ်ရယ်မောမော ပြောတယ်။ သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ပွေ့ဖက်နှုတ်ဆက်ကြပြီးနောက် စန္ဒြာက "တွေ့ရတာ ဝမ်းသာလိုက်တာ။ မင်းသိပ်လှတာပဲ"လို့ ပြောတယ်။ ကေတီက "ဘွားဘွားကို တွေ့ခွင့်ရတာ ပျော်လိုက်တာ။ ဘွားဘွားရဲ့ မြင့်မြတ်တဲ့ အကြင်နာတရားက



ဆေးရုံပေါ်က ကေတီ

> ကေတီက ကမ္ဘာမှာ
> (၄၀) ဦးမြောက် မျက်နှာအစားထိုးခံရသူဖြစ်ပြီး
> အသက် အငယ်ဆုံး မျက်နှာအစားထိုးမှု
> ခံယူရသူ ဖြစ်ပါတယ်။ ”

ကျေးဇူးကြီးမားလှပါတယ်။ ဘွားဘွားက သမီးကို မွန်မြတ်တဲ့ လက်ဆောင်ကို ပေးခဲ့တယ်" လို့ မဆည်နိုင်တဲ့ မျက်ရည်တွေတွေ စီးယိုရင်း ပြောပါတယ်။ စန္ဒြာကလည်း "မင်းနဲ့ ထိုက်တန်တဲ့ လက်ဆောင်မွန်ပါကွယ်" ဆိုပြီး ပြန်ပြောတယ်။ စန္ဒြာရယ်၊ ကေတီရယ်၊ ကေတီရဲ့ မိဘတွေရယ်ဟာ တစ်ဦးလက်ကို တစ်ဦး နွေးထွေးစွာ ဆုပ်ကိုင်ကြရင်း ဆုတောင်းမေတ္တာ အတူတူပို့ကြတယ်။ "ကျွန်မဘဝမှာ ဒုတိယအကြိမ် ရှင်သန်ခွင့်ရတာပါပဲ" လို့ ကေတီက ဆိုတယ်။

သူ့ကိုယ်သူ သတ်သေဖို့သာ လုပ်တာ ကေတီဟာ ပျော်ပျော်နေတတ်တဲ့ မိန်းကလေး ပါလို့ အိမ်နီးချင်းတွေက ပြောပြတယ်။ ဟာသကြွယ်ဝသူဖြစ်တယ်။ လော်ရီဒါ ကန်ရိပ်သာမှာ ကြီးပြင်းတယ်။ သူ့အစ်မ အိုလီဗီယာနဲ့ အစ်ကို ရောဘတ်တို့နဲ့ ရင်းနှီးချစ်ခင်စွာ နေထိုင်သူ ဖြစ်တယ်လို့ ပြောပြကြတယ်။ ပညာရေးနဲ့ အားကစားမှာ ထူးချွန်အောင် ကြိုးစားသူဖြစ်တယ်လို့လည်း ဆိုကြတယ်။ သူ့မိဘနှစ်ပါးနဲ့ မိသားစုဟာ ကေတီ (၁၆) နှစ်သမီးအရွယ်မှာ ကင်တပ်ကီကို ပြောင်းရွှေ့ကြတယ်။ နောက်တစ်နှစ်ကြာတော့ အောက်စဖိုဒ့် မစ္စစ္စပီကို ထပ်မံရွှေ့ပြောင်းကြပြန်ပါတယ်။

ကေတီ ပညာသင်ယူနေတဲ့ ခရစ်ယာန်ကျောင်းမှာပဲ သူ့အစ်မနဲ့ သူ့အစ်ကိုတို့က ဆရာ၊ ဆရာမ အလုပ် ဝင်လုပ်ကြတယ်။ ကျောင်းကို ရောက်ရင်ရောက်ချင်းပဲ ကောင်လေးတစ်ယောက်က ကေတီကို မျက်စိကျတယ်။ သူတို့နှစ်ယောက် ချိန်းဆိုတွေ့ဆုံမိတယ်။ ကေတီက သူ့ကိုချစ်တယ်။ လက်ထပ်ဖို့ ပြောပါတယ်။

ကေတီ အထက်တန်းတက်တဲ့နှစ်မှာ ကျန်းမာရေးချွတ်ယွင်းတယ်။ အူအတက်ဖြတ်ထုတ်ရတယ်။ သည်းခြေအိတ် ထုတ်ရတယ်။ သူ့ရည်းစားရဲ့ ဖုန်းထဲမှာ တခြားကောင်မလေးတစ်ယောက်နဲ့ ဆက်သွယ်ထားတဲ့ မက်ဆေ့တွေကို ကေတီတွေ့တယ်။ မေးကြည့်တော့ ကောင်လေးက ဝန်ခံတယ်။ ပြီးတော့ ကေတီကို ကောင်လေးက အဆက်ဖြတ်လိုက်တယ်။

ကေတီလည်း စိတ်ဓာတ်ကျကျနဲ့ သူ့အစ်ကိုရောဘတ်ရဲ့ အိမ်ကိုသွားတယ်။ သူ့အစ်ကိုရဲ့ 308-caliber ရိုင်ဖယ်သေနတ်ကို ယူ၊ သန့်စင်ခန်းထဲဝင်၊ သေနတ်ပြောင်းကို မေးစေ့အောက်မှာ တေ့ပြီး မောင်းဖြုတ်ချလိုက်တယ်။ သေနတ်သံ ကြားလျှင်ကြားချင်း ရောဘတ် အိမ်အပေါ်ထပ်ကို အပြေးအလွှားတက်သွားပါတယ်။ ကေတီက ကြမ်းပြင်မှာ လဲကျလို့။ မျက်နှာကတော့ ရစရာ မရှိတော့ဘူး။ ရှေ့တစ်ခြမ်းလုံး စုတ်ပြတ်ထွက်သွားပြီ။

ကေတီကို အောက်စဖို့ဒ် မစ္စစ္စပီဆေးရုံ ပို့တယ်။ နောက်ချက်ချင်းပဲ မင်ဖစ်-တင်နက်ဆီ ဆေးရုံကို ပြောင်းပေးတယ်။ ဆေးရုံကလည်း သူ့မေးရိုးနဲ့ ပါးရိုးတွေကို အသားကျအောင် ချက်ချင်းပြုပြင်ပေးတယ်။ မျက်စိကို ပြန်ပိတ်နိုင်ပြီး မျက်ကြည်လွှာ ဒဏ်ရာသက်သာအောင် ပွင့်လန်နေတဲ့ မျက်ခွံတွေကို ပြန်ချုပ်ပေးတယ်။ စုတ်ပြတ်သွားတဲ့ ဦးနှောက်အမြှေးပါးကို ပြန်လည်ဖာထေးပေးတယ်။

စာမျက်နှာ (၂၈) သို့



အန္ဒြာ မကွယ်လွန်ခင် နောက်ဆုံးပုံ




၂၀၁၈ ခု ဇန်နဝါရီလထုတ် National Geographic စာအုပ် မျက်နှာဖုံးဆောင်းပါး

www.free4readers.com



# ကမ္ဘာ့ပထမဆုံး လူသားအမွှာသန္ဓေသား၏ မျိုးရိုးဗီဇကို ပြုပြင်ပြောင်းလဲခြင်း (သို့မဟုတ်) ထိတ်လန့်စရာကောင်းသော စမ်းသပ်မှု

အေးမွန်(IR)



ယေဘုယျအားဖြင့် လုပ်ဆောင်ရခက်ပြီး ယခင်က ကြိုးစားခဲ့ခြင်း မရှိသေးတဲ့ စမ်းသပ်ချက်တစ်ခု ပထမဆုံးပေါ် ပေါက်လာတဲ့အခါ ဝိုင်းဝန်း ချီးကျူးထောမနာပြုကြတာ မဆန်းပါဘူး။ ဒါပေမဲ့ ပြီးခဲ့တဲ့ တစ်ပတ်က ဟောင်ကောင်သိပ္ပံပညာရှင်တစ်ယောက်ရဲ့ တီထွင်ဖန်တီးမှုက "အတတ်ကြူးဘီလူး" ဆိုသလို မျိုးဗီဇပညာရှင်တွေနဲ့ဆေးပညာ လောကတစ်ခုလုံးကို အတော်လေးထိတ်လန့်ချောက်ချားစေခဲ့ပါတယ်။ သူဖန်တီးခဲ့တာကတော့ လူသားအမွှာသန္ဓေသားနှစ်ဦးရဲ့ မျိုးဗီဇကိုပြောင်းလဲပြင်ဆင်ပြီး အဲဒီကလေးနှစ်ဦးကို လူ့လောကထဲရောက်အောင် မွေးဖွားပေးလိုက်တာ ဖြစ်ပါတယ်။ အဲဒီအကြောင်းကို ဒီတစ်ပတ်ဆောင်းပါးမှာ ဖော်ပြပါမယ်။

ထိတ်လန့်စရာ ကောင်းတဲ့ စမ်းသပ်မှုကို လုပ်ဆောင်ခဲ့သူက ဟောင်ကောင်သိပ္ပံပညာရှင် He Jiankui ဖြစ်ပါတယ်။ သူဟာ CRISPR-Cas 9 ဆိုတဲ့ မျိုးဗီဇပြောင်းလဲတဲ့ နည်းလမ်းကိုသုံးပြီး ကလေးနှစ်ဦးကို သန္ဓေသားအဆင့်မှာကတည်းက သူတို့ရဲ့ DNA ကို မွမ်းမံပြောင်းလဲခဲ့ပါတယ်။ နောက်ပြီး ဒီကလေးနှစ်ဦးကို အသက်ရှင်လျက် မွေးထုတ်ပေးလိုက်တဲ့အတွက် အမွှာလေးတွေဟာ ကမ္ဘာ့ပထမဆုံး မျိုးဗီဇပြောင်းလဲထားတဲ့ လူသားတွေ ဖြစ်လာပါတော့တယ်။

He ဟာ ဒီသတင်းကို ဟောင်ကောင်မှာ ကျင်းပခဲ့တဲ့ "Human Genome Editing Conference" မှာ ကမ္ဘာသိ ကြေညာခဲ့တာဖြစ်ပြီး အားလုံးကို ထိတ်လန့်သွားစေခဲ့ပါတယ်။ သူ့ရဲ့ အသိပေးတင်ပြချက်အပေါ် အသိအမှတ်ပြု ချီးကျူးခြင်းမခံရတဲ့အပြင် စုံစမ်းစစ်ဆေးဖို့ ပညာရှင်တွေက တောင်းဆိုလာတာကြောင့် ပွဲထဲကနေ စောစောပြန်သွားခဲ့ပါတယ်။

"ဒီလိုကြောက်စရာကောင်းတဲ့ စမ်းသပ်တီထွင်မှုမျိုးဟာ နှစ် သုံး၊ လေးဆယ်လောက်မှာ တစ်ကြိမ်ဖြစ်နေကြပဲ" လို့ Standford University က အကြီးတန်း သုတေသနပညာရှင် William Hurlbut က ဆိုပါတယ်။ ဒါကြောင့် တရုတ်အာဏာပိုင်တွေဟာ ချက်ချင်းဆိုသလို စုံစမ်းစစ်ဆေးမှုတွေ လုပ်ခဲ့ပြီး ဒီသုတေသနလုပ်ငန်းမှာ ပါဝင်နေတဲ့သူတွေ အားလုံးကိုလည်း ရပ်ဆိုင်းထားဖို့ အမိန့်ပေးလိုက်ပါတယ်။

သန္ဓေသားကလေးငယ်ရဲ့ DNA ကို ပြောင်းလဲပြီး အသက်ရှင်အောင် မွေးထုတ်ပေးလိုက်တဲ့ စမ်းသပ်မှုမျိုးဟာ အရင်က တစ်ကြိမ်မှုမရှိခဲ့ဖူးပါဘူး။ ရှန်ဇန်ပြည်နယ်၊ သိပ္ပံနဲ့ နည်းပညာ တောင်ပိုင်းတက္ကသိုလ်မှာ သင်ကြားနေတဲ့ ပရော်ဖက် He က မျိုးဗီဇပြောင်းလဲထားတဲ့ အမွှာမိန်းကလေးနှစ်ဦးကို ကျန်းကျန်းမာမာ မွေးပေးနိုင်တာကြောင့် သူ့ရဲ့ ဆောင်ရွက်ချက်အတွက် ဂုဏ်ယူကြောင်း၊ ကလေးတွေရဲ့ဖခင်ဟာ HIV ပိုးသယ်ဆောင်ထားသူ ဖြစ်တာကြောင့် ကလေးတွေ HIV ပိုး ခုခံနိုင်အောင် လုပ်ခဲ့တာဖြစ်ကြောင်း ပြောခဲ့ပါတယ်။

"ကျွန်တော့်ရဲ့ အောင်မြင်မှုအတွက် အတော်လေး ဂုဏ်ယူမိပါတယ်။ ဒီကလေးတွေဟာ အစက သူတို့ဘဝ ရှင်သန်နိုင်ဖို့ မျှော်လင့်ချက်ပျောက်ဆုံးနေသူတွေပါ။ ခုတော့ HIV ပိုးကို ကာကွယ်နိုင်ခဲ့သလို သူတို့ရဲ့အဖေကလည်း အလုပ်ကြိုးစားပြီး ကလေးနှစ်ဦးနဲ့ဇနီးသည်ကို သေချာစောင့်ရှောက်ပါ့မယ်လို့ အမှာစကားပါးလိုက်ပါတယ်"လို့ He ဟာ ထိပ်သီးအစည်းအဝေးပွဲမှာ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် He မျိုးဗီဇပြောင်းလဲထားတဲ့ လူသားကလေးငယ် နောက်တစ်ဦးရှိနေပြီး သူကတော့ မိခင်ရဲ့ ဗိုက်ထဲမှာ သန္ဓေသားအဆင့်ပဲ ရှိသေးတယ်လို့ He က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

တကယ်တော့ လူသား DNA ကို ပြောင်းလဲတဲ့ နည်းပညာဟာ အခုမှ စတင်လေ့လာတုန်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီလုပ်ရပ်ကြောင့် ကလေး ကြီးပြင်းလာတဲ့အခါ နောက်ဆက်တွဲ ရောဂါပြဿနာမျိုးစုံ ဖြစ်လာနိုင်ပါတယ်။ နောက်ပြီး လူသားသန္ဓေသားကို ပြုပြင်တဲ့အပိုင်းဟာ မစမ်းသပ်ကောင်းတဲ့ နယ်ပယ်ဖြစ်ပြီး ခုမှလေ့လာတုန်းမို့ ဖြစ်နိုင်ခြေ အန္တရာယ်တွေကို လျှော့ချနိုင်ခြင်း မရှိသေးဘူးဆိုတာလည်း အားလုံးက လက်ခံထားကြပါတယ်။

"ဒီနည်းပညာကို လူမှာ စမ်းသပ်လိုက်လိမ့်မယ်လို့ ဘယ်သူမှ မထင်ထားခဲ့ဘူး"လို့ မျိုးဗီဇပြောင်းလဲတဲ့ နည်းလမ်း (CRISPR) ကို တီထွင်ခဲ့သူတစ်ဦးဖြစ်တဲ့ Feng Zhang က အံ့အားသင့်စွာ ဆိုခဲ့ပါတယ်။ ဒါကြောင့် He ရဲ့ စမ်းသပ်မှုဟာ အရမ်းလည်းစောနေသေးသလို ကျင့်ဝတ်နဲ့လုံးဝမညီတဲ့ အဆိုးရွားဆုံးလုပ်ရပ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံရဲ့ ဇီဝဆေးပညာ သုတေသနပညာရပ်ကို သိက္ခာကျစေကြောင်း အပြင်းအထန်ဝေဖန်ခံခဲ့ကြပါတယ်။

နောက်ပြီး ဒီလိုလူသားတစ်ယောက်ရဲ့ ဘဝကို ပြောင်းလဲသွားစေနိုင်တဲ့ အထိ မသမာတဲ့စမ်းသပ်မှုကို တရုတ်အာဏာပိုင်တွေက သတိမထားမိခဲ့တာကြောင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုကို မေးခွန်းထုတ်လာကြပါတယ်။ ဒါ့အပြင် တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ သက်ရောက်မှုရှိမယ့် ကျင့်ဝတ်စည်းကမ်းတွေကို ချမှတ်ဖို့တောင်းဆိုလာကြပါတယ်။ ဒီကိစ္စကြောင့် တရုတ်နိုင်ငံကိုလည်း နိုင်ငံတကာက သေချာစောင့်ကြည့်လာကြပါတယ်။ တကယ်တော့ တရုတ်ဟာ မျိုးဗီဇပြုပြင်မှုမှာ ဆရာတစ်ဆူဖြစ်ပြီး တီထွင်ဖန်တီးမှုတစ်ခုဖြစ်ပေါ်ဖို့အတွက် ကျင့်ဝတ်ကျင့်ထုံးတွေကို လျစ်လျူရတတ်တဲ့ နိုင်ငံ ဖြစ်ပါတယ်။

မျိုးဗီဇပြုပြင်တဲ့ နည်းပညာဟာ တစ်နေ့မှာတော့ ကုသဖို့ခက်ခဲတဲ့ ရောဂါဆိုးတွေကို ကုသနိုင်လိမ့်မယ်လို့ မျှော်မှန်းထားကြပေမယ့် အခုချိန်မှာ သုံးဖို့မသင့်တော်ပါဘူး။ အတတ်နိုင်ဆုံးစိတ်ချရအောင်၊ ထိရောက်မှုရှိအောင် လုပ်ဖို့ လိုနေသေးတယ်လို့ လူသားမျိုးဗီဇပြုပြင်ခြင်းဆိုင်ရာ ဒုတိယအကြိမ် နိုင်ငံတကာထိပ်သီးအစည်းအဝေးမှာ ပညာရှင်တွေက ပြောကြားခဲ့ပါတယ်။

ဒါကြောင့် Germline gene-editing လုပ်ရပ်ဟာ တာဝန်ယူမှုကင်းမဲ့လွန်းတယ်လို့ အပြစ်တင်ခဲ့ကြပါတယ်။ Germline gene-editing ဆိုတာ ဆဲလ်တိုင်းကို ပြောင်းလဲလိုက်တာဖြစ်ပြီး အကျိုးသက်ရောက်မှုဟာ နောက်မျိုးဆက်ထိပါ လက်ဆင့်ကမ်း ပါသွားမှာပါ။ ဒါဟာ ရှိနေတဲ့ဆဲလ်တွေကိုပဲ ဦးတည်ပြောင်းလဲပြီး နောင်မျိုးဆက်တွေအထိ မျိုးရိုးမလိုက်နိုင်တဲ့ Somatic gene-editing နဲ့ ကွာခြားပါတယ်။

He ပြုပြင်ဖယ်ထုတ်လိုက်တဲ့ CCR5 မျိုးဗီဇဟာ ခုခံအားစနစ်အတွက် အတော်လေး အရေးကြီးတာမို့ ကလေးတွေဟာ West Nile Virus တို့၊ တုပ်ကွေးတို့ကို အလွယ်တကူ ကူးစက်ခံစားရနိုင်ပါတယ်။ HIV ပိုးကို ကုသဖို့ တခြားရွေးစရာ နည်းလမ်းတွေလည်း ရှိတာမို့ He ရဲ့ လုပ်ရပ်ဟာ သူဆင်ခြေပေးသလို မလိုအပ်ဘူးလို့ ဝေဖန်သူတွေက ထောက်ပြခဲ့ကြပါတယ်။

သေချာတာတစ်ခုကတော့ He ဟာ ဒီကလေးနှစ်ဦး ကြီးပြင်းလာတဲ့အခါ ကြုံရနိုင်တဲ့ ရေရှည်အကျိုးဆက်ကို ထည့်မစဉ်းစားခဲ့ပါဘူး။ "ဒီကလေးတွေကြီးလာတဲ့အခါ သူတို့ကိုယ် သူတို့ ဘယ်လိုမြင်ကြမလဲ။ ပတ်ဝန်းကျင်က သူတို့ကို ဘယ်လိုဆက်ဆံမလဲဆိုတာ ထည့်စဉ်းစားရဲ့လား"လို့ လာနားထောင်သူ ပရိသတ်ကမေးမြန်းတဲ့အခါ အဲဒီမေးခွန်းအတွက် He မှာ အဖြေမရှိခဲ့ပါဘူး။

He ဟာ ကလေးရဲ့ မိဘတွေဆီက သဘောတူညီမှု ယူတဲ့အခါမှာလည်း သုံးနာရီလောက်သာ အချိန်ယူခဲ့ပြီး ဒီစမ်းသပ်ချက်အကြောင်း ရှင်းပြခဲ့တာပါ။

အဖွဲ့အစည်းတစ်ခုခုကိုခေါ်ပြီး ကောင်းကျိုးနဲ့ ဆိုးပြစ်တွေကို လွတ်လတ်လပ်လပ် စုံစမ်းစစ်ဆေးစေတာမျိုး မလုပ်ခဲ့တာမို့ သူ့ရဲ့လုပ်ရပ်ဟာ စလုပ်တည်းက မှားယွင်းနေတယ်လို့ ထိပ်သီးအစည်းအဝေးမှာ ဝေဖန်ခဲ့ကြပါတယ်။

တကယ်တော့ ဒီလို ကမ္ဘာ့ပထမဆုံး မျိုးဗီဇပြုပြင်ထားတဲ့ ကလေးတွေ တရုတ်ကနေ ပေါ်ထွက်လာတာဟာ ထူးဆန်းတဲ့အရာတော့ မဟုတ်ပါဘူး။ တရုတ်ဟာ မျိုးဗီဇပြောင်းလဲတဲ့အပိုင်းမှာ ကမ္ဘာ့ပထမဆုံးတီထွင်မှုတွေ အများကြီး လုပ်ခဲ့ပါတယ်။ ဥပမာ မျိုးဗီဇပြောင်းလဲထားတဲ့ ကမ္ဘာ့ပထမဆုံး မျောက်တွေဖန်တီးတာ၊ သန္ဓေသားအသေတွေမှာ ဒီနည်းပညာ စမ်းသုံးရာကနေ အခုဆို CRISPR-Cas 9 သုံးထားတဲ့ ကမ္ဘာ့ပထမဆုံး သက်ရှိကလေးငယ်ထိ ပေါ်ထွက်လာခဲ့ပါတယ်။

တရုတ်နိုင်ငံအစိုးရဟာ ပြည်ပမှာ အခြေချနေထိုင်တဲ့ တရုတ်လူမျိုးပညာရှင်တွေကို ပြည်မကို ပြန်လာစေဖို့နဲ့ နိုင်ငံခြားသားတွေ တရုတ်ပြည်ကို မျက်စိကျစေဖို့အတွက် ဒီလိုအန္တရာယ်များတဲ့ မျိုးဗီဇပြုပြင်ခြင်းနည်းပညာမှာ ငွေကြေးအများကြီး တမင်ထောက်ပံ့ သုံးစွဲထားတာပါ။ ယမန်နှစ်ကဆိုရင် အမေရိကန်နဲ့အပြိုင် အမေရိကန်ဒေါ်လာ ၂၅၄ သန်းကို သုတေသနနဲ့ ဖွံ့ဖြိုးမှုကဏ္ဍမှာ တရုတ်အစိုးရက သုံးစွဲခဲ့တာကြောင့် "မျိုးဗီဇလက်နက် ပြိုင်ပွဲ" လို့ ပန်ဆေလ်ဗီးနီးယား တက္ကသိုလ်က ဒေါက်တာ ကားလ်ဂျွန်က အမည်ပေးခဲ့ပါတယ်။

မျိုးဗီဇပြုပြင်တဲ့လုပ်ဆောင်မှုကို စမ်းသပ်ရာမှာ၊ မဖြစ်သင့်တာ မဖြစ်ရအောင် နိုင်ငံတိုင်းက စည်းကမ်းဥပဒေကိုယ်စီနဲ့ ထိန်းချုပ်ထားကြပါတယ်။ ဒါပေမဲ့ တရုတ်ကတော့ လျော့ရိလျော့ရဲ ဥပဒေတွေသာ ထားရှိပြီး ချိုးဖောက်တဲ့အခါမှာလည်း အပြစ်ပေးအရေးယူတာမျိုး မရှိဘူးလို့ Chinese Academy of Social Sciences မှ တက်ရောက်သင်ကြားနေတဲ့ Ren-zong Qiu က ဆိုပါတယ်။

လက်ရှိမှာတော့ တရုတ်ဟာ ကျင့်ဝတ်စံနှုန်းတွေကို အလေးထားကြောင်း နိုင်ငံတကာကို ပြသတဲ့အနေနဲ့ သိပ္ပံနဲ့ နည်းပညာဆိုင်ရာ ဒုတိယဝန်ကြီး Xu Nanping ဟာ "အခုလုပ်ရပ်ကို ကျွန်တော်တို့ ဝန်ကြီးဌာနက အပြင်းအထန် ကန့်ကွက်ရှုတ်ချပါတယ်"လို့ CCTV သတင်းဌာနကို ပြောကြားခဲ့ပါတယ်။ သိပ္ပံပညာရှင် ၁၂၀ ကျော်ကလည်း စမ်းသပ်မှုကို ရှုံ့ချကြောင်း စာထုတ်ကြေညာခဲ့ပြီး "လူသားအပေါ်မှာ ဒီလို တိုက်ရိုက်စမ်းသပ်တာဟာ ရူးမိုက်တဲ့ လုပ်ရပ်ပဲ"လို့ ဆိုခဲ့ပါတယ်။ ♦



# ခေတ်ပြောင်းတော်လှန်ရေး အောင်မြင်ရဲ့လား



သန်းနိုင်ဦး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသက်တမ်း ထက်ဝက်ကျိုးချိန် ရောက်ရှိလာပါပြီ။ အစိုးရသက်တမ်း ထက်ဝက်အတွင်း ပြုပြင်ပြောင်းလဲရေးတွေ ဘယ်လောက် အထိ လုပ်နိုင်ခဲ့ပြီလဲ။ ရွေးကောက်ပွဲကတိတွေ ဘယ် အတိုင်းအတာထိ အကောင်အထည် ဖော်နိုင်ခဲ့ပြီလဲ။ ပြည်သူ့ဆန္ဒတွေ ဘယ်အတိုင်းအတာထိ ဖြည့်ဆည်း ပေး နိုင်ခဲ့ပြီလဲ။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ ရွေးကောက် ပွဲကြွေးကြော်သံက ပြောင်းလဲချိန်တန်ပြီ ဖြစ်ပါတယ်။ အာဏာရှင် စနစ်ဆိုးရဲ့ဒဏ်ကို မခံချင်တော့လို့ ရွေး ကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မဲဆန္ဒ ရှင်တွေက မဲပေးရွေးချယ်ခဲ့တာ မမေ့ဖို့ လိုအပ်ပါ တယ်။

ဒီချုပ်အစိုးရသက်တမ်းထက်ဝက်အတွင်း အောင် မြင်ခဲ့တာတွေရှိသလို မအောင်မြင်သေးတာတွေလည်း ရှိတယ်။ အောင်မြင်မှုတွေထဲက နမူနာ အနည်းငယ်ထုတ် ပြရရင် မူးယစ်ဆေးဝါးနှိမ်နင်းရေးအတွက် အထူးသတင်း ပေး တိုင်ကြားရေးဌာန ဖွင့်လှစ်လာနိုင်ခဲ့တယ်။ ငြိမ်းချမ်း ရေးကိစ္စ အားသွန်ခွန်စိုက်လုပ်နေတာ မြင်တွေ့နေရတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အရှိန်အဟုန်မြှင့် လုပ် နိုင်တာတွေ ရှိတယ်။ အလားတူ မြန်မာငွေတန်ဖိုးမြင့် လာအောင် မလုပ်နိုင်သေးဘူး။ အာဏာရှင်ညဉ်ဆိုး မပျောက်သေးတဲ့ ဗျူရိုကရက်တွေ အမြစ်ပြတ်အောင် မလုပ်နိုင်သေးဘူး။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မယ်ဆိုတဲ့ ရွေး ကောက်ပွဲကတိ အကောင်အထည် မဖော်နိုင်သေးဘူး။ ဒါ့အပြင် ရခိုင့်အရေးဖြေရှင်းမှုကို နိုင်ငံတကာက စောင့် ကြည့်နေဆဲ ဖြစ်တယ်။ ပထစအစိုးရက ပြည်တော်သာ စီမံကိန်းဆိုပြီး "လူတစ်ကိုယ် တိုက်တစ်လုံး ကားတစ်စီး ဖြစ်စေရမယ်" လို့ ကြွေးကြော်ခဲ့တယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်ရဲ့ ကြွေးကြော်သံက " ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး အောင်ရမည်" ဖြစ်ပါတယ်။ ၁၉၈၈မှာ အာဏာသိမ်းခဲ့တဲ့ တပ်မတော် အစိုးရရဲ့ ဆောင်ပုဒ်က "တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန် ဆန် ဆန်လုပ်" ဖြစ်ပါတယ်။စီမံကိန်းတွေ၊ ကြွေးကြော်သံတွေ၊ ဆောင်ပုဒ်တွေ တကယ်ဖြစ်ခဲ့သလား မဖြစ်ခဲ့ဘူးလားဆိုတာ သမိုင်းစာမျက်နှာတွေက သက်သေပါပဲ။

၂၀၁၅ ရွေးကောက်ပွဲကလည်း အာဏာရှင်ခေတ် ကုန်ဆုံးစေရေးအတွက် မဲဆန္ဒရှင်တွေက ဒီချုပ်ကို မဲတွေ ပုံအော ထည့်ခဲ့ကြတာ ခေတ်ပြောင်းတော်လှန်ရေးအတွက် ဖြစ်ပါတယ်။ မဲဆန္ဒရှင်လူထုက ခေတ်တိုင်းမှာ တာဝန်ကျေ ခဲ့ကြတယ်။ ပြည်သူလူထုရဲ့ ဆန္ဒတွေကို မဖြစ်မနေ အကောင်အထည် ဖော်ပေးဖို့ ရွေးချယ်ခံအစိုးရတိုင်းမှာ တာဝန် ရှိပါတယ်။ အစိုးရသက်တမ်း လက်ကျန်ကာလ အတွင်းမှာ ပြည်သူ့ဆန္ဒ မဖြစ်မနေ ဖော်ဆောင်ကြရပါမယ်။ ပြည်သူကို ဝန်ဆောင်မှုကောင်းကောင်း မပေးချင်သူတွေ၊

> ပြည်သူတွေအဖို့ ခံရတာများနေပြီမို့ ခါးချည့်ပြီး အားအင်ကုန်ခန်းနေပါပြီ။ ပြည်သူတချို့ ပင်ပန်းနွမ်းနယ်နေရုံမက ရွေးကောက်ပွဲတွေက သူတို့ဘဝကို မပြောင်းလဲနိုင်ပါဘူးလို့ ပြောဆိုမှုတွေ ရှိလာပြီ။ ရွေးကောက်ပွဲတွေအပေါ် မဲဆန္ဒရှင်တွေ အာရုံလျော့နည်းလာတာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။ ”

ဟောက်စား ငေါက်စား ခြိမ်းခြောက်သူတွေ၊ ရပေါက်ရ လမ်းအတွက် ဂွင်(ခွင်)ဖန်သူတွေကို လက်တွဲဖြုတ်ခဲ့ ချိန် တန်ပါပြီ။

ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းကို ဦးတည်နေသမျှ ရွေးကောက်ပွဲတွေကဆက်တိုက်လာနေဦးမှာ ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ "လူကိုမကြည့်နဲ့ ပါတီကိုကြည့် ပါ"ဆိုတဲ့နည်းက သင့်တော်တဲ့ ဆေးနည်းဖြစ်ခဲ့ပေမယ့် ရှေ့လာမယ့် ရွေးကောက်ပွဲတွေအတွက် အဲဒီနည်းက အကောင်းဆုံးကုထုံး ဖြစ်ပါ့မလား။ မဲဆန္ဒရှင်တွေကို ဘယ်လို ဆွဲဆောင်ကြမလဲ။ ၂၀၂၀ အတွက် ပါတီအသီးသီး က ပြင်ဆင်နေကြပါပြီ။ ဒါ့အပြင် ပါတီအသစ်တွေလည်း ရှိလာနိုင်သေးတယ်။ တစ်သီးပုဂ္ဂလအတွက် ပြင်ဆင်နေ ကြသူတွေလည်းရှိတယ်။ တိုင်းရင်းသားဒေသတွေအတွက် နိုင်ငံရေးပါတီကြီးတွေက ဘယ်လိုမူဝါဒတွေ ချမှတ်ကြ မလဲ။ ရွေးကောက်ပွဲနိုင်ပြီး အစိုးရဖွဲ့နိုင်ခဲ့တဲ့ ဒီချုပ်ပါတီ အနေနဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ ဘယ်လိုဝင်ပြိုင်ကြမလဲ ဆိုတာ မဲဆန္ဒရှင်တွေက စိတ်ဝင်စားနေကြတယ်။

ခေတ်ပြောင်းတော်လှန်ရေး အောင်မြင်ဖို့ အစိုးရ၊ လွှတ်တော်၊ ပြည်သူအားလုံး ပူးပေါင်း ဆောင်ရွက်ကြ ရမှာ ဖြစ်တယ်။ ပြည်သူတွေဟာ အာဏာရှင်စနစ်ဆိုးရဲ့ ဒဏ်ကို ကျောကော့အောင် ခံခဲ့ရပြီးပြီဖြစ်လို့ တကယ် ခေတ်ပြောင်းဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်ကိုယ်တိုင်က နယ်လှည့်ခရီးတွေ ထွက်တဲ့အခါ မြို့ခံလူထုတွေ တွေ့ဆုံပွဲတိုင်း ပြည်သူတွေက အာဏာ ရှင်စနစ်ဆိုးကို မကြိုက်လို့ ဖြုတ်ချခဲ့တာဖြစ်ကြောင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ အနေနဲ့ အာဏာရှင်ဆန်ဆန် မလုပ်ဖို့လိုကြောင်း၊ ပြည်သူလူထုကို အစဉ်အမြဲ ဦးထိပ် ထားဖို့လိုကြောင်း စတာတွေ အမြဲထည့်သွင်း ပြောကြား နေတယ်။ ပြည်သူကိုအချဉ်လို သဘောထားရင် ပြည်သူ ဒဏ်ခတ်တာ ခံရစမြဲ ဖြစ်ပါတယ်။

ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းမှာ ပြည်သူသည် သာ အခရာ ဖြစ်ပါတယ်။ ခေတ်ပြောင်းတော်လှန်ရေး အတွက် မီဒီယာသမားတွေရဲ့ အခန်းကဏ္ဍကလည်း အလွန် အရေးပါတယ်။ သတင်းစာဆရာတွေကိုယ်တိုင် က ပရော်ဖက်ရှင်နယ်ပီသဖို့ လိုတယ်။ အမှိုအခိုကင်းပြီး လွတ်လပ်တဲ့ မီဒီယာတွေကသာ ပရော်ဖက်ရှင်နယ် သတင်းစာဆရာတွေကို မွေးထုတ်နိုင်တယ်။ သတင်းစာ ဆရာအချို့က အိမ်စာမလုပ်ကြဘူး။ သူတို့ကိုယ်တိုင် စွမ်းဆောင်ရည်မပြည့်တဲ့အခါ အခြားမဏ္ဍိုင်တွေကို ထောက်ပြဖို့အတွက် အဆင်မပြေနိုင်တော့ဘူး။ ဒီနေ့ ခေတ်မှာ လူထုဒေါ်အမာ၊ အင်ဒီပင်းဒန့် ဒေါ်စန်း၊ ဂျာနယ်ကျော် မမလေး၊ ဟံသာဝတီဦးဝင်းတင်၊ ကြေးမုံ ဦးသောင်း၊ လူထုဦးစိန်ဝင်းတို့လို ဒေါင်ဒေါင်မြည် သတင်း စာဆရာ/သတင်းစာ ဆရာမတွေ သိပ်ကိုလိုအပ်ပါတယ်။ သူတို့လို သတင်းစာဆရာတွေသာ ရှိခဲ့ရင် ဒီနေ့ခေတ်ကို ဘယ်လို ထောက်ပြကြမလဲ။ အစိုးရရဲ့ လုပ်ရပ်တွေအပေါ် ဘယ်လိုဝေဖန်မလဲ။ လွှတ်တော်အမတ်တွေအပေါ် ဘယ် လို သုံးသပ်မလဲ။ တရားစီရင်ရေးစနစ်အပေါ် ဘယ်လို ရှုမြင်မလဲ။ သတင်းမီဒီယာလောကနဲ့ သတင်းစာဆရာ/ ဆရာမတွေအပေါ် ဘယ်လိုသဘောထားမလဲ ကျွန်တော် သိချင်မိတယ်။

စနစ်ဆိုးရဲ့ဒဏ် ရာစုတစ်ဝက်ကျော် ခါးစည်းခံခဲ့ ရတဲ့ နိုင်ငံအဖို့ အစိုးရသက်တမ်းတစ်ခုအတွင်း လက် ဖဝါးကနေ လက်ဖမိုးလှန်လိုက်သလို ချက်ချင်းပြောင်းလဲဖို့ မလွယ်ကူမှန်း အားလုံးသိကြပါတယ်။ မလွယ်ကူဘူးဆို သည့်တိုင် အပြောင်းအလဲဟာ ပြည်သူ့ဆန္ဒဖြစ်လို့ လျစ်လျူ မရှုသင့်ဘူး။ ဒါပေမဲ့ ပြည်သူတွေကကောင်းသော ပြောင်း လဲခြင်းတွေကို အခုထက်ပိုပြီး မြန်မြန်ဆန်ဆန် ပြောင်း လဲချင်နေကြတယ်။ သူတို့ကိုယ်တိုင် ရွေးချယ်လိုက်တဲ့ လူထုအစိုးရမို့ မျှော်လင့်ချက် ကြီးကြီးမားမားလည်း ထားမိကြတယ်။ ဒါပေမဲ့ အစိုးရမှာလည်း အကန့်အသတ် တွေ ရှိနေပြန်တယ်။

မည်သို့ပင်ဆိုစေ ပြည်သူတွေရဲ့ဘဝကို စာနာနား လည် ပေးဖို့လိုတယ်။ ပြည်သူတွေဟာ ခေတ်အဆက် ဆက် အဖိနှိပ်ခံဘဝနဲ့ နေခဲ့ကြရတယ်။ စနစ်ပြောင်းမှ ခေတ်ပြောင်းမှာ ဖြစ်တယ်။ လွယ်တာတွေကို တမင် ခက်အောင်လုပ်နေသူတွေရှိတယ်။ ရုံးတစ်ရုံး ခားတစ်စင်း နဲ့ ငါတကော ကောနေသူတွေ ရှိတယ်။ ထိုက်သင့်တဲ့ အချိန်ပေးပြီးပြီဖြစ်လို့ အဲဒီလိုလူတွေကို ခေတ်ဟောင်းမှာ ချန်ခဲ့စေလိုပါတယ်။ ပြည်သူတွေအဖို့ ခံရတာများနေပြီမို့ ခါးချည့်ပြီး အားအင်ကုန်ခန်းနေပါပြီ။ ပြည်သူတချို့ ပင်ပန်း နွမ်းနယ်နေရုံမက ရွေးကောက်ပွဲတွေက သူတို့ဘဝကို မပြောင်းလဲနိုင်ပါဘူးလို့ ပြောဆိုမှုတွေ ရှိလာပြီ။ ရွေး ကောက်ပွဲတွေအပေါ် မဲဆန္ဒရှင်တွေ အာရုံလျော့နည်း လာတာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။ ရွေးကောက် ပွဲတွေကို ပြည်သူတွေ ယုံကြည်မှု လျော့နည်းလာခြင်းက အာဏာရှင်စနစ်ကို ဦးတည်သွားစေနိုင်တယ်။ ခေတ် ပြောင်းတော်လှန်ရေးအတွက် အစိုးရ၊ လွှတ်တော်နဲ့ ပြည်သူတွေ လက်တွဲညီညီ ဆက်လက် အကောင်အထည် ဖော်ကြစေလိုပါတယ်။ လက်ကျန်သက်တမ်းအတွင်း ပြည်သူ့အတွက် ကောင်းမွေတွေချန်ခဲ့ပြီး ဆိုးမွေတွေ အမြစ်ပြတ်ချေမှုန်းကြပါ။ လုပ်ဆောင်ချက်တိုင်းက လာမယ့် ရွေးကောက်ပွဲအတွက်လို့ မစဉ်းစားဘဲ နိုင်ငံအနာဂတ် အတွက်လို့ စဉ်းစားလုပ်ကိုင်ကြဖို့ လိုပါတယ်။လူထု ရွေးချယ်လိုက်တဲ့ အစိုးရဟာ ပြည်သူ့အစိုးရဖြစ်ကြောင်း မနေ့အမြန် သက်သေပြရမယ့် အချိန်လည်း ဖြစ်ပါ တယ်။

သန်းနိုင်ဦး



www.free4readers.com





ဓာတ်ပုံ - ဇော်မင်းနိုင် (ဒီပဲယင်း)

# YBS ယာဉ်လိုင်းများ ယာဉ်စီးခပေးချေခြင်းကို ကတ်စနစ်ဖြင့် ပြောင်းလဲကောက်ခံရန် စမ်းသပ်ကာလအဖြစ်ဆောင်ရွက်နေ

ရန်ကုန်၊ဒီဇင်ဘာ ၃

YBS ယာဉ်လိုင်းများတွင် ယာဉ်စီးခပေးချေခြင်းကို ကတ်စနစ်ဖြင့် ပြောင်းလဲကောက်ခံရန် စမ်းသပ်ကာလအဖြစ် ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"MoU လက်မှတ်ထိုးထားပြီးပြီဆိုတော့ သူတို့ စတင်ဆောင်ရွက်ဖို့ အချိန်ပေးထားတယ်။ အမြန်ဆုံးစဖို့လည်း ပြောထားတယ်။ အခုကတော့ စမ်းသပ်ကာလနဲ့ စရမှာပေါ့၊ YBS ကတ်စနစ်နဲ့ ငွေပေးချေမှုကို စမ်းသပ်ကာလပြီးတော့မှ ကားတွေအကုန်လုံးမှာစတင်လို့ရမှာပါ"ဟု ၎င်းက ပြောကြားခဲ့သည်။

ထို့အပြင် ကတ်စနစ်အားYBSကားများတွင် ၂၀၁၉ ခုနှစ်တွင် စတင်နိုင်ရန်ပြင်ဆင်နေကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့မှ Yangon Payment Service အတွက် တင်ဒါခေါ်ယူခဲ့ရာတွင် ASIA Starmar Transport Intelligent ကုမ္ပဏီကို ရွေးချယ်ခဲ့ပြီး ခြောက်လအတွင်း အကောင်အထည် ဖော်ရန်အတွက် လက်မှတ်ရေးထိုးထား ပြီးဖြစ်ကြောင်း သိရသည်။

"ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီးပြီ စာချုပ်ချုပ်ပြီး ခြောက်လအတွင်း အကောင်အထည်ဖော်မှာပါ။ နိုဝင်ဘာလက ကတ်စနစ်လုပ်ဆောင်ဖို့ အစီအစဉ် စဆွဲတာဆိုတော့ ကျွန်တော်တို့ မှန်းတာက လာမယ့်နှစ်ဧပြီလလောက်ဆို ပေါ်လာဖို့ရှိပါတယ်။ အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင် လုပ်ဆောင်နေပါတယ်" ဟု YRTAမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာမောင်အောင်ကပြောသည်။

ထိုသို့ ကတ်စနစ် အသုံးပြုရန်အတွက် တင်ဒါခေါ်ယူ၍ ကုမ္ပဏီတစ်ခုကိုရွေးချယ်ခဲ့ပြီး လုပ်ပိုင်ခွင့်ရသည့် ကုမ္ပဏီအနေဖြင့် ခြောက်လအတွင်း အကောင်အထည်ဖော်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထို့အပြင် အများပိုင် ကုမ္ပဏီအဖြစ် မပြောင်းလဲသည့် YBS ယာဉ်များကိုလည်း စောင့်ကြည့်၍ ဒီဇင်ဘာလအတွင်း ထုတ်ပယ်သွားမည်ဖြစ်ကြောင်း သိရသည်။

အများပိုင်ကုမ္ပဏီအဖြစ် မဖွဲ့စည်းထားသည့် YBS ယာဉ်လိုင်းများကို ခရီးသည်များအား ဝန်ဆောင်မှုကောင်းပေးနိုင်ရန် ကြိုတင်အသိပေးထားပြီးဖြစ်ကာ ကိုယ်ရကိုယ်ယူစနစ်သည် ယာဉ်ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ စည်းကမ်းမဲ့မောင်းနှင်ခြင်း၊ အဲကွန်းမရှိခြင်း၊ မှတ်တိုင်တွင် ယာဉ်ကိုကြာမြင့်စွာရပ်၍ ခရီးသည်ခေါ်ယူခြင်းများရှိနေခြင်းကြောင့် ၂၀၁၉ ခုနှစ်မှစတင်ပြီး အများပိုင်ကုမ္ပဏီများဖြစ်လာစေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သက်မှူး

# ကျပ်သိန်းပေါင်းနှစ်သိန်းကျော်လိမ်လည်မှုကြီးအား အဖြစ်မှန်သိရှိနိုင်ရန် သတင်းစာရှင်းလင်းပွဲ ပြုလုပ်

ရန်ကုန်၊ နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် မြယမုံအိမ်ရာနေ ဒေါ်သူဇာမြင့်ထွန်းက ဒေါ်စန်းစန်းဝင်း၊ ဒေါ်ဥမ္မာဖြူ ဒေါ်အိမြတ်စန္ဒီ အပါအဝင် ပုဂ္ဂိုလ်ကိုးဦးထံမှ စုစုပေါင်းငွေသိန်းပေါင်းနှစ်သိန်းကျော်အား သူမ၏လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်အတွက်ဟုဆိုကာ ယုံကြည်လောက်အောင်ပြောဆို၍ ရယူခဲ့သော်လည်း ပြန်လည်ပေးဆပ်ခြင်းမပြုသည့်အပေါ် အများပြည်သူ ဆင်ခြင်သုံးသပ်နိုင်ရန်နှင့် အဖြစ်မှန်အားသိရှိနိုင်ရန်အတွက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၃၀ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel တွင်ပြုလုပ်သည်။

"သူက ငွေတွေအများကြီး လိမ်လည်သွားတာဖြစ်တဲ့အတွက် ဒီငွေတွေဟာ တစ်နေရာရာမှာ ရှိနေမယ်လို့ ယုံကြည်တယ်။ ဒါပေမဲ့ ကျွန်တော်တို့က သာမန်ပြည်သူဖြစ်နေတဲ့အတွက် သူ့ကို စစ်ဆေးမှု မလုပ်နိုင်ဘူး။ အပြင်သတင်း စုံစမ်းတာလောက်ပဲ လုပ်နိုင်တယ်။ ပြီးတော့ ရန်ကုန်မြို့ကြီးမှာ ဒီလို လိမ်တဲ့သူတွေ ရှိနေတယ်။ သတိထားကြဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ သတင်းစာရှင်းပွဲ လုပ်တာပါ။ အဓိက ကျွန်တော်တို့ ပိုက်ဆံပြန်ရချင်တာပါ။ သူနဲ့ သက်ဆိုင်တဲ့ သူကတာဝန်ယူတဲ့ စိတ်နဲ့လာရောက် ညှိနှိုင်းစေချင်တယ်"ဟု ငွေဆုံးရှုံးသူ၏ မိသားဝင် ဦးကျော်ဝင်းက ပြောကြားခဲ့သည်။

ဖြစ်စဉ်မှာ ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလအတွင်း၌ အိမ်ခြံမြေရောင်းဝယ်ရေး၊ တင်ဒါတင်သွင်းရေး၊ ဘဏ်ချေးငွေများအားဆပ်/ချေး ပြုလုပ်သည့်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် ငွေလိုသည်ဟုဆိုကာ ဒေါ်စန်းစန်းဝင်း၊ ဒေါ်အိမြတ်စန္ဒီ၊ ဒေါ်ဥမ္မာဖြူစသည့်လူပုဂ္ဂိုလ်ကိုးဦးတို့ထံမှ ငွေကြေးများစွာတို့အား လိမ်လည်ရယူကာ ပြန်လည်ပေးဆပ်ခြင်း မရှိဘဲ တိမ်းရှောင်နေခြင်းဖြစ်သည်။

"ကျွန်မ ငွေသိန်းနှစ်သောင်းကို ၂၁ ရက်မှာ ဘဏ်သွင်းပေးလိုက်တယ်။ ၂၃ ရက်နေ့လည်း ရောက်ရော မရှိတော့ဘူးဆိုတာက ဘယ်ရောက်သွားလဲ။ ကျွန်မတို့ ကိုးယောက်ပေါင်းသိန်းပေါင်း နှစ်သိန်းကျော် ရှိတယ်။ ဒါက ဘဏ်တစ်ဘဏ်တောင်တည်လို့ရတဲ့ငွေတွေပါ။ အခု ဒီငွေတွေ ဘယ်ရောက်သွားလဲဆိုတာ ခုထက်သက်ဆိုင်ရာက စစ်ဆေးမေးမြန်းမှုတွေ လုပ်နေတယ်။ ခုထိမပေါ်သေးဘူးဆိုတာကို သက်ဆိုင်ရာ အသီးသီးက ကူညီဖော်ထုတ်ပေးဖို့ တောင်းဆိုချင်ပါတယ်"ဟု ဒေါ်အိမြတ်စန္ဒီက အဆိုပါ သတင်းစာ ရှင်းလင်းပွဲတွင် ပြောဆိုသည်။

ယခုအခါ ဒေါ်သူဇာမြင့်ထွန်းအနေဖြင့် ရန်ကုန်မြို့ရှိ အိမ်ခြံမြေရောင်းဝယ်ရေးတွင် ဂရုအတုများ၊ စာရွက်စာတမ်းအတုများဖြင့် လိမ်လည်ရောင်းချသွားသဖြင့် အမှုဖွင့် တရားစွဲဆိုခြင်းခံထားရကြောင်း သိရသည်။

ထက်သာခိုင်


ဓာတ်ပုံ - ဇော်မင်းနိုင် (ဒီပဲယင်း)

# ရောဝတီဘဏ်နှင့် DBS ပူးပေါင်း၍ ပိုမိုလွယ်ကူသော ငွေပို့ငွေလွှဲစနစ် ဆောင်ရွက်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၃

မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ထိပ်တန်းဘဏ်ကြီး နှစ်ခုဖြစ်သော ဧရာဝတီဘဏ် နှင့် DBS ဘဏ်တို့အကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ စင်ကာပူတွင် နေထိုင်သူများသည် ဧရာဝတီဘဏ်မှ တစ်ဆင့် မြန်မာနိုင်ငံရှိ မည်သည့်ဘဏ်မဆို လျင်မြန်၊ အဆင်ပြေလုံခြုံစွာ ငွေလွှဲနိုင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၃ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ဧရာဝတီဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော်က "DBS ဘဏ်နဲ့ ပူးပေါင်းဆောင်ရွက်မှုက မြန်မာနိုင်ငံမှာ နေထိုင်သူများနဲ့ စင်ကာပူနိုင်ငံမှ နေထိုင်ပြီး အသက်မွေးဝမ်းကျောင်းပညာရှင်များ၊ ကျောင်းသားများအနေနဲ့ ဖြစ်နိုင်သမျှ အကောင်းဆုံး နည်းလမ်းနဲ့ စိတ်သက်သောင့်သက်သာ ငွေလွှဲနိုင်မှာဖြစ်တဲ့အတွက်ကြောင့် သူတို့ကို ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှု ပေးနိုင်ရန်အတွက်အပြင် နိုင်ငံနှစ်နိုင်ငံအကြားငွေလွှဲမှုအတွက် ကြီးမားတဲ့ ယုံကြည်မှု၊ အဆင်ပြေချောမွေ့မှုနဲ့ ဆိုင်တဲ့ အချက်လည်း ဖြစ်ပါတယ်။ မိုဘိုင်းနည်းပညာနဲ့




ဘဏ်လုပ်ငန်း နယ်ပယ်မှာ ဝန်ဆောင်မှုအသုံးပြုသူများရဲ့ အတွေ့အကြုံကို အလေးထားပြီး ဒီလုပ်ငန်းတာဝန်ကို DBS ဘဏ်ရဲ့ သဘောတူညီချက်နဲ့ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါ ဝန်ဆောင်မှုသည် တစ်နေ့တည်းတွင် အပြီးဆောင်ရွက်နိုင်ကြောင်း၊ ငွေပေးပို့သူများသည် DBS အင်တာနက်ဘဏ်စာရင်းရှိရမည်ဖြစ်ပြီး လက်ခံရရှိသူများတွင် ငွေလက်ခံရန် မြန်မာငွေဘဏ်စာရင်းရှိရမည်ဖြစ်ကြောင်း၊ ပေးပို့သူသည် DBS အင်တာနက်ဘဏ်လုပ်ငန်း စာမျက်နှာသို့ ဝင်ရောက်ကာ လက်ခံမည့်သူများ၏ ဘဏ်လုပ်ငန်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို ဖြည့်စွက်ရမည်ဖြစ်ပြီး ငွေလွှဲလက်ခံချိန်မွန်းတည့် ၁၂ နာရီမတိုင်ခင် ငွေလွှဲပါက လက်ခံမည့်သူများ၏ ဘဏ်စာရင်းသို့လွှဲပေးမည်ဖြစ်သောကြောင့် လက်ခံရရှိသူများသည် မည်သည့်အားထုတ်မှုမှ လုပ်ဆောင်ရန် မလိုအပ်ကြောင်း သိရသည်။

"ဒီပူးပေါင်းမှုကြီးကို တရားဝင်စတင်လိုက်ခြင်းဖြင့် DBS သည် ဈေးကွက်မြှင့်တင်ရေးကာလအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံသို့ငွေလွှဲသောထိုဝန်ဆောင်မှု အသုံးပြုသူများကို ဝန်ဆောင်ခသက်သာခွင့် စတင်မိတ်ဆက်လိုက်ပါပြီ" ဟု DBS ဘဏ်မှ Akhil Doegar က ပြောကြားခဲ့သည်။

လက်ရှိတွင် ဧရာဝတီဘဏ်သည် ဘဏ်ခွဲပေါင်း ၂၃၄ခု တွင်အသုံးပြုသူပေါင်း ၁ ဒသမ၄ သန်းမှ စုစုပေါင်းအပ်နှံငွေ ကျပ် ၄ဒသမ၈ ထရီလီယံနှင့် ရှယ်ယာရှင်ပေါင်းများစွာ၏ ရှယ်ယာတန်ဖိုးကျပ် ၁၇၇ဘီလီယံ အထိရှိလာကာ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးဘဏ်အဖြစ် ရပ်တည်နေကြောင်း သိရသည်။

သက်မှူး

www.free4readers.com





The late Nyaungyan Sayadaw, First Sangha-Nayaka (President) of the Great Recital. The untimely demise of this widely-revered Sayadaw after the conclusion of the first part of the Second Session caused nation-wide sorrow in Burma



The Great Sacred Cave of the Chattha Sangayana, central venue for the celebrat

*၁၉၅၃ ခုနှစ်က ဆဋ္ဌမသင်္ဂါယနာတင်ခဲ့သော ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ (ထက်)*

*ဥက္ကဋ္ဌ ညောင်ရမ်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတ (ဝဲ)*



*မင်းကွန်းဓမ္မနာဒဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ နှင့် စာရေးသူစွန်ရဲ (ထက်)*



The Venerable Mahasi Sayadaw who filled the role of Pucchaka (Questioner) turing the Great Recital. The learned Sayadaw is a leading Executive Member of the Supreme Sangha Council



The Ven'ble Tipitakadara Dhamma bhandagarika Bhaddanta Vicittasara who was the Vissajjaka (Replier)

*မဟာစည်ဆရာတော်အရှင်သောဘန*

*မင်းကွန်းဓမ္မနာဒဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ*

## တွေ့ကြုံခဲ့ရ လူ့ဘဝ (၁၅၄)

# ကံထူး၍ ဖူးခဲ့ရသည်

၁၉၆၉ခုနှစ် ဗိုလ်သင်တန်းဆင်းခါစ၊ တပ်စုမှူးအဖြစ်နှင့် ကရင်ပြည်နယ်တွင် လှုပ်ရှားစစ်ဆင်ရေးတာဝန် ထမ်းဆောင်ခဲ့သည်။

ဝန်ကြီးချုပ် (ဟောင်း) ဦးနု၏ လက်နက်ကိုင်ပြည်ပြေးတပ်များနှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ခဲ့ဖူးသည်။ ထိုအကြောင်းကို နားစွန်နားဖျားကြားသွားသော ကျွန်တော့်အဘွားက ကျွန်တော့်ထံ စာရေးပြီး မှာကြားလာသည်။

"ငါ့မြေး မတော်တဆများ ရှေ့တန်းတိုက်ပွဲတွေမှာ ဦးနုတပ်နဲ့ ဆုံခဲ့ရင် ဦးနုကို ထိခိုက်အနာတရဖြစ်အောင် မလုပ်မိစေနဲ့နော်၊ ဦးနုက သူတော်ကောင်းကြီး၊ ဘုရားဆုပန်ယောက်ျား၊ ဆဋ္ဌမသင်္ဂါယနာတင်ခဲ့တဲ့ မင်းကောင်းမင်းမြတ်နော်၊ ငါ့မြေး မပစ်မှားမိစေနဲ့"

ကျွန်တော့်အဘွားက ဗုဒ္ဓဘာသာ (ထေရဝါဒ) စစ်စစ်ကြီး ဖြစ်သည်။ ထို့ကြောင့်လည်း ဆဋ္ဌမသင်္ဂါယနာ တင်ခဲ့သော ဝန်ကြီးချုပ်ဦးနုကို ကြည်ညိုသည်။ အဘွား၏ မှာကြားချက်အပေါ် အခြေခံ၍ ပထမသင်္ဂါယနာနှင့် ဆဋ္ဌမသင်္ဂါယနာတို့ကို ပြန်ပြီး လေ့လာခဲ့သည်။

ပထမသင်္ဂါယနာကို သာသနာတော်နှစ် (၁) မြန်မာသက္ကရာဇ် (၁၄၈) ခုနှစ် (ဘီစီ-၅၄၄) မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် သုံးလကြာသောအချိန်တွင် ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်၊ သတ္တပဏ္ဏိတလိုဏ်ဂူမဏ္ဍပ်တော်၌ တင်တော်မူခဲ့ကြသည်။

ထိုအချိန်က သုဘဒ္ဒမည်သော တောထွက်ရဟန်းတစ်ပါးက သာသနာတော်အတွက် အန္တရာယ်ရှိသော ထိပါးပုတ်ခတ်စကားကို ပြောဆိုလာသဖြင့် ဦးဆောင်ကိုယ်တော်များက အရှင်မဟာကဿပ ကိုယ်တော်ကြီးဦးဆောင်၍ အရှင်ဥပါလိ၊ အရှင်အာနန္ဒာအမှူးပြုသော ရဟန္တာမထေရ်ကြီးအပါး ၅၀၀ ဖြင့် သင်္ဂါယနာတင်ခဲ့ကြသည်။ ခုနစ်လ ကြာမြင့်သည်။

ဒါယကာမှာ အဇာတသတ်မင်း ဖြစ်ပြီး နှုတ်တိုက်ရွတ်ဆိုသော သင်္ဂါယနာ ဖြစ်သည်။

ပဥ္စမသင်္ဂါယနာကို သာသနာနှစ် ၂၄၁၅ ခုနှစ်၊ ခရစ်နှစ် ၁၈၇၁ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၃၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁) ရက်နေ့တွင် မင်းတုန်းမင်းတရားကြီးက တင်ခဲ့သည်။ (၇) နှစ်၊ (၆) လနှင့် (၁၄) ရက်ကြာခဲ့သည်။ ဘုရားကြီးဆရာတော် အရှင်ဇာဂရာမထေရ်ဦးစီးပြီး မြန်မာသံဃာတော်အပါး ၂၄၀၀ က နှုတ်ဖြင့် ရွတ်ဆိုကာ တင်တော်မူခဲ့ကြသည်။ ထို့နောက် ကျောက်ချပ် ၇၂၉ ချပ်ပေါ်တွင် ကျောက်ထက်အက္ခရာ ရေးသွင်းခဲ့သည်။

ကျွန်တော့်အဘွားရည်ညွှန်းသော ဝန်ကြီးချုပ်ဦးနုအမှီပြုမင်းအဖြစ်ဖြင့် တင်ခဲ့သော ဆဋ္ဌမသင်္ဂါယနာမှာမြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ သီဟိုဠ်၊ လာအို ထေရဝါဒ ငါးနိုင်ငံမှ သံဃာတော်ပေါင်း (၂၅၀၀) ဖြင့် တင်ခဲ့ခြင်းဖြစ်သည်။

သာသနာနှစ် ၂၄၉၈ နှစ်၊ ခရစ်နှစ် ၁၉၅၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်နေ့မှစ၍ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတွင် ကျင်းပခဲ့သည်။ ဦးစီးမထေရ်ကြီးများမှာ ညောင်ရမ်းဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတ၊ မဟာစည်ဆရာတော် အရှင်သောဘန၊ မင်းကွန်းဓမ္မနာဒဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသတို့ ဖြစ်ကြသည်။ နှုတ်ဖြင့် ရွတ်ဆိုပြီး ပုံနှိပ်သည်။ ဝိနည်းငါးကျမ်း ငါးအုပ်၊ သုတ္တာန်ငါးကျမ်း သုံးအုပ်၊ အဘိဓမ္မာခုနစ်ကျမ်း ဆယ့်နှစ်အုပ်ဖြစ်ကြပြီး ကြာမြင့်ချိန်မှာ နှစ်နှစ်ဖြစ်သည်။

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဝိနည်း၊ သုတ္တာန်၊ အဘိဓမ္မာတရားတော်များကို တစ်လုံးတစ်ပါဒမလွဲ ဖြတ်တောက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း မပြုဘဲ မှတ်တမ်းတင်ခဲ့ကြခြင်းဖြစ်သည်။

ဆဋ္ဌမသင်္ဂါယနာတင်စဉ်က ကျွန်တော့်အသက် (၉) နှစ်အရွယ် ဖြစ်၏။ ညဥ့်စဉ် ရေဒီယိုမှ "--------ပါသနည်း ငါ့ရှင်" ဟူသောအမေးကို ဖြေသည့် တိပိဋကတရ မင်းကွန်းဆရာတော်ဘုရားကြီးကို ပို၍ စိတ်ဝင်စားမိသည်။ ထို့ကြောင့်လည်း နောင်အခွင့်သာတိုင်း (တပ်မတော်အရာရှိဘဝ) တွင် ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။ စစ်ကိုင်းတောင်ရိုးရှိ ဆရာတော်ကြီး၏ ကျောင်းတိုက်တွင် တစ်ပါးတည်း သီတင်းသုံးနေစဉ် သွားရောက်ဖူးမြော် ကြည်ညိုခဲ့သည်။ ပျံလွန်တော်မူခါနီး လပိုင်းအလိုအထိ ဖူးမြော်ခွင့်ကြုံခဲ့သည်။

"ဒကာကြီး အသက်ကြီးလာရင် တစ်ကိုယ်တည်းနေတတ်အောင် ကျင့်ပါ" ဆိုသည့် ဩဝါဒစကားကို ယခုတိုင် ကြားယောင်မိသည်။

ကျွန်တော်ရန်ကုန်စစ်ရုံးတွင် တာဝန်ကျစဉ် (၁၉၈၄) ခုနှစ် မှစ၍ တိပိဋက



The Hon'ble Prime Minister U Nu, Patron of the Chattha Sangayana and 2500th Buddha Jayanti Celebrations Central Committee, whose zeal and vision brought about the convening of the Sixth Great Recital, the most momentous undertaking in modern-day Buddhism

*ဝန်ကြီးချုပ်ဦးနု (ယာ)*

*နဂါးနစ်ကောင်ဆရာတော်နှင့် စာရေးသူစွန်ရဲ (၂၀၀၀) ပြည့်နှစ် (အောက်)*





ယောဆရာတော် အရှင်ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၏ ပစ္စည်းလေးပါးဒါယကာအဖြစ် ယနေ့တိုင် ခံယူခဲ့သည်။

၂၀၀၅ ခုနှစ် ပင်စင်ယူပြီးချိန်နောက်ပိုင်း ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏ တရားတော်များကို နာယူခဲ့သည်။ ဒုတိယပါမောက္ခချုပ်ဆရာတော် အရှင်ဒေါက်တာစန္ဒာဝရာဘိဝံသ၏ အလုပ်ပေးတရားတော်များကိုလည်း နာယူ လေ့လာခဲ့သည်။ သို့သော် ယနေ့အထိ ထိထိရောက်ရောက် အားမထုတ်ဖြစ်သေး။

တောင်မြို့မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ နာယကဆရာတော် ဦးမဟိန္ဒက အမြဲဆုံးမလေ့ရှိသော စကားမှာ

"ဒကာကြီး ဒကာကြီးရဲ့ ကျန်းမာရေးအခြေအနေမျိုးနဲ့သာ ဇွဲ၊ လုံ့လ၊ ဝီရိယ ထည့်ပြီး တရားအားထုတ်လိုက်ရင် . . .

"တင်ပါ့ဘုရား၊ တပည့်တော်လည်း စ,တော့မှာပါဘုရား"ဟု လျှောက်ထားခဲ့သော်လည်း ယခု (၇၄) နှစ်အရွယ်အထိ ထိထိ ရောက်ရောက် မစ,ရသေး။ မင်းကွန်းဆရာတော်ကြီး၏ အဆိုအမိန့်ကိုတော့ အိမ်မှာ ပုံနှိပ်ပြီး ချိတ်ဆွဲထားပြီးဖြစ်သည်။

ကွယ်လွန်တော်မူပြီးသော ပင်စင်မယူမီ ၂၀၀၀ ပြည့်နှစ်တစ်ဝိုက်က တာချီလိတ်နဂါးနှစ်ကောင်ဆရာတော်ကြီးကို ဖူးမြော်ဖူးသည်။

ပါမောက္ခချုပ်ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ နှင့် စာရေးသူစွန်ရဲ (၂၀၁၈) ခုနှစ်



တော်၏ ဂုဏ်သတင်းက ဟိုးဟိုးကျော်ခဲ့သည်။ အထူးသဖြင့် ထိုင်းဘက်တွင် ပို၍ ဂုဏ်သတင်းကျော်ကြားနေသည်။

(တောဝက် ဘောလုံးအသင်းရှိရာ ဂူအရှေ့သို့ မိုင်းဖုန်းဆရာတော် ကြွရောက်မေတ္တာပို့သခဲ့မှု၊ တောဝက်ဘောလုံးအသင်းမှ လူငယ်လေးများ အသက်ဘေးမှ လွတ်မြောက်မှုများကြောင့် ယုံကြည်ကိုးကွယ်သူများ ပိုမို များပြားလာခဲ့သည်။)

ပြီးခဲ့သော နိုဝင်ဘာလက နဂါးနှစ်ကောင်ဆရာတော်ကြီးကို ဖူးတွေ့ခဲ့ရသည်။ ရေချိုးခန်းအတွင်း နှစ်ခါချော်လဲခဲ့ရာမှ ကျန်းမာရေး ဂရုစိုက်နေရသော အခြေအနေဖြစ်သည်။ သက်တော် (၉၀) နှစ် ရှိနေပြီ။

၂၀၀၀ ပြည့်နှစ် တစ်ဝိုက်က ရိုက်ကူးခဲ့သော ဓာတ်ပုံနှင့်ယှဉ်ကြည့်ပါက ကွာခြားနေခဲ့ကြပေပြီ။ ဇာတိဇရာပြီးသည့်နောက် ဗျာဓိ မရဏာ လာပေတော့မည်။

တိပိဋကယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ နှင့် စာရေးသူစွန်ရဲ (၂၀၁၇) ခုနှစ် (အောက်)



ရတုချိန်ယောက်၊ ဤခါရောက်မှ၊
ချုပ်ပျောက်ခန္ဓာ
သေစိမ့်ငှာဟု၊ သတ္တာဝါခပင်း၊
ရှင်သေမင်းနှင့် မိတ်သင်းဖွဲ့လျက်
အချိန်းအချက်လျှင်၊
တစ်စက်ကမှ၊ မရှိကြဘူး။
'အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ'

ဘုရားစကားလိုက်နာပွားသည်၊
တရားလက်မလွှတ်ကြစေနှင့်။
ဦးဝိစိတ္တသာရာဘိဝံသ

စာရေးသူစွန်ရဲ၏ အိမ်တွင် ချိတ်ဆွဲထားသော မင်းကွန်းဓမ္မနာဒဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ၏ အဆိုအမိန့်





H.M. King Norodom Sihanouk of Cambodia (left) seen in the Great Sacred Cave with H.E. the President of the Union of Burma (right) at the Second Session of the Great Recital

ကမ္ဘောဒီးယားဘုရင်နှင့် သမ္မတဦးဘဦး (ထက်)
မိုင်းဖုန်းဆရာတော်နှင့် စာရေးသူစွန်ရဲ
(၂၀၀၀) ပြည့်နှစ် (ယာ)







နဂါးနှစ်ကောင်ဆရာတော်နှင့် စာရေးသူစွန်ရဲ (၂၀၁၈) ခုနှစ် (ထက်)

ဆရာတော်နှင့်အတူ ရွှေကြိုင်ငံနယ်မြေမှ မိုင်းဖုန်းဆရာတော်ကိုပါ ဖူးမြော်ခဲ့ရသည်။

ထိုစဉ်က နဂါးနှစ်ကောင်ကျောင်းတိုက်မှဆရာတော်ကြီးကို လူသိများသည်။ တာချီလိတ်နယ်မြေသာမက ထိုင်းနိုင်ငံဘက်မှပါ ကြည်ညိုကိုးကွယ်ကြသည်။ ယခုနှစ်ပိုင်း အတွင်းတွင်ကား မိုင်းဖုန်းဆရာ အမှည့်တဝင်းဝင်း အကင်းတဖုတ်ဖုတ်ဆိုသော စကားပုံလည်း ရှိပေသည်တကား။

*(၁၉၅၆ ခုနှစ်က အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သော ဆဋ္ဌမသင်္ဂါယနာတင်ပွဲမှတ်တမ်း စာအုပ်အား ထိန်းသိမ်းထားရှိပေးသော ဆရာသင့်နော်အား အထူးကျေးဇူးတင်ရှိပါသည်။)*

ဆက်လက်ဖော်ပြပါမည်။

စွန်ရဲ

www.free4readers.com



# မရမာကြီးလူမျိုး နှစ်သောင်းဝန်းကျင်ခန့်သာရှိဟု ဆို

**ပြည်၊ ဒီဇင်ဘာ ၂**

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုဝင် မရမာကြီးလူမျိုး နှစ်သောင်းဝန်းကျင်ခန့်သာရှိတော့ကြောင်း သိရသည်။

“ကျွန်တော်တို့ရရှိထားတဲ့ စာရင်းတွေအရ ရခိုင်ပြည်နယ်မှာ အခြေစိုက်နေထိုင်ကြတဲ့ မရာမာကြီးလူမျိုးတွေဟာ လူဦးရေနှစ်သောင်းဝန်းကျင်လောက်ပဲရှိတော့မယ်။ နိုင်ငံတော်အဆင့် လဝကနဲ့စနစ်တကျ စာရင်းကောက်မှ ပိုပြီးတိတိကျကျ သိနိုင်မှာပါ။ တိုင်းရင်းသား ၁၃၅ မျိုးမှာ မရမာကြီးလူမျိုးက ရခိုင်စုထဲမှာပါ ပါတယ်”ဟု မရမာကြီးတိုင်းရင်းသားလူမှုဘဝတိုးတက်ရေးအသင်း၏တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးဇော်ဝင်းက ပြောသည်။

ငြိမ်းချမ်းရေးတွဲလက်များ မြစ်ဧရာမှာ ထပ်ဆင့်ပွားခရီးစဉ်အဖြစ် နိုဝင်ဘာ ၃၀ရက်က ပြည်မြို့တွင် ငြိမ်းချမ်းရေးသင်္ဘောဆိုက်ကပ်ခဲ့စဉ် ငြိမ်းချမ်းရေးခရီးစဉ်တစ်လျှောက် လိုက်ပါလာသည့် ဦးဇော်ဝင်းက အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်း ဖြစ်သည်။

မရမာကြီးလူမျိုးစုအနေဖြင့် နှောင်းလူငယ်များနှင့် အခြားပြည်သူများသိရှိရန် ဗုဒ္ဓဘာသာ၏ နေထူးနေ့မြတ်များတွင်ရွှေတိဂုံဘုရား၌ မန်ကျည်းဖျော်ရည်တိုက်ကျွေးခြင်းများ၊ အခြားဝေယျာဝစ္စများ ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ကြသည်ဟု သိရသည်။

“လူတွေက သိပ်မသိကြဘူး။ လူများတဲ့အချိန်ရွှေတိဂုံဘုရားမှာ ကုသိုလ်ပြုကြတယ်။ ရခိုင်၊ မွန်၊ ရှမ်း၊ ဗမာက ဗုဒ္ဓဘာသာတူတယ်။ အသံကွဲတာ ကျွန်တော်တို့က နမောစသတ် ဘဂဝတောလို့ထွက်ရင် ဗမာက နမော တဿ ဘဂဝတောလို့ ထွက်တာ ဒါပဲကွာတယ်။ ကျွန်တော်တို့က မာဂတပါဠိကို သုံးပါတယ်” ဟု သူကဆက်ရှင်းပြသည်။

ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့နှင့် လိုက်ပါလာရခြင်းသည် မြန်မာပြည်၏ တိုင်းရင်းသား ၁၃၅ မျိုး ချစ်ခင်စည်းလုံးပြီး နိုင်ငံ၏အနာဂတ်ကို လှပစေလို၍လိုက်ပါလာခြင်းဖြစ်ကာ ပြည်ဆိပ်ကမ်း၌နှစ်ညတာနားပြီး ငြိမ်းချမ်းရေးစကားဝိုင်းများ ပြုလုပ်ကာ ပြည်မြို့တွင်ငြိမ်းချမ်းရေး ဆိုင်းဘုတ်ကိုလည်း စိုက်ထူသွားခဲ့ကြောင်း သိရသည်။

**ထန်းထန်း (မဲဇလီ)**

# မကွေးတိုင်းတွင် လေအားလျှပ်စစ်မှ မဂ္ဂါဝပ် ၂၆၀ ကျော် ထုတ်လုပ်မည်

**မကွေး၊ ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီးအတွင်း လေအားလျှပ်စစ်စီမံကိန်းများမှ မဂ္ဂါဝပ် ၂၆၀ ကျော် ထုတ်ယူ သုံးစွဲနိုင်ရေး ပတ်ဝန်းကျင် လေ့လာဆန်းစစ်နိုင်ရန် သက်တမ်းတိုးစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စင်ကာပူနိုင်ငံ Infa Captial Myanmar-ReEx (ICM) ကုမ္ပဏီတို့ မဂ္ဂါဝပ် ၂၆၃ ကျော် ထုတ်လုပ်နိုင်ရေး လေ့လာဆန်းစစ်မှုများ ပြုလုပ်နိုင်ရန် ၂၀၁၇ ခုနှစ် ဧပြီလအတွင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် MoU သဘောတူစာချုပ် ချုပ်ဆိုပြီး ဖြစ်နိုင်ခြေ စမ်းသပ်နေစဉ် သက်တမ်းကုန်သွားသည့်အတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း နောက်ထပ်တစ်နှစ် သက်တမ်းတိုး သဘောတူစာချုပ်လွှာ ထပ်မံလက်မှတ်ရေးထိုးခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

“တာဝါတိုင် အမျိုးအစား ငါးမျိုးပေါ်မူတည်ပြီး ရွေးချယ်လိုက်တဲ့ တာဝါတိုင်အမျိုးအစားပေါ်မှာ ၁ မဂ္ဂါဝပ်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းကနေ ၂ ဒသမ၅ သန်းကြားကုန်ကျမှာပါ။ စီမံကိန်းတစ်ခုဟာ မဂ္ဂါဝပ် ၅၀ ဖြစ်တဲ့အတွက် အမေရိကန်ဒေါ်လာသန်း ၉၀ ကနေ ၁၂၅ သန်းကြား ကုန်ကျမှာပါ။ ဒါတွေက မြေယာလျော်ကြေး လမ်းဖောက်လုပ်တာတွေ အားလုံးပါဝင် ပါတယ်”ဟု Imfa Captial Myanmar-ReEx (ICM) ကုမ္ပဏီ စီမံကိန်းအင်ဂျင်နီယာ ဦးမင်းမင်းဆွေက ပြောသည်။

ဥပဒေအရ မကွေးတိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲနိုင်သော မဂ္ဂါဝပ်မှာ ၃၀ မဂ္ဂါဝပ်သာဖြစ်ပြီး မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပါက ပြည်ထောင်စုအဆင့်နှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်သည်။လေအားနှင့်ထုတ်လုပ်သော လျှပ်စစ်ကို မဟာဓာတ်အားလိုင်းသို့ ဆက်သွယ်ရောင်းချပါက တစ်ယူနစ်ကို မည်မျှနှင့် ရောင်းချမည်ကို ပြည်ထောင်စုအဆင့်နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ညှိနှိုင်းဆောင်ရွက်ပြီးစီးပါက တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်မှာစတင်၍ မကွေးတိုင်းဒေသကြီးမှတစ်ဆင့် နေပြည်တော်အပါအဝင် ပြည်နယ်တိုင်း ၁၅ ခုကို ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရမှ သိရသည်။

“၂၀၁၉ ခုနှစ် နှစ်လယ်လောက်မှာ PPA လျှပ်စစ်ဓာတ်အားဝယ်ယူရေး စာချုပ်ကို လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနနဲ့ လက်မှတ်ရေးထိုးနိုင်ခဲ့လျှင် ၂၀၂၁ ခုနှစ်လောက်မှာ စီမံကိန်း(Project)ပြီးမယ်လို့ ခန့်မှန်းထားတယ်။ စီမံကိန်း(Project) အတွက် လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေရှိလို့ ၂၀၁၉ ခု နှစ်လယ်မှာ စီမံကိန်း စတင်အကောင်အထည် ဖော်နိုင်မှာ ဖြစ်တယ်”ဟု စီမံကိန်းအင်ဂျင်နီယာက ပြောသည်။

Infa Captial Myanmar-ReEx (ICM) ကုမ္ပဏီက မကွေးတိုင်းဒေသကြီးအစိုးအဖွဲ့တို့ သဘောတူညီချက်အရ မင်းလှ၊ မင်းတုန်း၊ ငဖဲ၊ မင်းဘူး၊ချောက်နှင့် နတ်မောက်မြို့နယ်တို့မှ ဖြစ်နိုင်ခြေအများဆုံးဟုယူဆရသောမင်းလှမြို့နယ် ကန်တွင်းလေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၁၁၃ မဂ္ဂါဝပ်၊ မင်းတုန်းမြို့နယ် ဇင်းတောင် လေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၅၀ မဂ္ဂါဝပ်၊ ချောက်မြို့နယ် ဆင်ကလေအားလျှပ်စစ်စီမံကိန်းနှင့် စွယ်ပေါက်ကံ လေအားလျှပ်စစ်စီမံကိန်းနှစ်ခုတို့မှ ဓာတ်အား ၁၀၀ မဂ္ဂါဝပ် အပါအဝင် စုစုပေါင်း လျှပ်စစ်ဓာတ်အား ၂၆၃ မဂ္ဂါဝပ်ထုတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကြီး(သရက်)**

# ပြည်မြို့ရှိ အမှိုက်သိမ်းလုပ်ငန်းကို ပုဂ္ဂလိကသို့ ကန်ထရိုက်ပေးရန် စီစဉ်

**ပြည်၊ ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီးအနောက် ပြည်မြို့ရှိ အမှိုက်သိမ်း လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ကိုင်လိုသူ လုပ်ငန်းရှင်များအား ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်း ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ထိုကဲ့သို့ လုပ်ဆောင်နိုင်ရန် ယခု နိုဝင်ဘာလမှစတင်ပြီး အမှိုက်သိမ်းဆည်းသည့်အခါ ကောက်ခံမည့် နှုန်းထားများကို ကြေညာထားပြီး ဒီဇင်ဘာ၁၂ရက်နောက်ဆုံးထား၍ ကန့်ကွက်မည့်သူ မရှိပါက တိုင်းဒေသကြီး စည်ပင်မှတစ်ဆင့် တိုင်းဒေသကြီးအစိုးရထံ တင်ပြကာ အတည်ပြုချက် ရယူပြီးနောက် မြို့ခံလုပ်ငန်းရှင်များအား တင်ဒါခေါ် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

“ကန်ထရိုက်ပေးလိုက်ခြင်းအားဖြင့် အခုထက် အမှိုက်ပိုသိမ်းလာနိုင်မယ်။ မြို့ရဲ့ လမ်းဘေးတွေမှာ အမှိုက်ပုံနေတဲ့ဟာတွေ မီးဖိုချောင်သုံးအမှိုက်ထက် လုပ်ငန်းသုံး အမှိုက်တွေ လျော့နည်းသွားမယ်။ ညပိုင်းလည်း လိုက်သိမ်းမယ်ဆိုတော့လေ ပိုပြီးတော့လည်း မြို့က သန့်ရှင်းလာမယ်။ အမှိုက်ကင်းစင်လာမယ်လို့ယုံကြည်တယ်”ဟု ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ သူရဦးမြင့်သူက ပြောသည်။

ယခု အမှိုက်သိမ်းဆည်းသည့် စနစ်သည် နံနက်နှင့်နေ့လယ်ဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းသမားများက ညနေ ၆ နာရီမှ နံနက် ၆နာရီအတွင်း ညပိုင်းလုပ်ဆောင်မည်ဖြစ်၍ ယခင်ထက် ပိုမိုအဆင်ပြေနိုင်သည်ဟု သိရသည်။

“ညနေပိုင်းအမှိုက်သိမ်းတော့ ပိုကောင်းတာတစ်ခုက လူအများ အလုပ်ပြန်ချိန်မှာ အမှိုက်ကပါလာတတ်တာ ချက်ချင်းသိမ်းပေးသလိုဆိုတော့ အရင်စနစ်ထက်အဆင်ပြေနိုင်တယ်”ဟု စည်ပင်တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်မြို့တွင် တစ်ရက်လျှင် အမှိုက်စို၊ အမှိုက်ခြောက် စုစုပေါင်း ၂၄ တန်မှ ၂၅ တန်ထိ ထွက်ရှိပြီး စည်ပင်မှ တစ်ရက်လျှင် တန် ၂၀ ကျော်သာ သိမ်းဆည်းနိုင်ကြောင်း ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ သိရသည်။

**ထန်းထန်း (မဲဇလီ)**

# မိခင်ဖြစ်သူက ရေနွေးပူဖြင့် လောင်းလိုက်သည့်ကိစ္စ ပုံကြီးချဲ့ခံနေရဟု လွှတ်တော်ကိုယ်စားလှယ်ပြော

**ပန်းတောင်း၊ ဒီဇင်ဘာ ၄**

မိခင်ဖြစ်သူက အမျိုးသမီးတစ်ဦးကို ရေနွေးပူဖြင့်လောင်းလိုက်သည့်ကိစ္စအပေါ် ပုံကြီးချဲ့ခံနေရကြောင်း ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က ပြောသည်။

“အသားလွတ်ကြီး လူတစ်ယောက်ကို သွားလုပ်စရာ မရှိဘူးလေ။ သူတို့မှာ ဆက်နွယ်မှုတစ်ခုရှိမယ်။ မေမေ့ကိုလည်း လည်ပင်းကို ညစ်တယ်ဆိုလား၊ ကုတ်တယ်ဆိုလား၊ ကျွန်မကလည်း ကိုယ့်အလုပ်တွေနဲ့ ကိုယ်ရှုပ်နေတာဆိုတော့ စိတ်မဝင်စားနိုင်ဘူးလေ။ မိသားစုကိစ္စကိုပေါ့။ ကျွန်မကိစ္စမဟုတ်လို့ မဖြေချင်ဘူး။ ကျွန်မက ကျွန်မပဲ၊ ကျွန်မအမေက ကျွန်မအမေပဲ။ သူတို့ဖြစ်တဲ့ကိစ္စ သေချာမသိတော့ မဖြေချင်ဘူး။ ကျွန်မအမေကိုလည်း မဗျူးစေချင်ဘူး။ တစ်နိုင်ငံလုံးအနေနဲ့ ကျွန်မပြောပြဦးမယ်။ ဒီလိုမျိုးသေးသေးမွှားမွှားတွေ မိန်းမချင်း ရန်ဖြစ်တဲ့ကိစ္စတွေက အများကြီးလေ။ အဲဒါမျိုးကို သက်သက်ပုံကြီးချဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်အမေဆိုပြီးတော့ ကျွန်မဂုဏ်သိက္ခာထိခိုက်လို့ရှိရင်တော့ ကျွန်မဘယ်ခံမလဲ။ ကျွန်မက ဂယနဂဏ ဘာမှမသိတာ။ ကျွန်မဘက်က ပြောစရာ မရှိဘူး”ဟု ၎င်းက ပြောသည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့တွင် နိုဝင်ဘာ ၂၄ ရက်က ရွှေအပေါင်လာရွေးသည့်အမျိုးသမီးကို ရွှေဆိုင်ပိုင်ရှင်အမျိုးသမီးကြီးက ရေနွေးပူနှင့်လောင်းသောကြောင့် အတွင်းလူနာအဖြစ် ဆေးရုံတင်ထားရကြောင်း လူနာရှင်အသိုင်းအဝိုင်းမှ သိရသည်။

ထိုသို့ ရေနွေးပူဖြင့် လောင်းသောအမျိုးသမီးကြီးသည် ပန်းတောင်းမြို့ဝန်လိုရပ်ကွက်တွင် နေအိမ်ရွှေဆိုင်ဖွင့်လှစ်ထားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၏ အမေဖြစ်ကာ ဒဏ်ရာရသူမှာ ထိုရွှေဆိုင်သို့ နေ့စဉ်အဝင်အထွက် ရှိနေသူဟုသိရသည်။

“ကျွန်မအမျိုးသားက ရွှေလက်စွပ်လုပ်တာ အရည်မမီလို့ ပြန်ပြင်ဖို့ အပ်ထားတာ ၂၅ရက်ချိန်းထားတယ်။ ၂၄ ရက်မှာ အဘွားမနက်ဖြန် ၂၅ ရက်နော်လို့ ပြောတယ်။ သူက တီဗွီကြည့်နေတယ်။ အဘရောရှိတယ်။ သူက ထပြီးမီးဖိုဘက်ဝင်သွားတာ ကျွန်မကလည်း ခါတိုင်းလိုပဲ တုံးလုံးလှဲပြီး တီဗွီကြည့်နေတုန်း ဖြန်းဆို ပက်ချလိုက်တာ။ ပါးစပ်ကလည်း ငါ့ဘိုးတော်၊ ငါ့ဘိုးတော်လို့ အော်တယ်”ဟု ရေနွေးပူနှင့် အပက်ခံရသူမမိုးသူဇာက ပြောပြသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်ပြီး အိမ်ရှင်နှင့် အပြန်အလှန် အမှုဖွင့်ကြပြီး လူနာရှင်မှာ ချို့တဲ့သူဖြစ်၍ ဆေးဖိုးဝါးခကို ကိုယ်တိုင်မတတ်နိုင်ဘဲ ကူညီပေးသူများထံမှ ရယူနေရသည်ဟု ဆိုသည်။

“ဖြစ်တဲ့နေ့ မနက်ကတောင် ဝက်ရိုးလာယူဆိုပြီးခေါ်ပေးလို့ သွားသေးတယ်။ မနေ့ကလည်း မြစကိုင်းရွာကိုလက်စွပ်အတိုင်းယူခိုင်းလို့ သွားယူပေးရသေးတယ်။ အချင်းများတာ မရှိဘူး။ အဲဒီလို ရေပုံးအပြာနဲ့ရေနွေးပူထည့်ထားတာနဲ့ ပက်လိုက်တာ။ ထပြေးတော့ ဝုန်းခနဲ လဲကျသွားတယ်။ အော်ပြီးအကူအညီတောင်းတော့ ရောက်လာပြီး ဆေးရုံလိုက်ပို့ပေးတယ်။ ကျွန်မတို့မှာပိုက်ဆံလည်း မရှိဘူး။ သူတို့က လွှတ်တော်ကိုယ်စားလှယ်ရဲ့အမေ၊ အဘကလည်းဆရာဝန် အရာရာ ကျွန်မတို့ကနိမ့်ကျပါတယ်”ဟု မမိုးသူဇာက ပြောသည်။



လက်ရှိတွင် ဆေးရုံစရိတ်မှအစ အခက်အခဲရှိနေပြီး ပတ်ဝန်းကျင် လူများ၏ ကူညီမှုနှင့်ဆေးကုနေရကာ ဆေးကုသစရိတ်နှင့် လက်စွပ်ပြန်ရလျှင် ကျေနပ်ကြောင်း ၎င်းက ဆက်ပြောသည်။

“ဖြစ်စဉ်သိထားတာကတော့ အဲဒီအိမ်ထဲမှာဖြစ်တာပဲ။ ဒါကတော့ သူတို့ပြောတာတွေပဲရှိသေးတာပေါ့နော်။ မှန်တာမှားတာတော့ မသိဘူးပေ့ါ။ တိုင်ချက်ကိုပဲပြောတာပါ။ ကောင်မလေးက ငွေသွားချေးတာမှာအဘွားက မချေးဘူးပြောလို့ အကူအညီမပေးဘူးဆိုပြီး ကောင်မလေးကလည်း တိုင်ချက်အရ ပြောတာနော်။ အဘွားကို တွန်းလိုက်တယ်။ ကိုင်ဆောင့်တယ်။ အဲ့ဒါနဲ့ အဘွားကလည်းအဝတ်လျော်ဖို့လုပ်ထားတဲ့ ရေနွေးနဲ့ ပက်လိုက်တယ် တိုင်ချက်ထဲမှာတော့ ဒါပဲ။ နှစ်ဖက် အပြန်အလှန် ဖွင့်ထားတယ်ပေ့ါ။ ကျွန်တော်တို့ကတော့ အမှုဖွင့်ပေးရမယ့်တာဝန်ရှိတယ်လေ။ အခုတော့ စစ်ဆေးဆဲပဲရှိပါသေးတယ်” ဟု ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆန်းက ပြောသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ နိုဝင်ဘာ ၂၅ရက်တွင် ရေနွေးပူဖြင့်လောင်းခံရသူ မမိုးသူဇာက တရားလိုပြုကာ (ပ)၁၀၅/၂၀၁၈ လက်နက်/ ဓား / လောင်စေသောစေတတ်သောအရည်ဖြင့် ဒဏ်ရာရစေမှု ပုဒ်မ ၃၂၄ အရ အမှုဖွင့်က အပြန်အလှန်အဖြစ် ဒေါ်ညွှန့်ညွှန့်ကို တရားလိုပြုကာ အမှုဖွင့်ခဲ့ပြီး ထိုနေ့တွင်ပင် (ပ)၁၀၆/၂၀၁၈ ပိုင်နက်ကျူးလွန်မှု ပုဒ်မ ၄၅၁/ နာကျင်စေမှုပုဒ်မ ၃၂၃ အရအမှုဖွင့်ခဲ့ကြောင်း ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှ သိရသည်။

**ထန်းထန်း (မဲဇလီ)**

# စရိုက်နှင့် ဝါသနာ

ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ (Ph.D)



ယခင်တစ်ပတ်မှ အဆက်

ဒေါသစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ စိတ်တိုတယ်။ ကိုးလိုးကန့်လန့်နေတယ်။ ပစ်စလက်ခတ်ထားတယ်။ လမ်းလျှောက်ရင်လည်း ဆောင့်ကြီးအောင့်ကြီး လျှောက်တယ်။ ဖနောင့် သံပြင်းတယ်။ ဟော ဒေါသစရိုက်ရှိတဲ့ ပုဂ္ဂိုလ်က ဒီလိုပုံစံရှိတယ်။

မောဟစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ ဘာလုပ်လုပ် သေသေသပ်သပ် မရှိဘူး။ ကိုးရိုးကားယားတွေများတယ်။ အဲဒီတော့ ဒီဘဝမှာ စရိုက်ကလေးတွေကို ကိုယ်က ပြင်ဖို့တော့ လိုအပ်တယ်။ မပြင်လို့ရှိရင် ဘဝမှာ ဒီစရိုက်က လူဖြစ်ရင်လည်း ပုံပေါ်နေတယ်၊ တိရစ္ဆာန်ဖြစ်ရင်လည်း ပုံပေါ်နေတယ်။

စစ်ကိုင်းက ဘုန်းကြီးတို့ကျောင်းမှာ ခွေးလေခွေးလွင့်တွေရှိတယ်။ ကျောင်းက မွေးထားတဲ့ခွေး မဟုတ်ဘူး။ အကောင် ၃၀ ကျော်လောက် ရှိတယ်။ ဟိုက လာလွှတ်၊ ဒီက လာလွှတ်နဲ့။ ကျောင်းဆိုတော့ ထမင်းကျန်ဟင်းကျန်ပေါတာကိုး။ အဲဒီလို လာကပ်စားပြီးတော့ နောက်ကျောင်းထဲမှာမွေးတဲ့ ဇာတိသားတွေလည်း ရှိတာပေါ့နော်။ အဲဒီခွေးတွေကို နည်းနည်းအကဲခတ်ကြည့်မိတယ်။ ခွေးတွေကို အကဲခတ်ကြည့်တဲ့အခါ တချို့ခွေးက နေတာထိုင်တာ သပ်သပ်ရပ်ရပ်ရှိတယ်။ အညစ်အကြေးတွေဆိုရင် ပြောင်နေတဲ့ လမ်းပေါ်မှာ မစွန့်ဘူး၊ အမှိုက်ပုံတို့၊ တောထဲတို့ သွားစွန့်တယ်။ ဘယ်တော့မှ ပြောင်တလင်းနေတဲ့ နေရာမှာ မစွန့်ဘူး။ အဲဒီခွေးမျိုးကိုလည်း တွေ့ရတယ်။

အဲ၊ တချို့ခွေးကတော့ အဲဒီလိုမဟုတ်ဘူး၊ လမ်းဆိုလို့ရှိရင် အလယ်ကောင်မှာ လာပုံတယ်။ တစ်ခါတလေကျတော့ လှေကားအထက် ခြေသုတ်ခုံပေါ်မှာ လာပြီး မစင်စွန့်သွားတယ်။ တစ်ခါတလေကျတော့ ဘုရားရင်ပြင်မှာ လာပြီး မစင်စွန့်တယ်။ ကောင်းပေ့ဆိုတဲ့ နေရာမှာ မစင်စွန့်တဲ့ ခွေးမျိုးကလည်း ရှိတယ်။ ဒါလည်း စရိုက်ပဲပေါ့နော်။

ကိုရင်တွေ ဆွမ်းခံသွားတဲ့အခါ နောက်က ပါလာတဲ့ ခွေးမလေးတစ်ကောင် ကျောင်းကို လိုက်လာတယ်၊ အဲဒီခွေးမကလေးက လှတယ်။ ခွေးပေမယ့်လို့ ရုပ်ချောတဲ့ခွေး ရှိတယ်၊ ရုပ်ဆိုးတဲ့ခွေးရှိတယ်။ အဲဒီခွေးမလေးက ဝဝတုတ်တုတ် ဖြူနက်ကျားလေးဆိုတော့ သူ့ကို မိချောလို့ နာမည်ပေးထားကြတယ်။ အဲ အဲဒီခွေးမလေးက သဘော အတော်ကောင်းတယ်။ ဘယ်သူ့တွေ့တွေ့ အမြီး ပြုတ်ကျမတတ် ယမ်းရှာတယ်။ နားရွက်ကလေးစွင့်ပြီး အမြီးယမ်းပြီးတော့ လူတွေကို နှုတ်ဆက်တာ၊ မေတ္တာရှိကြောင်း ပြတာ။ တစ်ရက်တော့ သူ့ကို ခွေးကြီးတွေ ကိုက်မှာစိုးလို့ သူထွက်လို့မရတဲ့၊ ဘေးကခွေးတွေလည်း ဝင်လို့မရတဲ့ အထဲမှာ တံခါးပိတ်ပြီးတော့ ထားတာ၊ အော်နေတယ်။ တံခါးလည်း ဖွင့်ထုတ်လိုက်ရော ဘယ်ပြေးတုန်းဆိုတော့ တောထဲပြေးတာ။ နောက်ဖေးသွားချင်လို့။ ဩော်-တချို့ခွေးဆိုလို့ရှိရင် အဲဒီထဲမှာပဲ စွန့်ပစ်လိုက်မှာပေါ့။ မစွန့်ဘူး၊ ဒါ ခွေးပေမယ့်လို့ စရိုက်မတူဘူးနော်။ ညစ်ပတ်တဲ့ ခွေးရှိတယ်၊ မညစ်ပတ်တဲ့ခွေးရှိတယ်။ သဘောကောင်းတယ်၊ သန့်ရှင်းတယ်၊ နေတာထိုင်တာ လူတကာကို မျက်နှာချိုသွေးတယ်။

ကျောင်းတည်ခါစတုန်းက ခွေးနှစ်ကောင်ရောက်လာဖူးတယ်၊ တစ်ကောင်ကို မော်စီလို့ နာမည်ပေးပြီး တစ်ကောင်ကိုတော့ဂျော်ကီလို့ နာမည်ပေးထားတယ်။ အဲဒီ ခွေးနှစ်ကောင်ဟာလည်းပဲ တစ်ကောင်နဲ့ တစ်ကောင် စရိုက်ချင်း မတူဘူး။ မော်စီဆိုတဲ့ခွေးက ထမင်းဟင်းတွေ ချက်ထားပြီဆိုလို့ရှိရင် သူက အဲဒီ ထမင်းအိုးတွေနားမှာ အိပ်ပြီးတော့ စောင့်တာပဲ၊ ဒါ သူ့ဂျူတီပဲ။ ကျီးကန်းတွေ၊ ဘာတွေ၊ ငှက်တွေ မလာနဲ့၊ လူတွေမလာနဲ့။ မဆိုင်တဲ့လူတွေ အနားကပ်ရင် သူက ဟိန်းတာ။ သူ့ကိုဘယ်သူမှ တာဝန်ပေးတာ မဟုတ်ဘူး။ သူ့ဂျူတီ။ ဒါခွေးတွေရဲ့ အမူအကျင့်ကို အကဲခတ်ကြည့်တာနော်။ သင်ပေးထားတဲ့ခွေး မဟုတ်ဘူး။ နောက်ကျောင်းကို ဧည့်သည်တွေဘာတွေလာရင် သူက သိပ်ခင်တတ်တယ်။ ဧည့်သည်လာတဲ့အခါ ဧည့်သည်အပြန်ကို လိုက်ပို့ရမှ သူကကျေနပ်တာ။ ဒါလည်း သူ့စရိုက်ပဲ၊ သူ့ဝါသနာတစ်ခုပဲ။

တစ်ခုတုန်းကတော့ အဲဒီခွေးကို ဧည့်သည်တွေလာရင် လိုက်လိုက်ပို့လွန်းလို့ဆိုပြီးတော့ ဧည့်သည်ပြန်ခါနီးမှာ ကြိုးနဲ့ ချည်ထားတယ်။ ဧည့်သည်ပြန်တဲ့အခါ လိုက်မပို့ရလို့ သူခုန်ပေါက်နေတာ။ ကြိုးလည်း ဖြုတ်လွှတ်လိုက်ရော ကျောင်းပေါက်ထိအောင် ပြေးသွားတယ်။ ဧည့်သည်နောက် လိုက်သွားလိုက်သေးတယ်။ ဒါလည်း သူ့ရဲ့ ဝါသနာစရိုက်လို့ပဲ ပြောရမှာပဲ။

နောက် ဂျော်ကီဆိုတဲ့ခွေးကတော့ ဘာလုပ်တုန်းဆိုတော့ အစာအာဟာရလေးစားလို့ သူစားနေတဲ့အခါမှာ တခြားခွေးလာစားရင် မကိုက်ဘူး၊ ဖယ်ပေးတယ်၊ သဘောကောင်းပုံက။ အဲ သူဝနေတယ်ဆိုရင် ဘာလုပ်တတ်တုန်းဆိုရင် ထမင်းခဲလေး ချီချီပြီးတော့ မြေကြီးကို ယက်ပြီး အဲဒီထမင်းခဲကို မြေကြီးထဲမြှုပ်ပြီး သိမ်းတတ်တဲ့ အလေ့အကျင့်ရှိတယ်။ သူဆာရင်ဖော်စားဖို့ဆိုပြီး မတူညီတဲ့ သဘောလေးတွေကို ပြောပြတာပါ။ ဒါတိရစ္ဆာန်တောင်မှပဲ ဒီအမူအကျင့်လေးတွေ ရှိတယ်။ ဒါ သတိထားမိတဲ့အချက်ပဲ။

နောက် ကျောင်းမှာ ခွေးတစ်ကောင်ရှိသေးတယ်။ ရုပ်တော်တော်ဆိုးတယ်။ ဘယ်အခါဖြစ်ဖြစ် သူက မြင်လို့ရှိရင် ကျောင်းက ဘုန်းကြီးတွေလည်း ဟောင်တာပဲ၊ ဟိန်းတာပဲ။ ကျောင်းကမှန်းလည်း မသိ၊ အဝေးကလာမှန်းလည်း မသိ။ လူမြင်တာနဲ့ သူက ဟောင်တယ်၊ ဟိန်းတယ်။ ကျောင်းမှာနေပြီး ကျောင်းဘုန်းကြီးကို ဟောင်တယ်ဆိုတဲ့ ခွေးဟာ ဘယ်ဟုတ်တော့မလဲနော်။ အဲဒီခွေးကလည်း ရှိသေးတယ်။ အဲဒီတော့ သူက လူမြင်တာနဲ့ မျက်စောင်းထိုးတယ်၊ ဟိန်းတယ်။ အဲဒီတော့ ခဲနဲ့ပဲ အထုခံနေရတယ်။ အဲဒီခွေးက ဒေါသစရိုက် ရှိတဲ့ ခွေးတစ်ကောင်ပဲ။

အဲဒီတော့ ခွေးတွေကို အကဲခတ်ကြည့်မယ်ဆိုလို့ရှိရင် ဒါဟာ ဘဝါ ဘဝက အကျင့်ကြီးတွေ ပါလာတဲ့ သဘော ရှိတယ်လို့ ဒီလိုယူဆရတယ်။ လူတွေလည်း အတူတူပဲလေ၊ လူတွေလည်းကြည့်။ ခပ်တည်တည်နေတတ်တဲ့သူရှိသလို ပြောင်ချော်ချော် လုပ်တတ်တဲ့သူလည်း ရှိတာပဲနော်။ ပညာကြီးစားတဲ့သူရှိသလို ပညာကို တန်ဖိုးမထားဘဲနဲ့နေတဲ့ ပုဂ္ဂိုလ်လည်းရှိတယ်၊ ကြိုးစားတဲ့ပုဂ္ဂိုလ်ရှိသလို ပျင်းတဲ့ ပုဂ္ဂိုလ်လည်း ရှိတယ်နော်။ လူမှာလည်းပဲ အမူအကျင့်တွေဟာ တစ်ယောက်နဲ့တစ်ယောက် မတူဘူးတဲ့။ စိတ်တိုတတ်တဲ့သူ ရှိတယ်။ စိတ်ရှည်တဲ့သူ ရှိတယ်နော်။ တချို့ကျတော့ ထစ်ခနဲဆိုစိတ်က တိုပြီ၊ စိတ်မတိုသင့်တဲ့ နေရာတောင် စိတ်က တိုသေးတယ်။ လူတွေမှာလည်းပဲ ဒေါသစိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ အရာရာမှာ အင်မတန်မှ စိတ်တိုတတ်တယ်။

စစ်ကိုင်းမှာ ဆရာတော်ကြီးတစ်ပါး ရှိတယ်။ အဲဒီဆရာတော်ကြီးက စိတ်အင်မတန်တိုတယ်၊ သူစိတ်တိုတာက ထိန်းလို့မရအောင် တိုတယ်။ အိမ်တစ်အိမ်ကို ဆွမ်းစားကြွသွားတဲ့ အခါကျတော့ အိမ်ကို သူက အရင်ရောက်နေတယ်။ ရောက်နေတော့ အချိန်တန်တဲ့ အခါ ဒို့ပြင် ဘုန်းကြီးတွေက နောက်ကျနေတယ်။ မရောက်နိုင်ဘူး။ မရောက်နိုင်တဲ့အခါကျတော့ မင်းတို့ ဆွမ်းစားရမှာလားဆို ထပြန်သွားတယ်နော်။ စောင့်ရလို့ စိတ်တိုတယ်။ အဲဒါ တကယ်ရှိတာနော်။ တကယ်ရှိတာ။ ထစ်ခနဲဆိုရင် စိတ်တိုပြီးသားပဲ။

အဲဒီတော့ ဆိုလိုတာက ကိုယ့်ဘဝမှာ ကိုယ်ကိုယ်ကိုယ် စိတ်တိုတတ်သလား၊ စိတ်ရှည်တတ်သလား၊ လောဘတွေ များသလား၊ လောဘတွေ နည်းသလား၊ သို့မဟုတ် ကိုးရိုးကားယား စိတ်ရဲ့ အတွေးတွေဟာ မသေမချာတွေ ဖြစ်သလားဆိုတာ ကိုယ့်ကိုယ်ကိုယ် အကဲခတ်ရတယ်။ အကဲခတ်ပြီးတော့ ဒီဘဝမှာ ဒေါသတွေများနေလို့ရှိရင် မေတ္တာပွားပြီးတော့ လျှော့ချရတယ်။ ကိုယ့်စရိုက်ကို ကိုယ်ပြင်မှပဲ ဖြစ်တယ်တဲ့။ ကိုယ့်စရိုက်ကို ကိုယ်မပြင်ဘူးဆိုရင် ဘဝရောက်တိုင်း အကျင့်ပါသွားမှာပဲ။

တိရစ္ဆာန်တွေမှာလည်း ကြည့်လေ။ တိရစ္ဆာန်ထဲမှာ သဘောကောင်းတဲ့အကောင် ရှိတယ်။ နွားပဲ ကြည့်လိုက်ဦး၊ နွားတိုင်း သဘောကောင်းတယ်လို့ မအောက်မေ့လိုက်နဲ့၊ တချို့နွားက သဘောကောင်းတာရှိတယ်။ တချို့နွားက တရှူးရှူးနဲ့ ဟိုခွေ့ချင် ဒီခွေ့ချင်တအားရှိတာ။ အနိုင်ကျင့်ချင်တဲ့ နွားလည်း ရှိတာပဲ၊ ခွေးလည်း ထို့အတူပဲ၊ သဘောကောင်းတဲ့ခွေး ရှိတယ်၊ သဘောဆိုးတဲ့ ခွေးရှိတယ်။ ဒါအကျင့်တွေ ပါသွားတာ။

သို့သော် ကျားတွေ၊ ခြင်္သေ့တွေကျတော့ သဘောကောင်းတဲ့ကောင် သိပ်ရှိပုံမပေါ်ဘူး။ နဂါးတွေကလည်း သဘောကောင်းတဲ့ကောင် သိပ်ရှိပုံမပေါ်ဘူး။ ဒေါသကြီးတဲ့သူတွေက သေလို့ရှိရင် နဂါးဖြစ်မယ်၊ ကျားဖြစ်မယ်၊ ခြင်္သေ့ဖြစ်မယ်၊ မြွေဖြစ်မယ်နော်။ အမြဲတမ်း တရှူးရှူးနဲ့ နေတဲ့အကောင်တွေ။ ထစ်ခနဲရှိ ဒေါသ။

အဲဒီလိုဘဝမှာ အဖြစ်များတဲ့ ပုဂ္ဂိုလ်တွေလည်း လူဖြစ်လာလို့ရှိရင် အဲဒီအတိုင်းပဲနေမှာပဲ။ ဒေါသစိတ်တွေ များပြီးတော့ တရှူးရှူးနဲ့ဖြစ်တာ။ အဲဒါကြောင့်မို့လို့ အဋ္ဌကထာထဲမှာ နဂါးဘဝက လာတဲ့သူ၊ မြွေဘဝက လာတဲ့သူ၊ ခြင်္သေ့ဘဝကလာတဲ့သူ၊ ကျား ဘဝက လာတဲ့သူ၊ ကျားသစ်ဘဝက လာတဲ့သူ။ သတ္တဝါတွေကို ကိုက်စားတတ်တဲ့ ဘဝကလာတဲ့သူတွေဟာ ဒေါသစရိုက်ရှိတယ်လို့ ဒီလိုပြောတာ။ ဒါလည်း အလေ့အကျင့်ကြီးတစ်ခု ရသွားတာ ဖြစ်နိုင်တယ်။

ဒီစရိုက်ဆိုတာ ကိုယ်သိတတ်တဲ့ဘဝမှာ ကိုယ့်စရိုက်ကို လျှော့ချရတယ်။ မလျှော့ချဘူး၊ မပြင်ဆင်ဘူးဆိုလို့ရှိရင် ဒီစရိုက်ကြီးဟာ သံသရာကြီးမှာ ပါသွားမှာပဲ။ ပါသွားလို့ရှိရင် ရုပ်ပျက်ဆင်းပျက်နဲ့ ဘဝမှာ ဒီစရိုက်ဆိုးကြီးနဲ့ပဲ ဒုက္ခတွေအမျိုးမျိုးတွေ့ကြရမှာ ဖြစ်တယ်။ ဒါကြောင့်မို့လို့ အခုလို သိတတ်တဲ့ဘဝလေးမှာ စရိုက်တွေကို ပြင်ဖို့ လိုအပ်တယ်လို့ စရိုက်နဲ့ဝါသနာ။

### ဝါသနာဆိုတာ ပယ်ဖို့ခက်

ဝါသနာဆိုတာကျတော့ စရိုက်က ပြင်လို့ရပေမယ့် ဝါသနာဆိုတဲ့ ကိလေသာရဲ့သတ္တိကတော့ ဘုရားဖြစ်မှ သာလျှင် အကြွင်းမဲ့ ဖယ်ရှားပစ်လို့ရတယ်။ ရဟန္တာတောင်မှ ဝါသနာကို အကုန်ဖယ်ရှားလို့ မရဘူးတဲ့။ ဝါသနာဟာ ရဟန္တာတွေ ဖယ်လို့မရဘူးဆိုတာနဲ့ ပတ်သက်ပြီးတော့ ဝတ္ထုဇာတ်လမ်းလေးတစ်ခုကို မှတ်သားဖို့လိုအပ်တယ်။

မြတ်စွာဘုရားလက်ထက်တုန်းက "ဒေသတာပိယ" နတ်တွေက ချစ်ခင်ကြည်ညိုတဲ့နေရာမှာ အင်မတန်မှထူးချွန်တဲ့ ရဟန္တာကြီး တစ်ပါး ရှိတယ်။ သူ့ရဲ့ ဘွဲ့က "ပိလိန္ဒဝစ္ဆ"လို့ ခေါ်တယ်။ အဲဒီကိုယ်တော်ကြီးဟာ ဗုဒ္ဓဘာသာမဖြစ်ခင် သို့မဟုတ် သာသနာ့ဘောင် မဝင်ခင်တုန်းက သူက ဝိဇ္ဇာဓိုရ်ကြီး။ ခုခေတ်စကားနဲ့ ပြောရင် ဘိုးတော်ပေါ့နော်။ ဒါပေမဲ့ အဲဒီဘိုးတော်ဝိဇ္ဇာဓိုရ်က တကယ်အစွမ်းသတ္တိ ရှိတယ်နော်။ မန္တာန်အတတ်တွေကို သူကတတ်လို့ သူတစ်ပါးရဲ့စိတ်ကို သိတယ်။ အကြံကို သိတယ်။ သူတစ်ပါးရဲ့အကြံ၊ သူတစ်ပါးရဲ့စိတ်ကို အတတ် ဟောနိုင်တယ်။ အတတ်ဟောရုံတင်မကဘူး။ သူက ကောင်းကင်ပျံနိုင်တယ်။ အဲဒီစွမ်းအား နှစ်ခု ရှိတယ်။ မြန်မာပြည်မှာလည်း ယုံချင်ယုံ မယုံချင်နေ သူများစိတ်သိတယ်ဆိုတာ တချို့ရှိတယ်နော်။

ဘုန်းကြီးတို့ စစ်ကိုင်းမှာ ဘိုးတော်တစ်ယောက်က သူတတ်တဲ့အတတ်က ဘာတုန်းဆိုတော့ လူတစ်ယောက် သူ့ဆီကိုလာပြီဆိုရင် အိမ်ရောက်တာနဲ့ သူက ဘာတန်း ပြောသလဲဆိုရင်-

ရှေ့တစ်ပတ်ဆက်ရန်

> ဘယ်အခါဖြစ်ဖြစ် သူက မြင်လို့ရှိရင်
> ကျောင်းက ဘုန်းကြီးတွေလည်း
> ဟောင်တာပဲ၊ ဟိန်းတာပဲ။ ကျောင်းကမှန်းလည်း
> မသိ၊ အဝေးက လာမှန်းလည်း မသိ။ လူမြင်တာနဲ့
> သူက ဟောင်တယ်၊ ဟိန်းတယ်။ ကျောင်းမှာနေပြီး
> ကျောင်းဘုန်းကြီးကို ဟောင်တယ်ဆိုတဲ့ ခွေးဟာ
> ဘယ်ဟုတ်တော့မလဲနော် ...

www.free4readers.com

www.free4readers.com





ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပဲယင်း)

➤ စာမျက်နှာ (၁၁) မှ

နိုင်ငံရေးအရ ဘယ်လိုပြင်ဆင်မလဲ။ ကိုသိန်းသန်းဦး ပြောသလို ဥပဒေကြောင်းအရ ဘယ်လိုရင်ဆိုင်မလဲ။ အဲဒီလိုပြင်ဆင်မှုမရှိဘဲနဲ့ တရုတ်တွေလာရင်လဲ ကောင်းတာပဲ၊ လာရင်လည်း ငါတို့နည်းနည်းတော့ စားရသောက်ရမယ်။ ကြောက်တဲ့သူလည်း ကြောက်တယ်။ ဒီမှာ ကြုံကြိုက်လို့ပြောရရင် ကျနော်တို့ အင်မတန်မှ ချစ်ခင်လေးစားရတဲ့ ဆရာမကြီး ဒေါ်အမာက On The Other Side of River ကို ဘာသာပြန်ခဲ့တယ်။ အရမ်း လှပါတယ်။ ဘဝချင်းမတူတဲ့ တရုတ်တွေ၊ ကျနော်တို့နဲ့တော့ ဘဝချင်းမတူဘူး။ ဆရာမကြီး ဒေါ်အမာသားက ၁၉၈၈ မှာ ဝတ္ထုတိုတပုဒ်ရေးတယ်။ မြန်မာတပြည်လုံးရှော့ဖြစ်သွားတယ်။ တကယ့် အချက်ပေး ခေါင်းလောင်းသံပဲဖြစ်တယ်။ စပါးကြီးမြွေဆိုတာ ဖြစ်တယ်။ မန္တလေးသားတွေ ခံစားလို့ရပါတယ်။ ၁၉၉၅ မှာ ရန်ကုန်တက္ကသိုလ်က ကျောင်းသားလေးတွေက ကဗျာစာအုပ်တအုပ် ထွက်ပါတယ်။ ရာစုသစ်မြစ်ကျင်းဆိုတာဖြစ်တယ်။ အဲဒီမှာလည်း မန္တလေးနဲ့ပတ်သက်တဲ့ ကဗျာတပုဒ်ပါတယ်။ မန္တလေး အကြောင်းကို ပြောတာပါ။ ကဗျာထဲမှာ အင်မတန်ကို လှပတဲ့ နမိတ်ပုံလေးတခုပါပါတယ်။ သူက ဘယ်လိုသုံးထားလဲဆိုတော့ ခရုသင်းစွဲစပြုလာတဲ့မြို့၊ အဲဒီတော့ အဲဒီခရုသင်းဟာ စစွဲရင် လက်ဖျားလေးမှာ စွဲလိမ့်မယ်။ ခြေဖျားလေးမှာ စွဲလိမ့်မယ်။ ကျောမှာ စွဲလိမ့်မယ်။ ရင်မှာစွဲလိမ့်မယ်။ အခုဘယ်လောက်စွဲလဲ ကျနော်မသိဘူး။ နောက်ထပ်စွဲလို့ရှိရင် အူရော၊ အသဲရော၊ ကလီစာရော စွဲသွားလိမ့်မယ်လို့ ကျနော် ပြောပြချင်ပါတယ်။

“BRI မှာ မြန်မာက အကျိုးစီးပွား
အသာရစေဖို့လို့ပဲ ပြောပြော၊ မြန်မာနိုင်ငံရဲ့အကျိုးစီးပွားကို
အမြင့်ဆုံး မြှင့်တင်အောင်လုပ်မယ်လို့ ပြောပြော အခြေခံအချက်အနေနဲ့
ကျမတို့ ရသင့်ရထိုက်တဲ့ အကျိုးစီးပွားကို ပြည့်ပြည့်ဝဝ ရရှိအောင်လုပ်နိုင်ဖို့
အရေးကြီးပါတယ်။ အဲဒီလို ပြည့်ပြည့်ဝဝ ရရှိအောင်လုပ်ဖို့ အရင်ဆုံး
ရှင်းရှင်းလင်းလင်း သိရမှာကတော့ ကျမတို့ ဘယ်လိုအကျိုး စီးပွားတွေကို
လိုချင်တာလဲဆိုတာ ရှင်းရှင်းလင်းလင်း သိဖို့လိုတယ်။”

## ရသင့်ရထိုက်တဲ့ အကျိုးစီးပွားရဖို့လို

**မသင်းသင်းကျော်ကြီး**
**(China Desk တာဝန်ခံ - ISP Myanmar)**

BRI မှာ မြန်မာက အကျိုးစီးပွား အသာရစေဖို့လို့ပဲ ပြောပြော၊ မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားကို အမြင့်ဆုံး မြှင့်တင်အောင်လုပ်မယ်လို့ ပြောပြော အခြေခံအချက်အနေနဲ့ ကျမတို့ ရသင့်ရထိုက်တဲ့ အကျိုးစီးပွားကို ပြည့်ပြည့်ဝဝ ရရှိအောင်လုပ်နိုင်ဖို့ အရေးကြီးပါတယ်။ အဲဒီလို ပြည့်ပြည့်ဝဝ ရရှိအောင်လုပ်ဖို့ အရင်ဆုံး ရှင်းရှင်းလင်းလင်း သိရမှာကတော့ ကျမတို့ ဘယ်လိုအကျိုးစီးပွားတွေကို လိုချင်တာလဲဆိုတာ ရှင်းရှင်းလင်းလင်း သိဖို့လိုတယ်။ နောက်တခုက အဲဒီအကျိုးစီးပွားတွေသည်လည်း ကျမတို့နိုင်ငံက ရေရှည် ဘယ်ကိုရှေးရှုပြီးတော့ သွားနေလဲဆိုတဲ့ ကျမတို့ရဲ့ Vision နဲ့သွားပြီးတော့ ချိတ်ဆက်ထားဖို့ လိုပါတယ်။ ဥပမာ တရုတ်နိုင်ငံမှာဆိုရင် စောစောက ဆရာတွေ၊ ဆရာမတွေလည်း အများကြီး ပြောသွားကြတယ်။ China Dreams တွေ အများကြီး ရှိတယ်။ တရုတ်အိပ်မက်ဆိုတာ ရှိတယ်။ နောက်တခါ ရေတိုရေရှည် Milestone တွေ ရှိတယ်။ ၂၀၂၁ မှာ အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်တဲ့ တရုတ်နိုင်ငံကြီး တည်ထောင်ဖို့ ၂၀၃၀ မှာဆိုရင် တမျိုး၊ ၂၀၄၉ မှာတမျိုး စသည်ဖြင့် Milestone, Vision တွေ ရှိတယ်။ ဒီ BRI ဆိုတာ သက်သက်မဲ့ အကောင်အထည်ဖော်တာမျိုး မဟုတ်ဘူး Vision ကိုသွားပြီးတော့ အထောက်အပံ့ ဖြစ်ဖို့အတွက် တရုတ်က အကောင်အထည်ဖော်နေတာ ဖြစ်တယ်။

အဲဒီအခါမှာ Myanmar Dreams က ဘာလဲဆိုတာ ကျမတို့ ပြန်ပြီးတော့ စဉ်းစားရလိမ့်မယ်။ နောက်တခုက ဒီဟာတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ကျမတို့ Myanmar Dreams ကို ဘယ်လိုမျိုး သွားပြီးတော့ အထောက်အပံ့ပေးမလဲ။ ဘယ်လိုချိတ်ဆက်မလဲဆိုတာ စပြီးတော့ စဉ်းစားဖို့လိုလိမ့်မယ်။ အခု တရုတ်က မြန်မာနိုင်ငံမှာ BRI တွေ ဆောက်ချင်တယ်။ ရထားလမ်းတွေ ဖောက်မယ်။ ရေနက်ဆိပ်ကမ်းတွေ ဆောက်မယ်။ ကျမတို့ စဉ်းစားကြတာကတော့ ရထားလမ်းတွေ၊ ရေနက်ဆိပ်ကမ်းတွေ လာမယ်ဆိုရင် အထိုက်အလျောက် အထိ အလုပ်အကိုင်အခွင့်အလမ်းတွေရမယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရမယ်။ တရုတ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကနေလာတဲ့ ကွဲကူးရေပါ အကျိုးစီးပွားမျိုးကို မျှော်လင့်ကြတယ်။ စဉ်းစားကြတယ်။ အဲဒါကလည်း စဉ်းစားရမှာပါ။

ဒါပေမဲ့ ဒီထက်ပိုပြီး ကျမတို့ စဉ်းစားသင့်တယ်။ နောက်နှစ် ၃၀၊ ၅၀ မှာ မြန်မာနိုင်ငံကို ကျမတို့တွေ ဘယ်လိုမြင်ချင်တာလဲ။ ဒီနေ့ချတဲ့ အခြေခံအဆောက်အအုံတွေသည် အဲဒါကို အထောက်အပံ့ဖြစ်ဖို့ ဖြစ်ရမယ်။ ကျမတို့သည် ဖက်ဒရယ်ပြည်ထောင်စုကို ရည်မှန်းထားတယ်။ တိုင်းရင်းသားတော်တော်များများရော၊ ပြည်သူများရော ဒါသည် ကျမတို့ရည်မှန်းချက်ဖြစ်တယ်။

အဲဒါဆိုရင် ဒီနေ့ချတဲ့ အခြေခံအဆောက်အအုံသည် အနာဂတ် ဖက်ဒရယ်နိုင်ငံတော်အတွက် အခြေခံကောင်း၊ အထောက်အပံ့ကောင်းတွေ ဖြစ်နေဖို့လိုတယ်။ အဲဒီလိုပဲ ကျမတို့ စီးပွားရေးကို မြှင့်တင်မယ်ပြောကြတယ်။ ဘယ်အပိုင်းက မြှင့်တင်မှာလဲ။ Agricultural အပိုင်း၊ လယ်ယာစိုက်ပျိုးရေးအပိုင်းက မြှင့်တင်မှာလား။ ဒါမှမဟုတ် နည်းပညာပိုင်းကနေ မြှင့်တင်မှာလား။ ကျမတို့နိုင်ငံဆို လယ်ယာစိုက်ပျိုးရေးကို အဓိကထားတဲ့နိုင်ငံ ဖြစ်တယ်။ BRI သည် လယ်ယာစိုက်ပျိုးရေးကို တဖက်တလမ်းကနေ မြှင့်တင်နိုင်တဲ့ စီမံကိန်းတွေ ဒီဇိုင်းဆွဲဖို့ အများကြီးလိုတယ်။ အဲဒီလိုမှမဟုတ်ဘဲနဲ့ ကျမတို့က လတ်တလော အလုပ်အကိုင်ဖြေရှင်းရေး နိုင်ငံတကာဖိအားတွေ လျော့ကျရေး စသဖြင့် လတ်တလောပြဿနာတွေကို မီးစင်ကြည့်ကပြီး ဒီကွေ့ရောက် ဒီတက်နဲ့လှော်၊ ဟိုကွေ့ရောက် ဟိုတက်နဲ့လှော်ဆိုရင် ရတဲ့ရလဒ်ကလည်း လက်ပူတိုက် ကြပ်ပူထိုးတဲ့ရလဒ်ကိုလည်း ရလိမ့်မယ်။ အဲဒါလေးတချက် ကျမပြောချင်တယ်။

နောက်တချက်ကတော့ တရုတ်ရဲ့ အကျိုးစီးပွားဖြစ်တယ်။ ကျမတို့ အကျိုးစီးပွားကိုလည်း သိဖို့လိုသလို တရုတ်ရဲ့ အကျိုးစီးပွားကိုလည်း သိဖို့လိုတယ်။ တရုတ်က ဘာကိုမျှော်လင့်တာလဲ။ ဘယ်လိုအကျိုးစီးပွားတွေကို လိုချင်တာလဲ။ ပုံမှန်ဆိုရင် BRI သည် စီးပွားရေးစီမံကိန်း ဖြစ်တယ်လို့ ကြွေးကြော်လေ့ရှိတယ်။ ဒါပေမဲ့ ကျမတို့ တခု သတိချပ်ရမှာက တရုတ်သည် အင်အားကြီးလာတဲ့ နိုင်ငံတနိုင်ငံဖြစ်တယ်။ Rising Power သည် ဘယ်တော့မှ သူ့အကျိုးစီးပွားကို စဉ်းစားတဲ့အခါမှာ တကွက်တည်း မစဉ်းစားဘူး။ တရုတ်စဉ်းစားချက်တွေထဲမှာ အားလုံးလည်း ပြောသွားပြီးသွားပြီ။ ပြည်တွင်းမှာရှိတဲ့ နိုင်ငံတော်သည် အချိုးညီ ဖွံ့ဖြိုးတိုးတက်ရေးတို့ စသဖြင့် တရုတ်နိုင်ငံရဲ့ Image တိုးတက်ရေး၊ နိုင်ငံလုံခြုံရေး၊ စသဖြင့် အများကြီး မဟာမိတ်တည်ဆောက်ရေး စဉ်းစားကြမှာပါ။ ကျမတို့ အဲဒါကို ကောင်းကောင်း နားလည်ဖို့လိုတယ်။ အဲဒီလိုမှ နားမလည်ဘဲ ကောင်းကောင်း အသုံးမချဘူးဆိုရင် ကျမတို့ဖက်က နစ်နာရတာတွေရှိလာနိုင်တယ်။

ဥပမာပြောမယ်ဆိုရင် ပြီးခဲ့တဲ့ ယောမင်းကြီးဇရပ်မှာ အားလုံး သတိထားမိကြမယ်လို့ထင်တယ်။ Speaker တယောက်က ပြောသွားတယ်။ တရုတ်နဲ့ ရေနက်ပိုက်လိုင်းစီမံကိန်းမှာ ကျမတို့နိုင်ငံက ၄၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားတယ်။ အဲဒီမှာ ကျမတို့ရှုံးနေတယ်။ ရှုံးနေတယ်ဆိုတဲ့အခါမှာ အကျိုးအမြတ် မရသေးဘူး။ သူ့ရဲ့ အကျိုးစီးပွားကို နားလည်မယ်ဆိုရင်တော့ လေ့လာသူအနေနဲ့ သုံးသပ်လို့ရတာက ရေနက်ပိုက်လိုင်းစီမံကိန်းသည် တရုတ်အတွက် စီးပွားရေး အကျိုးအမြတ်ထက် စွမ်းအင်လုံခြုံရေး အကျိုးအမြတ်ကိုကြည့်တာ ပိုများတဲ့ စီမံကိန်းလို ဖြစ်တယ်။ အဲဒီလိုစီမံကိန်းမှာ ကျမတို့က ၄၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားတယ်ဆိုရင် ကျမတို့အတွက်ကတော့ ရှုံးတယ်။ ဒါပေမယ့် တရုတ်အတွက်ကတော့ စီးပွားရေးအရ အကျိုးအမြတ်မရပေမဲ့လို့ စွမ်းအင် လုံခြုံရေးအတွက် အထိုက်အလျောက် အထောက်အကူ ဖြစ်သွားတယ်။ ဒါပေမဲ့ ကျမတို့ဘက်မှာ လူမှုရေးအရရှုံးတယ်။ စီးပွားရေးအရ ရှုံးတယ်။ သဘာဝပတ်ဝန်းကျင်အရ ရှုံးတယ်။ ဒီလိုစီမံကိန်းတွေအပေါ်မှာ သင်ခန်းစာယူပြီးတော့ ရှေ့လျှောက် ဘယ်လို ပိုကောင်းအောင် လုပ်မလဲဆိုတာကို စပြီးစဉ်းစားဖို့ လိုလိမ့်မယ်။

နောက်ဆုံးတချက်အနေနဲ့ကတော့ ဒီစီမံကိန်းကို အကောင်အထည်ဖော်မယ်ဆိုရင် အစိုးရတရပ်တည်း ပြင်ဆင်ထားရုံနဲ့ မပြီးသေးဘူး။ ကျမတို့ ပြည်သူတွေက ဒီအပေါ်မှာ ပြင်ပြင်ဆင်ဆင်ရှိမထားဘူးဆိုရင် ဒီကရရှိလာတဲ့ အကျိုးအမြတ်တွေကို အများဆုံး ရိတ်သိမ်းနိုင်မှာ မဟုတ်ဘူး။ ဒါလေးလည်း သတိထားဖို့လိုတယ်။ စောစောက ဆရာအောင်နိုင်ဦး ပြောသွားတယ်။ ဒါသည် စောနေသေးတယ်။ Outline တွေ ရှာရဦးမယ်။ ဖြည်းဖြည်းချင်းသွားမယ် ဆိုတာမျိုးတွေ ဖြစ်တယ်။ ဒါပေမဲ့ ကျမတို့က တရုတ်ဘက်မှာက ဒီအချိန်မှာကတည်းကိုက တရုတ်ကုန်သည်တွေ၊ တရုတ်စီးပွားရေး လုပ်ငန်းရှင်တွေက ဘယ်လိုအပေါက်ဝင်ရမလဲ၊ ဘယ်လိုအခွင့်အလမ်းတွေ ရရှိမလဲဆိုတာကို တော်တော်များများ သိနေကြပြီးသား ဖြစ်တယ်။ ဒါပေမဲ့ ကျမတို့ မြန်မာနိုင်ငံမှာ ဖြစ်နေတာသည် အဆက်အသွယ်ကောင်းတဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေကလွဲလို့ အသေးစားနဲ့အလတ်စား စီးပွားရေး လုပ်ငန်းရှင်တွေမှာ ဘယ်လိုအခွင့်အလမ်းတွေရှိမလဲ ဆိုတာ မသိကြသေးဘူး။ ကဏ္ဍ ၁၂ ခု ပါဝင်တယ်။ ဘယ်ကဏ္ဍမှာ ဘယ်လောက်အတိုင်းအတာအထိ ရင်းနှီးမြှုပ်နှံမှာလဲ ဆိုတာ ကောင်းကောင်း Information မရှိကြသေးဘူး။ သတင်းအချက်အလက် ထုတ်ပြန်တဲ့အပိုင်းမှာပဲ ဖြစ်ဖြစ်၊ Vision အမြော်အမြင်ပိုင်းမှာပဲ ဖြစ်ဖြစ် ကျမတို့ ဒီထက်ပိုပြီးတော့ ထိထိရောက်ရောက် လုပ်ဖို့လိုမယ်လို့ ယူဆတယ်။ စောနေသေးတယ်လို့ ပြောလို့ရတယ်။ ဒါပေမဲ့ စောစောသိရလေလေ၊ စောစောပြင်ဆင်နိုင်လေလေ ကျမတို့ဘက်က ပြင်ပြင်ဆင်ဆင်ဖြစ်ပြီးတော့ အခွင့်အလမ်း အကျိုးအမြတ်ကို များများပိုပြီး ရယူနိုင်လေလေ ဖြစ်ပါလိမ့်မယ်။

ပြန်ချုပ်ရမယ်ဆိုရင်သုံးချက်ရှိပါတယ်။ ပထမဦးဆုံးအချက်က ကျမတို့နိုင်ငံက ဘယ်လိုအကျိုးစီးပွားကို လိုချင်တာလဲ၊ အဲဒီအကျိုးစီးပွားသည်လည်း ကျမတို့နိုင်ငံရဲ့ ရေရှည် Vision နဲ့ သွားပြီးတော့ ချိတ်ဆက်ထားနိုင်ဖို့ လိုပါလိမ့်မယ်။ နံပါတ်နှစ်အချက်ကတော့ ကျမတို့ အကျိုးစီးပွားကို သိသလိုမျိုး တရုတ်ရဲ့ အကျိုးစီးပွား ဘယ်လိုမျိုးစဉ်းစားလဲဆိုတာမှာလည်း ကောင်းကောင်း မွန်မွန် ညှိနှိုင်းနိုင်ဖို့ လိုပါလိမ့်မယ်။ နံပါတ်သုံးအချက်ကတော့ Information ဖြစ်တယ်။ Information ကို Transparency ရှိရပါလိမ့်မယ်။ Transparency ရှိမှပဲ Information တွေ ရရှိလိမ့်မယ်။ Information ရရှိမှသာ ကျမတို့သည် ဒီအပေါ်မှာ ကောင်းကောင်းမွန်မွန် ပြင်ဆင်နိုင်မယ်။ ဒီအပေါ်မှာ ယုံကြည်မှုတွေ တိုးတက်လာမယ်။ အဲဒီကနေမှ တဆင့် ဒီစီမံကိန်းသည် တရုတ်စီမံကိန်းပါလားဆိုတာ မဟုတ်ဘဲနဲ့ ကျမတို့ ကိုယ်ပိုင် Ownership ရှိတဲ့ စီမံကိန်းဖြစ်ဖို့ လိုပါလိမ့်မယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ဖော်ပြပါမည် ➤

www.free4readers.com



# တရုတ် – မြန်မာ စီးပွားရေးစင်္ကြံလမ်း စီမံကိန်းများအတွက် ပိပိရိရိရောက်လာသော တရုတ်ရင်းနှီးမြှုပ်နှံမှု ခြေလှမ်းများ

မောင်လွင်ပြင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီ၊ အတွင်းရေးမှူး မစ္စတာချန်းဟောင်တို့ တွေ့ဆုံစဉ်

ယခုလပိုင်းများတွင် တရုတ်နိုင်ငံ၏ နိုင်ငံတော်အဆင့်ခေါင်းဆောင်တို့ မြန်မာနိုင်ငံသို့ အရောက်အပေါက်များနေသည်ကို တွေ့မြင်နေရ၏။ တရုတ်နိုင်ငံကွန်မြူနစ်ပါတီ နိုင်ငံရေး၊ စီးပွားရေးရာ၊ နိုင်ငံတကာဆက်ဆံရေးရာအစရှိသည့် ရေးရာကော်မတီအကြီးအကဲပုဂ္ဂိုလ်များ၊ တရုတ်နိုင်ငံအစိုးရအဖွဲ့ဝင် အဆင့်မြင့်ပုဂ္ဂိုလ်များ ခရီးစဉ် စိပ်စိပ်လာရောက်နေကြရာတွင် မြန်မာအစိုးရက ဖိတ်ကြား၍ လာရောက်ခြင်းရှိသလို၊ တရုတ်နိုင်ငံက တရားဝင်တောင်းဆို၍ လာရောက်နေကြခြင်းများကို တွေ့နေရသည်။ တရုတ်နိုင်ငံအရေးကြီး ပုဂ္ဂိုလ်များ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့်အခါတွင်လည်း မြန်မာ့ထိပ်တန်းခေါင်းဆောင်များဖြစ်သော နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စသည့် အရေးကြီးပုဂ္ဂိုလ်များနှင့် ဦးစွာတွေ့ဆုံမှုပြုခဲ့ကြသည်။ ပြီးမှ လာရောက်ရသည့် ကိစ္စအပေါ် မူတည်ပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနများ၏ ပြည်ထောင်စု ဝန်ကြီးများနှင့် တွေ့ဆုံကာ နှစ်နိုင်ငံ စီးပွားဆက်ဆံရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထပ်မံနားလည်မှုရှိရေး၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံရေးကိစ္စအဝဝ အဆင်ပြေချောမွေ့စေရေး စသည်တို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ တရုတ်နိုင်ငံ၏ ဆိုင်ရာခေါင်းဆောင်ပုဂ္ဂိုလ်များ မြန်မာနိုင်ငံသို့ အရောက်အပေါက် စိပ်နေရခြင်း အခြေခံအကြောင်းတစ်ချက်မှာ တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်းများ ဖော်ဆောင်ရေးအတွက် အားထည့်စီစဉ်နိုင်ရေးဆိုလျှင် မမှားနိုင်ပါ။ ယခုအခါ တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် ကမ္ဘာ့ပတ်စီးပွားရှာမည့် ကူးသန်းရောင်းဝယ်ရေးအစီအစဉ် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု မဟာစီမံကိန်းကြီး စတင်နေပြီဖြစ်သည်။ ယင်းရပ်ဝန်းနှင့် လမ်းကြောင်းလှုပ်ရှားမှု အစီအစဉ်သည် မြန်မာနိုင်ငံက တာစထွက်မည့် သဘောရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံထဲ၌ တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်းများ ဖော်ဆောင်ပြီး အရှေ့တောင်အာရှအာဆီယံဒေသတွင် စတင်ခြေကုပ်ယူခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်အတူ အချိန်အခါသင့် ပေါ်ပေါက်လာသော စီးပွားရေးပူးပေါင်းဆောင်ရွက်ခွင့် အခွင့်အလမ်းကောင်းကို လက်လွှတ်မခံပေ။ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု မဟာဗျူဟာမြောက်အစီအစဉ် စတင်မိတ်ဆက်ဖွင့်လှစ်ပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်တက်ရောက်ပြီး မြန်မာနိုင်ငံက လှိုက်လှဲစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ယင်းသည် အင်အားကြီး အိမ်နီးချင်းတရုတ်နိုင်ငံအပေါ်ထားသော တက်ကြွ၍ လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို ဖော်ပြလိုက်ခြင်းလည်းဖြစ်မည်။ ထို့ပြင် မြန်မာ့ထိပ်တန်း ခေါင်းဆောင်များသည် အိမ်နီးချင်းဟူသည် မိမိတို့ရွေးချယ်ခွင့်မရသော အရာဖြစ်သည်။ ပထဝီနိုင်ငံရေးအရ ရရှိလာသည့် အိမ်နီးချင်းနိုင်ငံများကို လိုက်လျောညီထွေပေါင်းသင်းဆက်ဆံပြီး အတူတကွ ရှင်သန်ရမည်ဟူသော သဘောထားရှိကြပုံလည်း ရသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် ရပ်ဝန်းနှင့်လမ်းကြောင်းလှုပ်ရှားမှုအစီအစဉ်တွင် မြန်မာနိုင်ငံ တက်တက်ကြွကြွဖြင့် ပါဝင်ဆောင်ရွက်မည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းကြောင်းများ ဖော်ဆောင်ရာတွင် ပြည်တွင်း၌ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး ခွင့်ပြုပေးခြင်းဖြင့် နှစ်နိုင်ငံ အတူတကွ ရင်းနှီးမြှုပ်နှံမည်။ ပြည်တွင်း၌ အရပ်ဒေသအသီးသီးတွင် ရင်းနှီးမြှုပ်နှံတည်ဆောက်မည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းကြောင်းများဆိုသည့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု ကုန်သွယ်မှု မဟာစီမံကိန်းကြီး၏ လက်အောက်ခံစီမံကိန်းများပင် ဖြစ်သည်။

တရုတ်တို့အတွက် မြန်မာနိုင်ငံက စတင်တာထွက်လာမည့် စီးပွားရေးစင်္ကြံလမ်းများသည် ယူနန်ပြည်နယ် ကူမင်းမြို့မှ မူဆယ်သို့ ရထားလမ်းကြောင်း ချိတ်ဆက်မည်။ မူဆယ်မှ မန္တလေးသို့ ရထားလမ်း ထပ်မံချိတ်ဆက်မည်။ မန္တလေးသည် စင်္ကြံလမ်းကြောင်း ဆုံရပ်ဖြစ်မည်။ အိန္ဒိယနိုင်ငံ မိုရေးမှ မြန်မာနိုင်ငံတမူးသို့ လမ်းကြောင်းတစ်ကြောင်း ရှိမည်။ မိုရေး-တမူးမှ မန္တလေးသို့လာရောက်ချိတ်ဆက်မည်။ ဆုံရပ်ဖြစ်သော မန္တလေးမှ လမ်းကြောင်းနှစ်ကြောင်း ခွဲထွက်မည်။ မန္တလေးမှ ရန်ကုန်၊ သန်လျင်၊ သီလဝါ အထူးစီးပွားရေးဇုန်သို့ တစ်ကြောင်းသွားမည်။ မန္တလေးမှ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းသို့ နောက်တစ်ကြောင်းသွားမည်။ မန္တလေး-သန်လျင် သီလဝါလမ်းကြောင်းသည် မြဝတီကို ဆက်လက်ချိတ်ဆက်ပြီး ထိုင်းနိုင်ငံသို့ သွားမည်။ ထိုင်းမှ မလေးရှား-စင်ကာပူသို့ ဆက်ချိတ်ကာ အာဆီယံဒေသနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသတို့တွင် ရင်းနှီးမြှုပ်နှံ ကူးသန်းရောင်းဝယ်ကြမည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် အိန္ဒိယသမုဒ္ဒရာ ဝင်ထွက်ပေါက်ဟု သဘောထားသည်။ အိန္ဒိယသမုဒ္ဒရာကို ဖြတ်ပြီး အာဖရိကနိုင်ငံများနှင့် ဆက်သွယ်မည်။ ကူမင်း-မန္တလေး-ကျောက်ဖြူလမ်းကြောင်းသည် မြန်မြန်အကောင်အထည်ပေါ်လာစရာလည်း ရှိသည်။ ကူးမင်း-ကျောက်ဖြူရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းလမ်းကြောင်းက ရှိပြီးသား ဖြစ်သည်။ ယင်းရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး စီမံကိန်းများဆောင်ရွက်နေစဉ်ကတည်းက ယင်းပိုက်လိုင်းများနှင့်အပြိုင် ကူမင်း-ကျောက်ဖြူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော်ဖို့က တစ်ဆက်တစ်စပ်တည်း ရှိခဲ့ပြီးဖြစ်သည်။ သို့သော် ကျောက်ဖြူရေနက်ဆိပ်ကမ်း ရင်းနှီးမြှုပ်နှံရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖော်ဆောင်ရေးကိစ္စများ လုံးပန်းညှိနှိုင်းနေရသဖြင့် ကူမင်း-ကျောက်ဖြူ ရထားလမ်းစီမံကိန်းကိစ္စ ခဏဘေးချထားခြင်းဖြစ်ပါလိမ့်မည်။

နိုဝင်ဘာ ၂၆ ရက်က တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ Mr.Ning Jighe ဦးဆောင်သည့်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံခဲ့သည်။ လာရောက်တွေ့ဆုံရခြင်း အကြောင်းက ၂၀၁၈ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းများ ပူးတွဲတည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ နှစ်ဖက်ပြည်သူများ ဆောလျင်စွာ အကျိုးဖြစ်ထွန်းနိုင်ရေး စီမံကိန်းများ အမြန်အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းအစီအစဉ်များ ဆွေးနွေးရေးအတွက် ဖြစ်သည်။ ဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စင်္ကြံလမ်း စီမံကိန်းများ၊ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(MSDP)၏ လုပ်ငန်းအစီအစဉ်များ၊ ဦးစားပေးအစီအစဉ်များနှင့် လျော်ညီအောင် ဆောင်ရွက်ရေး၊ နှစ်ဖက်ပြည်သူများ၏ ရေရှည်အကျိုးစီးပွားအတွက် အထောက်အကူဖြစ်စေရေး၊ ပြည်တွင်းလုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ စနစ်တကျတိကျမှန်ကန်စွာ ညှိနှိုင်းဆောင်ရွက်ရေး စသည်တို့ လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်အစိုးရသည် မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးတွင် မြန်မာအစိုးရနှင့် ဆက်ဆံရာ၌ ရှေးနဂိုမူလမဆွကတည်းက တည်ရှိခဲ့သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို အရင်းခံသည်။ မြန်မာနိုင်ငံသားများနှင့်မြန်မာပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများတွင် ရက်ရက်ရောရော ပေးကမ်းလှူဒါန်းကူညီ ထောက်ပံ့သည်။ ငြိမ်းချမ်းရေး မတည်ဆောက်နိုင်သေးသော နယ်စပ်ဒေသများဖြစ်သည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ဒေါ်လာငွေများ ထောက်ပံ့ ပေးကမ်းသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ NCA စာချုပ် လက်မှတ်ရေးထိုးရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပနိုင်ရေး၊ အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေး၊

> မြန်မာနိုင်ငံသည် ဒီမိုကရေစီ
> ပြုပြင်ပြောင်းလဲရေးနှင့်အတူ
> အချိန်အခါသင့် ပေါ်ပေါက်လာသော
> စီးပွား ရေးပူးပေါင်းဆောင်ရွက်ခွင့်
> အခွင့်အလမ်းကောင်းကို လက်လွှတ်မခံပေ ...

စာမျက်နှာ (၂၉) သို့

www.free4readers.com



# Sexy ကျအောင် တမင်သက်သက်လုပ်ယူတာမဟုတ်ပေမယ့် Sexy ကျတာကို သဘောကျတဲ့ နွယ်နွယ်ထွန်း

"လူတွေ သတိထားမိတာ ညီမက ဓာတ်ပုံတင်ရင် ပို့စ်ဆန်းဆန်းလေးတွေတင်လို့ သတိထားမိတယ်လို့ ထင်ပါတယ်။ ညီမကို sexy မော်ဒယ် နွယ်နွယ်ထွန်း ဆိုပြီး နာမည်တပ်တာ ကြိုက်လား၊ မကြိုက်ဘူးလားဆိုတာကတော့ ညီမက ဓာတ်ပုံတွေတင်ရင် ကျော်ကြားဖို့၊ မကျော်ကြားဖို့ လုပ်တာ မဟုတ်ဘူး။ ခေါင်းစဉ်တပ်တာက မတူဘူး။ မျက်နှာပြပုံနဲ့လည်း sexy ကျလို့ရတယ်။ ခန္ဓာကိုယ်ပုံပြရင်းနဲ့လည်း sexy ကျလို့ ရတယ်။ ကိုယ့်ဘာသာကိုယ့်ခံယူချက်အပေါ် မူတည်တယ်။ ညီမက sexy ကျတာကြိုက်ပါတယ်။ ဓာတ်ပုံတွေက ဘယ်လိုပြောရမလဲ။ ညီမကို လုံးကြီးပေါက်လှတယ်လို့ ထင်ကြလား မသိဘူး။ ကိုယ့်ရဲ့ ခန္ဓာကိုယ် အရပ်၊ ကိုယ့်မှာရှိတဲ့ Body ပုံစံက သူတို့လိုချင်တဲ့ပုံစံ ကိုက်လို့နေပါလိမ့်မယ်။ ကိုယ်ကိုယ်တိုင်က sexy ကျအောင်လို့ တမင်သက်သက်လုပ်ယူတာမဟုတ်ဘူး။ ထဘီနဲ့ ဓာတ်ပုံရိုက်ရင် တင်ရင်ကော့ပြီးတော့ဝတ်တာ မရှိဘူး။ ဒီအတိုင်းလေးပဲ ဝတ်တာပဲ။ ညီမက နေရာနဲ့လိုက်တဲ့ အဝတ်အစားကတော့ ဝတ်မှာပဲ။ သူများတွေက ပြောကြတာရှိတယ်။ ညီမက ပိုလှလာတယ်တဲ့။ အဲ့ဒီအခါမျိုးကြရင် ညီမကို ခွဲစိတ်တာမျိုး လုပ်တယ်လို့ ထင်ကြမှာပေါ့။ ညီမက နေမကောင်းရင် တောင်ဆေးမထိုးဘူး။ ဆေးထိုးရမှာ အရမ်းကြောက်တယ်။ ပရိသတ်တွေ ထင်သလိုမျိုး ခွဲစိတ်ပြုပြင်ထားတာမရှိပါဘူး။ အမြင်အနေနဲ့ကတော့ အမျိုးမျိုးမြင်ခွင့်ရှိပါတယ်။ မြို့မှာနေတဲ့သူကဘာမှ မဟုတ်ပေမဲ့ နယ်က လူတွေကတော့ ပုံစံတစ်မျိုး ဖြစ်နေမယ်။ ညီမအနေနဲ့ကတော့ လူတစ်ယောက်က ကိုယ့်ကိုကြိုက်ခွင့် ရှိတယ်။ မကြိုက်ခွင့်ရှိတယ်။ ညီမရဲ့ လွပ်လပ်ပိုင်ခွင့်နဲ့ ညီမဓာတ်ပုံတွေ ရိုက်နေဦးမှာပဲ။ ညီမကို ကြိုက်ရအောင်၊ အားပေးမှုရှိအောင် ညီမလုပ်ယူနေတာ မဟုတ်ပါဘူး။ အားပေးမှုအတွက်လည်း ကျေးဇူးတင်ပါတယ်။ သက်မှူး



"သင်ဇာအခု ပေါင်က ၁၂၀ ဖြစ်သွားတယ်။ အရင်ကတော့ ၁၁၅ ပေါင်အထိပဲ တက်ဖူးတာ။ အခုက ဂျင်မဆော့ဖြစ်တာလည်း ကြာပြီဆိုတော့ လက်ရှိခန္ဓာကိုယ်ကိုယ် သဘောမကျဘူး။ ဖက်ရှင်အနေနဲ့က ပွဲတက်ရင် အခုလိုမျိုး sexy ပုံစံလေးတွေကိုပဲ ဝတ်ဖြစ်မှာပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ့်ကို လာငှားတဲ့သူတွေက sexy ဒီဇိုင်းလေးတွေပဲ ဝတ်ပေးပါလို့ ပြောပြီး လာငှားကြတော့ အခုလက်ခံထားတဲ့ ပွဲတိုင်းကိုတော့ sexy ပုံစံလေးတွေပဲ ဝတ်ဖြစ်မှာပါ။ တစ်ပွဲနဲ့ တစ်ပွဲ ပွဲတက်ဖက်ရှင်ကို ဒီဇိုင်းတစ်မျိုးတည်းတော့ လုပ်မနေ ပါဘူး။ ကွဲထွက်အောင်တော့ စဉ်းစားမှာပါ။ အခုပွဲတက်တွေများလို မီဒီယာနဲ့ အထိအတွေ့များတဲ့အတွက် ဖြစ်လာတယ်လို့ပဲ ထင်တယ်။ သင်ဇာခေတ်လို့တော့ ပြောလို့မရပါဘူး။ သင်ဇာဆိုတာကတော့ ကိုယ့်ကိုချစ်နေတဲ့သူတွေက သင်ဇာ့ကိုပဲ ချစ်မှာလေ။ ကိုယ့်ကတော့ ထူးခြားဆန်းပြားတာတွေ လုပ်သွားဖို့ ရှိတယ်။ ဘာဖြစ်လို့လဲဆိုရင် ပရိသတ်တွေက ကိုယ့်ကို တစ်သမတ်ကြီးပဲ မြင်ခဲ့တာ ၁၀ စုနှစ် တစ်ခုလောက် ရှိနေပြီ၊ ဒီပုံစံထဲက ကွဲထွက်ပြီး နောက်တစ်မျိုး ကြိုးစားပြီးတော့ သရုပ်ဆောင်ပိုင်းနဲ့ ဖက်ရှင်ပိုင်းတွေကိုရော ကြိုးစားပြီးတော့ ပြောင်းလဲသွားမှာပါ။ ပြောင်းလဲမှုကတော့ အခုလိုပုံစံလေးတွေနဲ့ ပြသွားမယ်။ သင်ဇာက အွန်လိုင်း ဈေးဝယ်တာတွေ အရမ်းလုပ်တယ်။ သူတို့တွေဝတ်ထားရင်တော့ အရမ်းမိုက်တယ်။ သူတို့ဝတ်တာကြည့်ပြီးတော့ လှရင် မှာလိုက်တယ်။ မှာပြီးမှ မဝတ်ဖြစ်ရင်လည်း နှမြောလို့ အခုလိုပွဲလေးတွေရှိရင် ဝတ်ဖြစ်ပါတယ်။ အားပေးမှုကလည်း ကြမ်းတယ်။ ဝေဖန်မှုတွေများတယ်ဆိုတာ သူတို့ဝေဖန်လည်း ကိုယ့်အလုပ်မပျက်ဘူး။ လုပ်နေရတာပဲ။ အလုပ်တွေ ပိုလုပ်ရတယ်လို့ သတ်မှတ်ထားတယ်။ အခြားတွေ မစဉ်းစားတော့ဘူး။ ဖက်ရှင်နဲ့ပတ်သက်ပြီးတော့လည်း ကိုယ့်ဝတ်လိုက်ရင် ကိုယ့်ကျေနပ်တယ်။ အခြားအပိုင်းက ကိုယ့်အပိုင်း မဟုတ်တော့ဘူး။ သင်ဇာရှာနေတာက ကိုယ့်မိဘအတွက်ပါပဲ။ သင်ဇာ့အနေနဲ့ အခုလတ်တလောက မစ်နိုက်ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကို ရိုက်နေပါတယ်။ ဒီကားက တစ်ညတာဖြစ်ပျက်တဲ့ အဖြစ်အပျက်ကို ပြန်ရိုက်ထားတာပါ။ သရဲကားပါ။ သက်မှူး

## ကိုယ့်ပုံစံက ၁၀ စုနှစ်မှာ တစ်သမတ်ကြီးပဲ မြင်တွေ့လာရတဲ့ပရိသတ်ကြီးအတွက် ပုံစံကွဲထွက်အောင် ကြိုးစားပြီး ပြောင်းလဲသွားမယ့် သင်ဇာဝင့်ကျော်



# Sexy မော်ဒယ်တစ်ယောက် ဖြစ်သွားတဲ့အတွက် ဝေဖန်မှုတွေကို ခံနိုင်ရည်ရှိတယ်ဆိုတဲ့ J Naw



နော်လေးက နည်းနည်းလေး sexy ပုံစံလေးတွေကို ဝတ်ရတာ ကြိုက်တယ်။ တစ်ခါတလေကြရင်လည်း လုံ လုံခြုံခြုံဝတ်ဖြစ်တာတွေ ရှိတယ်။ ဒါပေမဲ့ အများစုကတော့ J Naw လို့ပြောရင် ဒီလို sexy ပုံစံလေးတွေနဲ့ တွဲမြင်တတ်ပါတယ်။ sexy ဖြစ်ဖို့ ကြိုးစားနေကြတာဆိုပေမယ့် sexy ဆိုတာကတော့ အမျိုးမျိုးရှိတယ်။ sexy ဆိုတဲ့ စကားလုံးဝေါဟာရတစ်ခု အရမ်းကို ကျယ်ပြန့်တယ်။ ကိုယ့်ကို အားပေးနေတဲ့ ပရိသတ်တွေက ဝေဖန်ပေးတာပါပဲ။ သူတို့ရဲ့ဝေဖန်မှုက ကိုယ့်ရဲ့ အောင်မြင်မှုပါပဲ။ နော်လေးက ဝတ်နိုင်တဲ့ အတိုင်းအတာတစ်ခု အထိ ကိုယ့်ကိုယ့်ကိုယ် ယုံကြည်မှုရှိတယ်ဆိုတဲ့ အတိုင်းအတာ တစ်ခု အထိဆက်ဝတ်သွားမှာပဲ။

ကိုယ့်ဒီ အင်္ကျီအဝတ်အစားက ဘယ်လောက်ပဲလှလှ ကိုယ်ဝတ်လိုက်လို့မလှဘူးလို့ ခံစားရရင် ဒီအဝတ်ကိုဝတ်ဖို့ နော်အတွက် အဆင်မပြေတော့ဘူး။ အဲ့ဒီတော့ ဝတ်ဖို့ အဆင်မပြေတော့ဘူး။ အစီအစဉ်မရှိတော့ဘူး။ sexy နဲ့ပတ်သက်ပြီး ဝေဖန်မှုတွေပြောတဲ့အပေါ်မှာ ကိုယ့်က အနုပညာရှင်တစ်ယောက်၊ Sexy မော်ဒယ်တစ်ယောက်ဖြစ်တဲ့အတွက် ဒါကိုခံနိုင်ရည် ရှိတယ်။ နော်တို့လုပ်နေတဲ့အလုပ်နဲ့ သူတို့လုပ်နေတဲ့ အလုပ်က မတူဘူး။ နော်ကျောင်းနေတဲ့ အရွယ်မှာ ကျောင်းစိမ်းအဝတ်အစား ဝတ်တယ်။ အကယ်၍ နော်က မော်ဒယ် အလုပ်ကိုမလုပ်ဘဲ၊ ရုံးဝန်ထမ်းတစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် ရုံးအဝတ်အစားဝတ်ရမယ်။ သတ်မှတ်ယူနီဖောင်း ဝတ်ရတယ်။

အခုနော်က မော်ဒယ်တစ်ယောက်ဖြစ်တယ်။ ကိုယ့်ရဲ့ အလုပ်မှာ ဒီလိုဝတ်စားရမယ်ဆိုတာ မော်ဒယ်နဲ့ ဖက်ရှင်က တွဲပြီးတော့ ပါလာပြီးသားဆိုတော့ ကိုယ်အလုပ် လုပ်တဲ့အချိန်မှာ ဒီအဝတ်အစားဝတ်ရမယ်။ ဒါက နော်တို့အတွက်ကတော့ ယူနီဖောင်းပဲ။ ဒါဟာနော်ရဲ့ ရုံးချိန်ပဲ။ နော်ကို လစာပေးပြီးတော့ ငှားထားတာဆိုတော့ နော်ကတော့ ဝတ်ရမှာပဲလေ။ ဒါကို အပြစ်တင်တဲ့သူတွေကိုလည်း နော် စိတ်မဆိုးပါဘူး။ ကိုယ် ဘာလုပ်နေလဲဆိုတာ မသိလို့ ပြောကြတာပါ။

အဓိက ကိုယ်ဘာလုပ်နေလဲဆိုတာ သိဖို့အရေးကြီးတယ်။ ဘယ်လိုပြောရမလဲဆိုတော့ ထမင်းစားတဲ့ သူတိုင်းသိမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ထမင်းစားတဲ့ သူတိုင်း နားလည်တယ်။ သိတယ်လေ။ ကိုယ့်ကသာမန် ရိုးရိုးပွဲသွားတာ မဟုတ်ဘူးလေ။ အဲ့ဒီအချိန်မှာ နော်ကို ထမိ၊ ရင်ဖုံးနဲ့လာရင် နော်ကို ဘယ်သူက စိတ်ဝင်စားမှာလဲ။ ဒါကိုမှ ဝေဖန်ရင်လည်း စိတ်မဆိုးပါဘူး။ သက်မှူး

www.free4readers.com



# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ဇာတ်ညွှန်းကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က တည်းဖြတ်အတည်ပြုမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၃**

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ဇာတ်ညွှန်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တည်းဖြတ် အတည်ပြုမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောသည်။




"ဇာတ်ညွှန်းကို အခုလက်ရှိ အခန်း ၅၀ လောက် ကြည့်ပြီးပြီ။ နောက်ထပ် ၅၄ ခန်းလောက် ကျန်သေးတယ်။ ၁၀၄ ခန်း လောက်ဆို ရုပ်ရှင်က သုံးနာရီလောက် ကြာမယ်။ ကမ္ဘာမှာ ရုပ်ရှင်တွေက ၂ နာရီထက် ပိုကြာတာ မရှိပါဘူး။ ၃ နာရီဆို အီသွားမယ်။ ၂ နာရီစာ ဇာတ်ညွှန်းရတဲ့ အချိန်မှာ နိုင်ငံတော် အတိုင်ပင်ခံကို တင်ပြပြီးမှ နိုင်ငံတော် အတိုင်ပင်ခံက တည်းဖြတ်ပြီး အတည်ပြုပါလိမ့်မယ်။ အဲဒီအချိန်မှာ လိုအပ်တာတွေ ပြင်ဆင်ပါမယ်၊ လေ့ကျင့်ပါမယ်။ အချိန်ကာလ သတ်မှတ်ချက်ကို အတင်းအကျပ် ချုပ်ကိုင်မထားသော်လည်း ၂၀၂၀ အတွင်း ပြည်သူကို တင်ပြနိုင်လိမ့်မယ်လို့ ရာနှုန်းပြည့် ယုံကြည်ပါတယ်"ဟု ၎င်းက ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်သည် သိန်းပေါင်းတစ်သောင်းကျော် ကုန်ကျမည်ဖြစ်သော်လည်း ငွေကြေးနှင့် ပတ်သက်၍ ၎င်းအနေဖြင့် တာဝန်ယူကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသူရအောင်ကိုက ထပ်မံပြောသည်။

"ငွေကြေးနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌဖြစ်တဲ့ ကျွန်တော် တာဝန်ယူပါတယ်။ ကျွန်တော် အလှူခံ ကျွမ်းကျင်ပါတယ်။ ငွေရေးကြေးရေး မကြောင့်ကြပါနဲ့။ လိုအပ်တဲ့ အနုပညာကြေးကိုလည်း တန်ရာတန်ကြေးဖြစ်အောင် ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ အခုထိ ဒါရိုက်တာတွေ၊ သရုပ်ဆောင်တွေကအစ ငွေကြေး စကားမပြောသေးပါဘူး။ မေတ္တာနဲ့ အမျိုးသား ခေါင်းဆောင်ကြီးရဲ့ အတ္ထုပ္ပတ္တိကို သမိုင်းမှတ်တမ်းတင်ကြမယ့်သဘော ဖြစ်ပါတယ်။ သို့သော် တန်ရာတန်ကြေး ဂုဏ်ပြုသွားမှာပါ။ တပ်မတော်က အဲဒီခေတ်က အသုံးပြုခဲ့တဲ့ လက်နက်တွေ ကူညီပေးပါတယ်။ စစ်သမိုင်းပြတိုက်မှာလည်း ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်က အသုံးပြုတဲ့ အသုံးအဆောင်ပစ္စည်းတွေ လက်နက်တွေ အကုန်ပေ့ါ။ စစ်နဲ့ ပတ်သက်တာတွေ ထုတ်သုံးခွင့်ပြုမှာ ဖြစ်ပါတယ်။ အဲဒီဝတ်စုံတွေက နှစ်ပေါင်း ၇၀ ကြာပြီဆိုတော့ ဆွေးမြည့်နေပြီ။ တပ်မတော်ပိုင်းရော၊ ပြည်ထဲရေးပိုင်းရော၊ ဌာနအလိုက်ရော ကူညီပေးဖို့ သဘောတူ ဆုံးဖြတ်ထားကြပါတယ်"ဟု ၎င်းက ဆိုသည်။

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာလ ၂ ရက်က အမျိုးသားကဇာတ်ရုံတွင် ပြုလုပ်ခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ထိုသို့ ပြန်လည်ဖြေကြားခြင်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) ဦးလူမင်းက "ရိုက်ဖို့ နီးစပ်လာပြီလို့ ပြောလို့မရသေးဘူး။ အရင်ကထက်စာရင်တော့ နီးစပ်လာပြီလို့ ပြောလို့ရတယ်။ ဇာတ်ညွှန်းက အရေးကြီးဆုံးပါ။ အကြိမ်ကြိမ် တိုင်ပင်ညှိနှိုင်းနေရတယ်။ သမိုင်းဆိုင်ရာ အချက်အလက်တွေနဲ့ ဗိုလ်ချုပ်ရဲ့ အကြောင်းအရာတွေ အကုန်လုံးက ပစ်ရက်စရာ မရှိဘူး။ ကျွန်တော်က နောက်ဆုံး ဖိုင်နယ်ကျမှ ကြီးကြပ်သွားမှာပါ"ဟု ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်နှင့် ပတ်သက်၍ ပြည်သူလူထုကြား ဝေဖန်မှုမျိုးစုံ မြင့်တက်နေခဲ့ပြီး ရုပ်ရှင်ရိုက်ကူးရေးအတွက် ၂၀၁၂ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။

ကိုငှက်ခါး

## ထားဝယ်အထူးစီးပွားရေးဇုန် နောက်အစိုးရသစ် လက်ထက်မှသာ စတင်နိုင်မည်

ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းကို ပြန်လည်စတင်ရန် အရိပ်အယောင်များ ရှိနေသော်လည်း နောက်အစိုးရသစ် လက်ထက်ကျမှသာ စတင်နိုင်မည်ဖြစ်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းစောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများထံမှ သိရသည်။

အဆိုပါ အထူးစီးပွားရေးဇုန် စီမံကိန်းမှာ တိုင်းရင်းသားတို့၏ မြေယာကိစ္စများ၊ ငြိမ်းချမ်းရေးကိစ္စများနှင့် ဆက်စပ်နေခြင်းကြောင့် ထင်သလောက်မလွယ်ကြောင်း Eartha Rights International အဖွဲ့မှ Campaign Advisor ဦးဘိုဘိုအောင်က ပြောသည်။

"ထားဝယ် အထူးစီးပွားရေးဇုန် ပြန်စဖြစ်လိမ့်မယ်။ အခုဆို ၁၀ နှစ်ရှိပြီဆိုတော့ နောက်အစိုးရ လက်ထက်အထိတော့ ဖြစ်သွားလိမ့်မယ်။ ၂၀၂၀ နောက်ပိုင်းဖြစ်လိမ့်မယ်။ အခုလက်ရှိ အတိုးတက်ဆုံးက လမ်းပဲ၊ ငြိမ်းချမ်းရေးကိစ္စတွေ၊ တိုင်းရင်းသားကိစ္စတွေနဲ့ ဆက်နွယ်နေတာကြောင့် ပြန်စဖို့ ထင်သလောက်မလွယ်ဘူး"ဟု ၎င်းကပြောသည်။

"ထားဝယ်စီမံကိန်းနဲ့ ပတ်သက်ပြီးတော့ အရေးကြီးဆုံးကတော့ NLD အစိုးရအနေနဲ့ အရင်အစိုးရလို အမှားမျိုး မလုပ်မိဖို့ဘဲ။ တိုင်းဒေသကြီးရဲ့ ရှိပြီးသား တန်ဖိုးကို ဖော်ထုတ်ပြီး ရှေ့ဖြစ်လာမယ့် အလားအလာကို တွေးသင့်တယ်။ ထားဝယ်ပြည်သူလူထုက ဘာလိုချင်လဲ၊ နားထောင်ရင်း အားလုံးပါဝင်တဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ဖြစ်ဖို့ လိုတယ်" ဟု ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့ DDA ဒါရိုက်တာ ဦးသန့်စင်က ပြောသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို မြန်မာနှင့် ထိုင်းအစိုးရတို့ စီမံကိန်းတည်ဆောက်ရန် သဘောတူခဲ့သည်မှာ ၁၀ နှစ်ပြည့်ခဲ့ပြီဖြစ်ပြီး ဒေသနေလူထု ဆန့်ကျင်ကန့်ကွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခက်အခဲတို့ကြောင့် စီမံကိန်းအား ၂၀၁၃ ခုနှစ်တွင် မြန်မာအစိုးရမှ ဆိုင်းငံ့ထားခဲ့သည်။

ယခုဆိုလျှင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ပတ်သက်၍ မဖြေရှင်းရသေးသည့် ပြဿနာများစွာ ကျန်ရှိနေပြီး ပွင့်လင်းမြင်သာသည့် သတင်းအချက်အလက် ရရှိမှု၊ လျော်ကြေးနှင့် နေရာပြောင်းရွှေ့မှု လုပ်ငန်းစဉ်များသည် အရေးကြီးကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

"စီမံကိန်းစတင်စဉ်က ဒေသခံအနည်းငယ်ရဲ့ သဘောတူညီမှုကိုသာ ရယူခဲ့တယ်။ မြေယာသိမ်းဆည်းမှုတွေအတွက် မကျေနပ်ပါဘူး"ဟု ထားဝယ်ဒေသခံတစ်ဦးက ပြောသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း ပြီးမြောက်ပါက ရေနက်ဆိပ်ကမ်း၊ ရေနံသန့်စင်စက်ရုံ၊ သံမဏိစက်ရုံ၊ ဓာတ်မြေဩဇာနှင့် ရေနံဓာတုပစ္စည်းစက်ရုံ၊ စက်မှုလုပ်ငန်းများနှင့် ထားဝယ်မှ ထိုင်းနိုင်ငံ ကန်ချနပူရီသို့ ဆက်သွယ်ထားသည့် လမ်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကိုငှက်ခါး




## မြန်မာ့စွယ်စုံကျမ်း တည်းဖြတ်ပြင်ဆင်မှု ပထမတွဲ လာမည့် ၂၀၁၉ ခုနှစ်တွင် ထွက်ရှိမည်ဟုဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၃**

မြန်မာ့စွယ်စုံကျမ်းကြီးကို ခေတ်နှင့် လျော်ညီအောင် တည်းဖြတ် ပြင်ဆင်နေရာတွင် ပထမတွဲကို လာမည့် ၂၀၁၉ ခုနှစ်တွင် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေမြင့်က ပြောသည်။



"၁၉၅၀ ကျော်၊ ၆၀ ကျော် ဒီကာလတွေမှာဆိုရင် စာပေဗိမာန်ရဲ့ အစီအစဉ်တွေ အင်မတန်မှ ကောင်းပါတယ်။ အဲဒီအချိန်မှာ အထင်ရှားဆုံးက မြန်မာ့စွယ်စုံကျမ်းကြီးဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်းသည် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်ပါတယ်။ ဒီကနေ့အထိလည်း မှီငြမ်းနေရပါတယ်၊ နှစ်ကာလအားဖြင့် နှစ်ပေါင်း ၅၀ ကျော်၊ ၆၀ ကျော် ရှိနေပြီ ဖြစ်ပါတယ်။ စွယ်စုံကျမ်း တစ်ရပ်အနေနဲ့ သက်တမ်းရှိသော်လည်း၊ တန်ဖိုးတစ်ခုဖြစ်သော်လည်း စွယ်စုံကျမ်းပါ အကြောင်းအရာတွေကျတော့ သက်တမ်းလွန်နေတယ်ဆိုတဲ့ သဘောမျိုး ဒီကာလတွေနဲ့ မညီညွတ်တော့တဲ့ သဘော ရှိပါတယ်။ ပြောင်းလဲသွားတဲ့ အကြောင်းအရာ အချက်အလက်တွေ အများကြီး ရှိပါတယ်။ အဲဒီအချက်အလက်တွေနဲ့ မညီမညွတ် ဖြစ်သွားတာတွေ ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "ပြီးတဲ့နောက် နှစ်ပေါင်း ၅၀ ကျော်၊ ၆၀ ကျော်က အသိပညာတွေ အချက်အလက်တွေကို စွယ်စုံကျမ်းထဲ ထည့်သွင်းဖော်ပြဖို့ ရှိနေပါတယ်။ စွယ်စုံကျမ်းကြီးကို ခေတ်ကာလနဲ့ လျော်ညီအောင် ပြုစုပြင်ဆင် တည်းဖြတ်တာ၊ ဖြည့်စွက်တာတွေ လုပ်ရမယ်လို့ မြင်ပါတယ်။ အတွဲအစအဆုံး အတွင်းထဲမှာ အထားအသိုတွေကအစ၊ စာလုံးအရွယ်အစားကအစ တစ်ပြေးညီဖြစ်ဖို့ လုပ်နေပါတယ်။ မူကြမ်းထုတ်လုပ်ရေး ပြင်ဆင်ရေးနဲ့ အချိန်က တော်တော်လေးပေးရပါတယ်။ ယနေ့အထိ ပထမအတွဲ မထွက်နိုင်သေးပါဘူး။ လာမယ့်နှစ်ထဲမှာတော့ ပထမတွဲကို စတင်ထုတ်လုပ်နိုင်မယ်လို့ မျှော်လင့်ထားတဲ့အတွက်ကြောင့် အစဉ်အလာရှိခဲ့တဲ့ ပစ္စည်းတစ်ရပ်ကို အသစ်ပြင်ဆင်တာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဒီဇင်ဘာ ၃ ရက်က ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာတွင် ပြုလုပ်သည့် မြန်မာ့ဂန္ထဝင် အတွဲ ၁၀၀၊ စာစဉ် အတွဲသုံးတွဲ မိတ်ဆက်ခြင်း အခမ်းအနား၌ ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုအခါ မြန်မာ့စွယ်စုံကျမ်းကြီးကို ပြင်ဆင်ဖြည့်စွက်တည်းဖြတ်ခြင်း လုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့က ဆောင်ရွက်လျက်ရှိနေပြီး နဂိုရှိပြီးသားကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ရခြင်းဖြစ်သော်လည်း လက်ဝင်သည့် သဘောရှိခြင်းကြောင့် ယခုတစ်နှစ်ကျော်ကြာသည့်တိုင် ပထမတွဲ မထွက်ရှိနိုင်သေးခြင်းဖြစ်ကြောင်း သိရသည်။

ကိုငှက်ခါး

www.free4readers.com

စာမျက်နှာ (၂၃) အင်တာဗျူးမှ အဆက်



ကိုယ်ထည် အဲဒီလောက်အထိ ရပြီ။ ခုနလို ခေါင်းလောင်းကြီးချည်ဖို့က ရာသီဥတုက မိုးတွင်းကျတာရယ်။ သဲစုပ်ပြီး ကျွန်တော့် အနားမှာ သဲတွေလာပြန်ချတော့ ကမူဖြို လိုက်၊ သဲပြန်အုပ်လိုက်ပေါ့ဗျာ။ အဲဒီလိုတွေ ဖြစ်နေတယ်။ အလှူရှင်တွေကလည်း နောက် ဆုတ်သွားတော့ ကျွန်တော်ရပ်နားခွင့် ခဏ တင်လိုက်တာ။ အစိုးရရွေးကောက်ပွဲ အပြောင်းအလဲတွေ၊ ဘာတွေနဲ့ဆိုတော့ ကျွန်တော် အစိုးရသစ်လက်ထက်မှာလည်း ခွင့်ပြုချက်တင်တာပေါ့၊ မိုးတွင်းဖြစ်လို့ မချပေးဘူးတဲ့ မိုးကုန်လို့ ပြန်တင်တော့လည်း မကျလာပြန်ဘူး။ ရှေးဟောင်းသုတေသနကိုလည်း တင်ပါတယ်။ အရင်က နိုင်ငံတော်အစိုးရရယ် ရှေးဟောင်းသုသေသနရယ် ခွင့်ပြုချက်နှစ်ခု ရှိပါတယ်။

**Speaker ။ ။ ခေါင်းလောင်းနဲ့ ပတ်သက်လို့ ရည်မှန်းချက်ရော ဘယ်လိုထားလဲ။**

UKW ။ ။ ကျွန်တော် ကြိုးစားနေပါတယ်။ ကျွန်တော့်အပိုင်းက မပြီးသေးတော့ ပြောရမှာ အားမရှိဘူးပေါ့ဗျာ။ ကျွန်တော့်ကို စပွန်စာပေးမယ့်သူ တစ်ယောက်ရှိတယ်၊ လက်ထဲမှာ ၁၅ သိန်း၊ သိန်း ၂၀ လောက် ရှိရင်တောင် ကျွန်တော် အလုပ်လုပ်လို့ ဖြစ်တယ်။ သားသမီးတွေက တစ်လသုံးသိန်းပို့ပေးတယ်။ အဲဒါနဲ့ ကျွန်တော်ရပ်တည်နေတယ်၊

**Speaker ။ ။ စက်ပစ္စည်း အခက်အခဲရယ်၊ ငွေကြေးရယ်၊ နောက်ထပ်အခက်အခဲ ဘာရှိသေးလဲ။**

UKW ။ ။ အဲဒါအပြင်ကို အစိုးရကလည်း ခွင့်ပြုချက် မရသေးဘူးပေါ့ဗျာ။ အစိုးရက ကျွန်တော့် plan တောင်းတယ်။ ဒီစက်၊ ဒီစက်တွေ၊ ရေထဲမှာသွားဖို့ လှေမရသေးဘူး။ ဖောင်တော့ရှိတယ်၊ အင်ဂျင်မတပ်ရသေးဘူး။ အင်ဂျင်တော့ရပြီ ဒါပေမဲ့ မပေါင်းစပ်နိုင်သေးဘူး။ အင်ဂျင်နဲ့၊ ဖောင်နဲ့၊ ပန့်နဲ့၊ ကွန်ပရက်စာကတော့ ခေါင်းလောင်းကို လေအိတ်နဲ့ လေထိုးပြီး ဆွဲတင်မှာပေါ့။

**Speaker ။ ။ အစိုးရဆီက ခွင့်ပြုချက် ဘယ်တော့တောင်းမလဲ။**

UKW ။ ။ ကျွန်တော့်ဘက်က စက်ပစ္စည်းကိရိယာတွေ အားလုံးအဆင်သင့် ဖြစ်ပြီဆိုရင် တိုင်းဒေသကြီးအစိုးရဆီက ကျွန်တော် ခွင့်ပြုချက်တောင်းမှာပေါ့။ အဲဒါကျရင် စွမ်းအင်ဝန်ကြီးကို ခွင့်ပြုချက်တောင်းမယ်။ လုပ်ပိုင်ခွင့်ချပေးမယ်ဆိုရင် ကျွန်တော် တစ်ယောက်တည်းသွားမယ်။ ဒီကိစ္စ လူများများ မလိုဘူး။

**Speaker ။ ။ ဆယ်ယူရေးအပိုင်းမှာ ဘယ်အပိုင်းက အခက်ခဲဆုံးဖြစ်မလဲ။**

UKW ။ ။ သူက သုံးပိုင်းရှိတယ်။ ရှာတာက တစ်ပိုင်း၊ ကမူဖြိုတယ်၊ ရှင်းလင်းရေးပေါ့။ ပြီးတော့ ကွင်းကိုကြိုးချည်တဲ့အပိုင်း ကွင်းကြိုးချည်လို့ရပြီဆို ရာခိုင်နှုန်း ၈၀ လောက် ပြောလို့ရတယ်။

**Speaker ။ ။ ဓမ္မစေတီခေါင်းလောင်းနဲ့ ပတ်သက်ပြီး ဘာများဖြည့်စွက်ပြောချင်လဲ။**

UKW ။ ။ ဒီကိစ္စ အစိုးရနဲ့ ပြည်သူ အားပေးထောက်ခံမှု ရရင်တော့ သိပ်ကောင်းတာပေါ့။ ကျွန်တော့်တစ်ယောက်တည်း ဆန္ဒနဲ့ဆို ခွင့်ပြုမိန့်တွေ၊ ဘာတွေက ရှိသေးတယ်လေ။ မင်းနဲ့ပြည်သူ ညီညွတ်ရင် ရမယ်လို့ ယူဆတယ်။

ကိုငှက်ခါး

**ကျွန်တော့်ကို စပွန်စာပေးမယ့်သူ တစ်ယောက်ရှိတယ်၊ လက်ထဲမှာ ၁၅ သိန်း၊ သိန်း ၂၀ လောက် ရှိရင်တောင် ကျွန်တော် အလုပ်လုပ်လို့ ဖြစ်တယ်၊ သားသမီးတွေက တစ်လသုံးသိန်းပို့ပေးတယ်၊**









ဒေါက်တာသိန်းအောင်

# ငြိမ်းချမ်းသည့် ငှက်တို့ဘဝ အေးချမ်းရေး (၁)



ငှသည် မျိုးရင်း (Family) Columbidae ၊ မျိုးစု (Genus) Treron တွင် ပါဝင်သည့် ငှက်မျိုးစိတ်များ ဖြစ်ပြီး ငှကြီးသည် ခန္ဓာကိုယ်အရွယ် အကြီးဆုံး ငှမျိုးစိတ်ဖြစ်သည်။ အင်္ဂလိပ်အမည်မှာ (Large Green-pigeon) ဖြစ်ပြီး သိပ္ပံအမည်မှာ *(Treon capellei)* ဖြစ်သည်။ ငှမျိုးစိတ်တို့သည် ယေဘုယျအားဖြင့် ခို၊ ချိုးနှင့် ပုံသဏ္ဌာန်တူပြီး အစိမ်း၊ အဝါ ရောနှောသည့် အရောင်များသည့် ငှက်မျိုး ဖြစ်သည်။

ငှကြီးသည် အထီးအမ အမွေးအတောင် တူညီသည်။ အထီးသည် အရွယ်ပိုကြီးသည်။ နှုတ်သီး တောင့်တင်းသန်မာသည်။ မျက်ကွင်း၊ ခြေထောက်နှင့် ခြေချောင်းတို့သည် အဝါရောင် ဖြစ် သည်။ ကိုယ်ထည်အပေါ်ပိုင်းသည် အစိမ်းရောင် ဖြစ်သည်။ ဦးခေါင်းသည် အစိမ်းရောင်ဖြစ်ပြီး မျက်နှာသည် မီးခိုးရောင် ဖြစ်သည်။ ရင်ပိုင်းတွင် သိသာ ထင်ရှားသော လိမ္မော်ရောင်အကွက် ပါရှိသည်။ အောက်အမြီးဖုံးပိုင်းသည် နီညိုရောင်ရင့်ရင့်ဖြစ်သည်။ အမသည် အထီးနှင့် ဆင်တူသော်လည်း ရင်ပိုင်းတွင် အဝါရောင်အကွက်ဖြစ်သည်။ အောက်အမြီးဖုံးပိုင်းသည် နို့နှစ် အဝါနုရောင်တွင် အစိမ်းရောင် ပြောက်ကျားဖြစ်သည်။

တောင်ခြေ၊ မြေနိမ့်ပိုင်းတို့တွင် အမြဲလိုလို နေထိုင်ကျက်စားကြသည်။ အကောင်ရေ (၁၀-၁၂) ထိ နည်းနည်းဖြင့် အုပ်စုဖွဲ့နေတတ်သည်။ မိုးသစ်တောအတွင်း သစ်သီးသစ်ပင်များ၏ ရွက်အုပ်အတွင်း နေထိုင်ကျက်စားကြသည်။ အမြဲစိမ်းတော၊ ရေချို နွံညွန်သစ်တော၊ သစ်တောစပ်နှင့် အပင်များ ခုတ်လှဲ ရှင်းလင်းထားသည့် နေရာများတွင် နေထိုင်ကျက်စားသည်။ အမြင့်မီတာ ၂၀၀ ထိ ကျက်စားပြီး၊ အမြင့် မီတာ ၁၂၂၀ ထိ ရှားပါးစွာ ကျက်စားသည်ကို လေ့လာတွေ့ရှိသည်။ Greater Sundas တွင် ဌာနေငှက်အဖြစ် နေထိုင်ကျက်စားသည်။ အရှေ့တောင်အာရှတွင် တနင်္သာရီ တောင်ပိုင်း၊ ထိုင်းနိုင်ငံတောင်ပိုင်း၊ မလေးကျွန်းဆွယ်တို့တွင် ရှားပါးစွာ နေထိုင် ကျက်စားသည်။ ငှတို့သည် ဖေဖော်ဝါရီမှ ဇွန်လထိ မိတ်လိုက် သားပေါက်ကြသည်။ အသိုက်ကိုမြေပြင်မှအမြင့် (၃-၄) မီတာအထက် သစ်ပင်သစ်ကိုင်းများတွင် ခနော်နီ ခနော်နဲ့ ဆောက်လုပ်တတ်ကြသည်။ တစ်ကြိမ်လျှင် ဥတစ်လုံးသာ ဥသည်။



ငှမြီးသွယ် (အထီး)

ငှမြီးသွယ်သည် မြန်မာနိုင်ငံတွင် နေထိုင်ကျက်စားသည့် ငှငှက်မျိုးစိတ် တစ်မျိုးဖြစ်သည်။ အင်္ဂလိပ်အမည်မှာ (Pin-tailed Green-pigeon) ဖြစ်ပြီး သိပ္ပံအမည်မှာ (Treron apicauda) ဖြစ်သည်။ အထီး၏ အမြီးသည် သတ်ပုံသဏ္ဌာန်ဖြစ်ပြီး မီးခိုးရောင်ဖြစ်သည်။ အမြီးအပြင်ပိုင်း အမွေးအရင်းသည် အမည်းရောင်ဖြစ်သည်။ အမြီး အလယ်အမွေးသည် ရှည်ထွက်နေသည်မှာ သိသာထင်ရှားသည်။ မျက်နှာချိုင့်နှင့် သွယ်လျသည့် နှုတ်သီးအခြေသည် တောက်ပသည့် အပြာရောင်ဖြောင်ဖြစ်သည်။ အများအားဖြင့် ကိုယ်ထည်သည် တောက်ပသည့် အစိမ်းရောင်ဖြစ်ပြီး၊ ရင်ပိုင်းတွင် ဝါဖျော့ဖျော့ လိမ္မော်ရောင် သန်းနေသည်။ ဝမ်းဗိုက်သည် အစိမ်းရောင်ဖြစ်ပြီး အဖြူရောင် အမှတ်အသားများ စအိုနားထိတွေ့ရသည်။ အောက်အမြီးဖုံးပိုင်းသည် နီညိုရောင်ရင့်ရင့်တွင် အဝါနုရောင်သန်းသည့် အဖြူရောင် အမြိတ်အနားမွေးများ ပါရှိသည်။ အမသည် အထီးနှင့် ဆင်တူသော်လည်း ရင်ပိုင်းသည် အစိမ်းလုံးလုံး ဖြစ်သည်။ အောက်အမြီးဖုံးပိုင်းတွင် နီညိုရင့်ရောင် အနည်းငယ်ပါသည်။ အမြီးအလယ်မွေးသည် သိသိသာသာ ရှည်ထွက်ပြီး အဖျားချွန်သော်လည်း အနည်းငယ်တိုသည်။

ငှမြီးသွယ်တို့သည် အမြဲစိမ်းတောတွင် အမြင့်မီတာ (၆၀၀-၁၈၃၀) ထိ နေထိုင် ကျက်စားကြသည်။ တစ်ခါတစ်ရံ အမြင့်မီတာ (၃၀၀) သို့မဟုတ် ပို၍နိမ့်သော ဒေသများတွင် ကျက်စားတတ်သည်။ အိန္ဒိယတိုက်ငယ် မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းဒေသတွင် ဌာနေငှက်အဖြစ် နေထိုင်ကျက်စားသည်။ အရှေ့တောင် အာရှဒေသတွင် မြန်မာနိုင်ငံနှင့် တနင်္သာရီ၊ ထိုင်းနိုင်ငံ အနောက်၊ အနောက်မြောက်၊ အရှေ့မြောက်ပိုင်း၊ ကမ္ဘောဒီးယား အရှေ့ပိုင်း၊ လာအို၊ ဗီယက်နမ် (အင်ဒိုချိုင်းနားမှအပ) တို့တွင် မပေါမများ နေထိုင်ကျက်စားသည်။ အင်ဒိုချိုင်းနား မြောက်ပိုင်းတွင် ကျက်စားကြောင်း မှတ်တမ်းရှိသော်လည်း အသေချာပေ။ ငှမြီးသွယ်တို့သည် မတ်လမှ ဩဂုတ်လထိ မိတ်လိုက် သားပေါက်ကြသည်။ သစ်ပင်ငယ်၊ ခပ်မြင့်မြင့် ချုံပင် သို့မဟုတ် ဝါးပင်များတွင် အသိုက်ပြုလုပ်တတ်သည်။ တစ်မြုံလျှင် ဥနှစ်လုံး ဥသည်။

ငှကြီးကို နိုင်ငံတကာ သဘာဝ ထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN) ၏ စာရင်းနီ (Red list) တွင် မျိုးသုဉ်းမှုအန္တရာယ် ကျရောက်လွယ်သော (Vulnerable-VU) မျိုးစိတ်အဖြစ် သတ်မှတ်ထားပြီး၊ ငှမြီးသွယ်ကို (International Union for Conservation of Nature-IUCN) ၏ စာရင်းနီ (Red list) တွင် မျိုးတုံးမှု ပတ်သက်မှုနည်းသော (Least Concern-LC) မျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။ ငှကြီးနှင့် ငှမြီးသွယ် နှစ်မျိုးလုံးကို မြန်မာနိုင်ငံတွင် လုံးဝကာကွယ်ထားသည့် (Completely protected) ငှက်မျိုးစိတ် စာရင်းထည့်သွင်း သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်ထားသည်။

ငှငှက်တို့သည် သဘာဝပတ်ဝန်းကျင် စားကျက်ဒေသတွင် သစ်တောသစ်ပင်ရွက်အုပ်များအတွင်း သဘာဝအလျောက် အမျိုးမျိုး ကွဲပြားခြားနားသည့် သစ်သီးနှင့် အစေ့များကို အဓိက စားသုံးကြသည့် ငှက်များဖြစ်သည်။ ယင်းတို့နှင့်အတူ သဘာဝပတ်ဝန်းကျင် စားကျက်အတွင်း သစ်သီးနှင့် အစေ့များ အတူစားသည့် အခြားတောရိုင်းတိရစ္ဆာန်များနှင့် အစာကို မျှဝေစားပြီး စားသည့် သစ်သီးများ ပျံ့နှံ့ပွားများစေသည့် ဂေဟစနစ်ဝန်ဆောင်မှုတွင် ငှတို့က ပိုမိုအရေးပါကြ ကြသည်။ သဘာဝပတ်ဝန်းကျင်အတွင်း ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စွာ ရှင်သန်ရေးအတွက် ဂေဟစနစ်ကိုဟန်ချက်ညီစေရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့် ငှက်မျိုးစိတ်ဖြစ်သည်။ ငှမျိုးစိတ်တို့သည် ယေဘုယျအားဖြင့် အစိမ်းနှင့် အဝါရောနှောသည့် ငှက်မျိုးစိတ်ဖြစ်ပြီး ကိုယ်ဟန် အမူအရာ အချိုးအစား လှပတင့်တယ်ခြင်းကြောင့် မြင်သူတိုင်း နှစ်သက်သဘောကျ၍ အိမ်မွေးငှက် သို့မဟုတ် ခြံလှောင်မွေးငှက်အဖြစ် မွေးကြသော်လည်း သက်တမ်းမရှည်ကြပေ။ မွေးမြူလေ့ကျင့်ရန် ခက်ခဲသည့် ငှက်မျိုး ဖြစ်သည်။ ငှတို့သည် သဘာဝအတွင်း သဘာဝအလျောက် အမျိုးမျိုး ကွဲပြားခြားနားသည့် သစ်သီး၊ သစ်စေ့များကိုသာ ရှာဖွေစားသုံးကြပြီး လူတို့ ကျွေးသည့် အစာကို စားခြင်း မရှိခြင်းကြောင့် ဖြစ်သည်။

သဘာဝသစ်တောအတွင်း နေထိုင်ကျက်စားသည့် ငှမျိုးစိတ်တို့သည် သစ်တော သစ်ပင်များ ခုတ်လှဲခြင်းကြောင့် စားကျက်ဒေသပျက်စီးဆုံးရှုံးကာ အစားအစာလျော့နည်း ရှားပါးမှုဖြစ်ကာ အကောင်ဦးရေကျဆင်းကြသည်။ သဘာဝသစ်တောအတွင်း လှည့်လည်ကာ အသက်မွေးဝမ်းကျောင်းပြုသည့် ဒေသခံတို့၏ ပစ်ခတ်ခြင်းကြောင့်လည်း အကောင်ရေ ကျဆင်းကြသည်။ ငှတို့သည် သွက်လက်စွာ လှုပ်ရှားသွားလာ ကျက်စားသည့် သတ္တဝါများ မဟုတ်ခြင်းကြောင့် အန္တရာယ်နှင့် ရင်ဆိုင်ပါက အလွယ်တကူ ဖမ်းဆီး ပစ်ခတ်ခြင်းခံရခြင်းတို့ကြောင့် အကောင်ရေ ကျဆင်းကာ မျိုးသုဉ်းမှု အန္တရာယ်နှင့် ရင်ဆိုင်ကြမည်ဖြစ်၍ အလေးထား ထိန်းသိမ်းနိုင်ရန် ရေးသားလိုက်ပါသည်။

ဒေါက်တာသိန်းအောင်

Photographs by Internet

ငှမြီးသွယ် (အမ) (ဝဲ)
သစ်ပင်ရွက်အုပ်အတွင်း သစ်သီးရှာဖွေနေသော ငှမြီးသွယ် (အထီး) (အောက်)





သစ်ပင်ရွက်အုပ်အတွင်း အစာရှာနေသည့် ငှမြီးသွယ် (အမ) (ယာ)
ငှကြီး (အမ) (အောက်)

www.free4readers.com

စာမျက်နှာ (၁၄) မှ အဆက်

နောက်နှစ်ပတ်ကျော်ကြာတော့ ကေတီရဲ့ ဦးခေါင်းခွံကိုဖွင့်ပြီး ဦးနှောက်ပေါ် သွေးယိုစီးမှုကို တိတ်အောင်ကုသပါတယ်။ မျက်နှာပေါ်က ဒဏ်ရာတွေကို အရေပြားနဲ့ အစားထိုး ပိတ်ပေးတယ်။ ဒါပေမဲ့ မအောင်မြင်ဘူး။ ဒါကြောင့် ကမ္ဘာမှာ ဦးခေါင်းခွံ ဒဏ်ရာဒဏ်ချက်နဲ့ ပတ်သက်လို့ ထိပ်တန်းဆေးရုံဖြစ်တဲ့ Cleveland Clinic ကို လွှဲပြောင်းကုသဖို့ အကြံပေးတယ်။ Cleveland Clinic က သူ့မျက်နှာပေါ်က စုတ်ပြတ်သတ်နေတာ တွေကို ချုပ်လုပ်ပေးတယ်။ ကေတီရဲ့ မိသားစုကို မျက်နှာအစားထိုးကုသဖို့ ဆေးရုံက အကြံပေးတယ်။ မျက်နှာ အစားထိုးကုသတယ်ဆိုတာကို ကေတီရဲ့ မိသားစုက ဘယ်တုန်းကမှ မကြားဖူးဘူး။

မျက်နှာ အစားထိုးကုသမှု ခံယူမယ်ဆုံးဖြတ်ထားပေမယ့် မျက်နှာအလှူရှင်က မရှိဘူး။ စောင့်ရင်း စောင့်ရင်းနဲ့ ၂၀၁၇ ခုနှစ် မေလမှာ မျက်နှာအလှူရှင် ပေါ်ပေါက်လာပါတယ်။ အဖြွာ။ ဆေးလွန်ပြီး သေဆုံးသွားတဲ့ အသက်(၃၁)နှစ်အရွယ် အမျိုးသမီး။ သူမသေခင်မှာ သူ့ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေကို လှူဖို့ ဆန္ဒပြုထားသူ။ ၂၀၁၇ ခုနှစ် မေလ ၄ ရက်မှာ မျက်နှာအစားထိုး ခွဲစိတ်ကုသမှု လုပ်တယ်။

ခက်ခက်ခဲခဲ ခွဲစိတ်ကုသရတာ ဖြစ်ပါတယ်။ "စိန်ခေါ်မှုတွေကတော့ အများကြီးပဲဗျ"လို့ ဒေါက်တာဂက်စ်မန်က ဆိုတယ်။ မျက်နှာတစ်ခုနေရာမှာ နောက်မျက်နှာတစ်ခု အစားထိုးတပ်ဆင်ပြီးနောက်မှာ မူလက ရှိနှင့်တဲ့ ကေတီရဲ့ မျက်နှာသွေးကြောက သွေးတွေ အစားထိုးတပ်ဆင်ပေးလိုက်တဲ့ အဖြွာရဲ့ မျက်နှာသွေးကြောတွေထဲ စီးဝင်အောင် လုပ်ရတယ်။ ကေတီရဲ့ ဘဝမှာ လုပ်ဆောင်ချက်တွေ ပုံမှန်ဖြစ်ဖို့ လုပ်ပေးရတယ်။ အသက်ရှူဖို့၊ စကားပြောဖို့၊ စားသောက်ဖို့။ သူ့ခံစားချက်ကို မျက်နှာအမူအရာနဲ့ ဖော်ပြနိုင်ဖို့။ အရေးအကြီးဆုံးကတော့ ကေတီကိုယ်တိုင်က စိတ္တဇမဖြစ်ဘဲ ပြန်လည်ထူထောင်ဖို့လည်း လိုတယ်။

၂၀၁၇ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ ကေတီကို ဆေးရုံက ဆင်းခွင့်ပေးပါတယ်။ ဆေးကုသစရိတ်ကတော့ ဒေါ်လာ ၇၀၀၀၀ ကျတယ်။ ကေတီက ကောလိပ်ပြန်တက်ဖို့ မျှော်မှန်းထားတယ်။ ပြီးရင် အကြံပေးအလုပ်တစ်ခု လုပ်မယ်။ လူတွေကို စိတ်ဓာတ်ခွန်အားဖြစ်အောင် အားပေးစကားတွေ ပြောမယ်လို့ သူစိတ်ကူးနေတယ်။

"လူပေါင်းများစွာက ကျွန်မကို ကူညီထောက်ပံ့ပေးခဲ့ကြတယ်။ ကျွန်မ အခြားသူတွေကို အကူအညီ ပြန်ပေးချင်တယ်" လို့ ကေတီက ပြောတယ်။ ဆယ်ကျော်သက်အရွယ်တွေ ကိုယ့်ကိုယ်ကိုယ် သတ်မသေအောင် သူစည်းရုံးဟောပြောမယ်။

"ဘဝဆိုတာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာ၊ ဘဝဆိုတာ နှစ်သက်မက်မောစရာပါ" လို့ ကေတီက ဆိုပါတယ်။

ကျော်ရင်မြင့်



ကေတီကို ခွဲစိတ်ကုသချိန်



ခွဲစိတ်ကုသပြီးနောက် ကေတီနဲ့ မိဘနှစ်ပါး

ကိုးကားစာများ

1. Why We Spent Years Covering the Story of a Face Transplant by Susan Goldberg,

Editor in Chief, National Geographic magazine.

2. US woman who shot herself with hunting rifle is youngest person to get face transplant By Jan Lee, THE STRAITS TIMES

3. Girl who lost face in suicide attempt meets donor's grandmother in emotional video

By Tom HerbertSunday, METRO

4. You look beautiful,: Emotional moment grandmother of face transplant donor meets and prays with the 21-year-old recipient for the first time after her life-changing operation by Marlene Lenthang and Mia De Graaf / Dailymail.com



တန်(၁၀၀) ထွက်ရှိသည့် ရွှေစက်ရုံ

စာ (၃၄) အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီ ရွှေကြွေးကျန် မှအဆက်

ရက်ပေါင်း (၁၅၀) ကြိုတင်ကာ စာချုပ်ပါ ရွှေစင်ပေးသွင်းမှုကာလ တိုးမြှင့်ပြင်ဆင်ချုပ်ဆိုပေးနိုင်ရန် အကြောင်းကြားတင်ပြခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုအချိန်တွင် ဝန်ကြီးဌာနမှ တတိယအဖွဲ့ Third Party ဖွဲ့စည်းဆောင်ရွက်ပေးခဲ့သော်လည်း မူလရည်မှန်းချက် ဖြစ်သည့် စာချုပ်ပြင်ဆင်ချုပ်ဆိုနိုင်ရေး ဖြစ်မလာဘဲ ကုမ္ပဏီအနေဖြင့် ရှစ်နှစ်ကာလလက်ကျန်အချိန်အတွင်းနှင့်ပင် ရွှေစင် ၅ ဒသမ ၅၇၇ တန်အား ပေးသွင်းနိုင်ပါသည်ဟု နိုင်ငံတကာတွင် မည်သူမျှ မဆောင်ရွက်နိုင်သည့် ကိစ္စကို ဖြစ်နိုင်သည်ဟု Third Party က မှတ်ချက်ပြုခဲ့သည်ဟု ဆိုသည်။ ထို Third Party မှတ်ချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ်မှ နိုင်ငံတော်အကျိုးစီးပွားရေး လုပ်ငန်းရှင်များအကျိုးလုပ်ငန်းပေါ် မှီခိုနေထိုင်ကြသူများနှင့် အများပြည်သူအကျိုးရှေးရှု၍ယင်းအစီရင်ခံစာကို ပိုမိုသေချာအတည်ပြုနိုင်ရေးအတွက် ထပ်မံပြည့်စုံသော တတိယအဖွဲ့ ပြည်တွင်းပြည်ပ ပညာရှင်အဖွဲ့အစည်းတစ်ခု ငှားရမ်းဆောင်ရွက်ပြီး အစီရင်ခံစာနှစ်ခု နှိုင်းယှဉ် အတည်ပြုသင့်ကြောင်း အကြံပြုထားသည်ဟု ဆိုသည်။ ထို Third Party Report သည်လည်း လိုအပ်ချက်များရှိကြောင်း ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြထားသည်ဟုဆိုသည်။

ထို့ကြောင့် လက်ရှိစာချုပ်အရ ပေးသွင်းရန် မဖြစ်နိုင်တော့သည့် အခြေအနေများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးကာ ရွှေပေးသွင်းမှု နှစ်ဖက်သဘောတူခဲ့သည့်အပေါ် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် ၂၀၁၆ က ရွှေပေးသွင်းရန် ကျန်ရှိနေသော ရွှေစင် ၉၁ဒသမ၁၅၄၅ ပိဿာအတွက် ၂၀၁၇ ဇူလိုင်လမှ စတင်ပြီး လစဉ်ထုတ်လုပ်မှု ၁၀၀ ရာခိုင်နှုန်းအနက်က ၇ ဒသမ ၅ ရာခိုင်နှုန်းအပေါင်း ရွှေစင် ၁၅ ပိဿာ ကြွေးကျန်ဆပ်နှုန်းဖြင့် ၂၀၁၇ ဒီဇင်ဘာလအထိ ပေးသွင်းရန်နှင့် ၂၀၁၈ ဇန်နဝါရီကစတင်ပြီး ကုမ္ပဏီဘက်က ရွှေစင်ကြွေးကျန်ပိဿာ ၆၀ ကို လစဉ်ထုတ်လုပ်သည့် ၁၀၀ ခိုင်နှုန်းအနက်မှ ၇ဒသမ၅ရာခိုင်နှုန်းအပေါင်း ရွှေစင် ၁၀ ပိဿာ ကြွေးကျန်ဆပ်နှုန်းဖြင့် ၂၀၁၈ ဇွန်လအထိ အရစ်ကျပေးသွင်းသွားရန် ၂၀၁၈ ဇူလိုင်လမှ စတင်ပြီး ပုတ်ပြတ်စနစ်ဖြင့် လစဉ်ရွှေ ၁၅ ပိဿာ သို့မဟုတ် ရွှေစင်ပိဿာ တစ်ရာကျော် ထုတ်လုပ်သည့်လများတွင် ဝန်ကြီးဌာနမှ ပိုမိုရရှိ



တန်(၂၀)ထုတ် ရွှေစက်ရုံ အတွင်းပိုင်းပုံ

စေရန် ထုတ်လုပ်မှု၏ ၁၅ ရာခိုင်နှုန်းပေးသွင်းရန် နှစ်ဖက်သဘောတူညီ အစည်းအဝေးဆုံးဖြတ်ခဲ့သည်ဟု ဆိုသည်။

ယင်းနှင့်ပတ်သက်ပြီး "အဲဒီလို သဘောတူညီခဲ့ပေမယ့် ၂၀၁၇ နိုဝင်ဘာ ၈ ရက်ကစပြီး အမှတ်(၂) သတ္တုတွင်းလုပ်ငန်းက လုပ်ငန်းများအားလုံး ရပ်ဆိုင်းဖို့ အကြောင်းကြားခဲ့တယ်။ အဲဒီမှာ ပြည်ထောင်စုဝန်ကြီးနဲ့ သဘောတူထားတဲ့ ၂၀၁၈ အထိ ပေးသွင်းဖို့ ဆုံးဖြတ်ထားတဲ့ ရွှေစင်များကို ဆက်ပြီးမပေးနိုင်တော့တာပါ။ အဲဒီမှာ ကုမ္ပဏီအနေနဲ့ ပေးသွင်းဖို့ကျန်တာက စုစုပေါင်း ၁၀၁ ဒသမ ၀၇၆၅ ပိဿာပဲ ကျန်တာပါ" ဟု ဆိုသည်။

အမှတ်(၂)သတ္တုတွင်းဝန်ကြီးဌာနနှင့် မူလက ချုပ်ဆိုခဲ့သည့် စာချုပ်တွင်လည်း "စာချုပ်သက်တမ်းအတွင်း၌ ကန်ထရိုက်တာနှင့် သတ္တုတွင်းလုပ်ငန်း (၂) တို့သည် ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ခုခု ပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် စာဖြင့် သဘောတူညီချက်ဖြင့် ဤစာချုပ်ကို ပြင်ဆင်နိုင်သည်။ ထိုသို့ ပြင်ဆင်သည့် အချက်အား သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက် ရယူရမည်။ သို့သော်မူလရည်ရွယ်ချက်အား ပျက်ပြယ်သွားခြင်း မရှိစေရန်နှင့် မူလသဘောတူစာချုပ် အပိုဒ် ၂၉-၉ တွင် ဤစာချုပ်ပါ နောက်ဆက်တွဲများသည် ဤသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်စေရမည်"ဟု ဖော်ပြထားသည်။

ယင်းနှင့်ပတ်သက်ပြီး "အဲဒီလို မူလစာချုပ်မှာ ပါတာကို သတ္တုတွင်းလုပ်ငန်းက လုပ်ငန်းတွေ ရပ်ဆိုင်းဖို့ ချက်ချင်းအမိန့်ထုတ်တာဟာ ကုမ္ပဏီကို ရှင်သန်ခွင့် ပိတ်လိုက်တာ ဖြစ်တယ်။ ကျွန်တော်တို့ကုမ္ပဏီမှာ ကျွမ်းကျင်ဝန်ထမ်း နှစ်ထောင်ကျော်၊ အထွေထွေလုပ်သား ငါးထောင်ကျော်နဲ့ သူတို့ကို မှီခိုနေသူပေါင်း တစ်သောင်းကျော် အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပြီး၊ နောက် မိုင်းတွင်းလုပ်ငန်းဆိုတာ ချက်ချင်းရပ်လို့ မရဘူး။ မြေအောက်မိုင်း ထိန်းသိမ်းရတာတွေ၊ ရေစုပ်ထုတ်ရတာတွေ၊ လေမှုတ်သွင်းတာတွေ၊ မြေအောက်နံထောက်ရတာတွေ၊ စက်ယန္တရားထိန်းသိမ်းရတာတွေရှိလို့ လုပ်ငန်း ထက်ဝက်လောက် မဖြစ်မနေ ဆောင်ရွက်ခွင့်ပြုဖို့ ဝန်ကြီးဌာနအဆင့်ဆင့် တင်ထားတယ်။ ဒီလို ရပ်နားထားရတာကြောင့် နိုင်ငံတော်မှာ လစဉ် ရွှေပိဿာတစ်ဆယ်ကနေ နှစ်ဆယ်လောက်မရဘူး။ ကျွန်တော်တို့လည်း ဘီလီယံ ၅၀ လောက် နစ်နာတယ်။ အလုပ်သမားတွေလည်း ဒုက္ခရောက်နေပြီ နေ့စဉ်တစ်ရက်ကို သိန်းခြောက်ရာလောက် နစ်နာနေတယ်" ဟုဆိုသည်။

လက်ရှိအချိန်တွင် မိုးထိမိုးမိ ရွှေလုပ်ကွက်(A)လုပ်ငန်းများ ရပ်တန့်ထားသည်မှာ တစ်နှစ်ကျော် ကြာမြင့်နေပြီဖြစ်ပြီး လုပ်ကွက်အတွင်း ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံတကာအဆင့်မီ မိုင်းတွင်းများ၊ ရွှေစက်ရုံများ၊ ယန္တရားများမှာ နေ့စဉ်နှင့်အမျှ ပျက်စီးဆုံးရှုံးနေပြီး တရားမဝင် ရွှေခိုးတူးနေမှုများပါ ရင်ဆိုင် ကြုံတွေ့နေရသည်ဟု ဆိုသည်။ ယင်းကြောင့် မိုင်းလုပ်ငန်းကို အမြန်ဆုံးပြန်လည်ထိန်းသိမ်းခွင့်ပြုရန်နှင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ကတိဝန်ခံချက်လက်မှတ်ရေးထိုးထားသည့်အတိုင်း ပေးသွင်းရန် ကျန်ရွှေစင် ၁၀၁ ဒသမ ၀၇၆၅ ပိဿာကို အပြီး ပြတ်ပေးသွင်း၍ မိုးထိမိုးမိ မိုင်းလုပ်ငန်းနှင့် လုပ်ငန်းတူသည့် ကလောရွှေမင်းဖုန်းဒေသရှိ လုပ်ကွက်ကြီးကဲ့သို့ ထုတ်လုပ်မှုကုန်ကျစရိတ် နုတ်ပြီး ကျန်ရွှေစင်အပေါ် သင့်တင့်သော အချိုးဖြင့် ခွဲဝေခံစားသည့်စနစ်ဖြင့် စာချုပ်အသစ်ချုပ်ဆိုကာ ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် တင်ပြသွားမည်ဟုဆိုသည်။

ရွှေထီး

www.free4readers.com



# ပန်ဝါတိုက်နယ်ဆေးရုံမှာ ဆရာဝန်နာမည်စာရင်းသာရှိပြီး လူမရှိဘူးလို့ ပန်ဝါဒေသအုပ်ချုပ်ရေးက ပြော

**ပန်ဝါ၊ ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် ပန်ဝါမြို့ရှိ ပန်ဝါတိုက်နယ်ဆေးရုံတွင် အစိုးရခန့်ဆရာဝန် နာမည်စာရင်းသာရှိပြီး လူမရှိဟု ကချင်အထူးဒေသ(၁)၊ ဒေသတည်ငြိမ်ဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌက ပြောသည်။



ပန်ဝါဒေသရှိ ဒေသခံများ၊ ပန်ဝါစစ်ရှောင်စခန်းတွင် ခိုလှုံနေကြရသည့် စစ်ဘေးရှောင်ပြည်သူများအတွက် အစိုးရမှ ကျန်းမာရေး ပြုစုစောင့်ရှောက်မှု လုံလောက်စွာကူညီထောက်ပံ့ပေးနိုင်ခြင်း မရှိသေးသည့်အပေါ် ဒုတိယဥက္ကဋ္ဌ ဦးဝမ်ထယ် ဘရန်အောင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပန်ဝါတိုက်နယ်ဆေးရုံဆိုရင် ဆရာဝန် မရှိရုံတင်မကဘူး။ ဆေးဝါးလည်း မရှိဘူး။ သူနာပြုနှစ်ယောက်တော့ရှိတယ်။ ဒါပေမဲ့ သူတို့ကလည်း ဆေးရုံမှာ ဆရာဝန်လည်းမရှိ ဆေးလည်းမရှိဆိုတော့ ကျွန်တော်တို့ အထူးဒေသ(၁)ကနေ ဖွင့်ထားတဲ့ဆေးခန်းမှာပဲလာနေပြီး ကူညီကုသပေးနေတယ်" ဟု ဦးဝမ်ထယ်ဘရန်အောင်က ပြောသည်။

ပန်ဝါမြို့တွင် နေထိုင်ကြသော ဒေသခံများအနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များ ကြုံတွေ့လာပါက ပန်ဝါမြို့တွင်းတွင် ဖွင့်လှစ်ထားသော ပြင်ပဆေးခန်းများတွင်သာ ကုသမှုခံယူနေရပြီး ရောဂါပြင်းထန်ပါက တရုတ်နိုင်ငံ ထိန်ချုံးပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ကုသမှုခံယူနေရကြောင်း သိရသည်။

"ကျွန်တော်တို့ ပြည်သူ့စစ်တွေ၊ တပ်ဖွဲ့ဝင်တွေအတွက်ကတော့ ပြည်သူ့စစ်ဆေးရုံရှိတယ်။ ရိုးရိုးအရပ်သားတွေကတော့ အပြင်ဆေးခန်းတွေမှာပဲ အဆင်ပြေသလို ကုကြရတာပဲ။ ရောဂါပြင်းထန်ရင်တော့ တရုတ်ပြည်ဘက် သွားကြရတာပေါ့"ဟု ဒေသခံပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦးက ရှင်းပြသည်။

ပန်ဝါဒေသသည် နယ်စပ်ဒေသဖြစ်ခြင်း၊ ဝေးလံခေါင်ဖျားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသ ဖြစ်ခြင်းတို့ကြောင့် အစိုးရအဆက်ဆက်၏ ကူညီထောက်ပံ့မှုကို လုံလောက်စွာ ရခဲ့ခြင်းမရှိဟု ကချင်အထူးဒေသ(၁)၊ ဒေသတည်ငြိမ်ဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌက ပြောသည်။ ပန်ဝါဒေသတွင် ဒေသခံစုစုပေါင်း တစ်ထောင်ကျော်ခန့်ရှိနေပြီး လက်ရှိအချိန်တွင် ဒေသခံများ၏ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးတို့အတွက် တရုတ်နိုင်ငံကိုသာ အများဆုံး မှီခိုနေရကြောင်း ဒေသခံများထံမှ သိရသည်။

**ဝေဖြိုးအောင်**

# တောင်ညိုတောင်တန်းတွင် မြေတူးဖော်ပြီး ရောင်းစားနေသူကို ထောင်ဒဏ် ၁၅ ရက်နှင့် ငွေဒဏ် ၂၀၀ ကျပ် အမိန့်ချ

**မော်လမြိုင်၊ ဒီဇင်ဘာ ၃**

မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းကျေးရွာအုပ်စုအတွင်းရှိ (ဒေသအခေါ် မော်လမြိုင် တောင်ဝိုင်းတောင်) တောင်ညိုတောင်တန်း တောင်ခြေရှိ ကွင်းအမှတ်(OSS) ကြေးတိုင်ပြင်ကွင်း ဦးပိုင်အမှတ် (၄၀) မြေဧရိယာ ၂၁ ဒသမ ၇၀ ဧကရှိ ဥယျာဉ်ခြံပေါ်တွင် မြေတူးဖော်ပြီး ရောင်းစားခဲ့သဖြင့် ကျိုက်မရောမြို့နယ်တရားရုံးမှထောင်ဒဏ် ၁၅ ရက်နှင့် ငွေဒဏ် ၂၀၀ ကျပ် အမိန့်ချခဲ့ကြောင်း ယင်းတရားရုံးမှ သိရသည်။

ကျိုက်မရောမြို့နယ် တရားရုံးမှ တောင်ညိုတောင်တန်းတွင် မြေတူးဖော်ပြီး ရောင်းစားနေသည့် ဦးစိုးလင်းအောင်ကို အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်ဥပဒေပုဒ်မ ၅၉ အရ နိုဝင်ဘာလ ဒုတိယအပတ်တွင် အမိန့်ချခဲ့သည်။ တောင်ညိုတောင်တန်း (ဒေသအခေါ် မော်လမြိုင်တောင်ဝိုင်းတောင်)တွင် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက မြေတူးဖော်နေပြီး မြေများကို ကားစီးရေ ၅၀ ခန့်ဖြင့် ပြင်ပသို့ တင်ပို့နေသည်ဟု ဒေသခံတစ်ဦး၏ သတင်းပေးချက်အရ သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း မော်လမြိုင်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင်က ဆိုသည်။ တောင်ညိုတောင်တန်း (ဒေသအခေါ် မော်လမြိုင်တောင် ဝိုင်းတောင်)သည် မွန်ပြည်နယ်၏ အထင်ကရတောင်ဖြစ်ပြီး တရားမဝင်မြေတူးဖော်ခြင်းကြောင့် တောင်ညိုတောင်တန်းနှင့် စပ်ဆက်နေသော ရွှေနတ်တောင်ဆည်ကိုပါ ထိခိုက်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများပြားနိုင်ကြောင်း ၎င်းက ပြောသည်။

"တောင်ညိုတောင်တန်းမှာ မြေတူးဖော်မှုများ ဆက်လက်မလုပ်ကိုင်မှု ရှိ၊ မရှိ ကျွန်တော်ကိုယ်တိုင် စောင့်ကြည့်နေပြီ။ ကျွန်တော် မအားလျှင် ရုံးကဝန်ထမ်းများကို စောင့်ကြည့်ခိုင်းထားတယ်"ဟု ကျိုက်မရောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က ပြောဆိုသည်။ (ဒေသအခေါ် မော်လမြိုင်တောင်ဝိုင်းတောင်) တောင်ညိုတောင်တန်းတွင် မြေတူးဖော်ပြီး ရောင်းစားနေသူကို ထောင်ဒဏ် ၁၅ ရက်နှင့် ငွေဒဏ် ၂၀၀ ကျပ်သာ အမိန့်ချခဲ့ကြောင်း မော်လမြိုင်မြို့နေ ပြည်သူများက ဝေဖန်ပြောဆိုမှုများ ရှိနေသည်။

စက်ယန္တရားများဖြင့် မြေတူးဖော်ပြီး ရောင်းစားနေသော ဦးစိုးလင်းအောင်သည် (ဒေသအခေါ် မော်လမြိုင် တောင်ဝိုင်းတောင်) တောင်ညိုတောင်တန်းတောင်ခြေတွင် မြေကြီးတူးခြင်းကို ၂၀၁၆ ခုနှစ်မှစ၍ ခွင့်ပြုချက်မရှိဘဲ အကြိမ်ကြိမ် တူးဖော်ခဲ့သဖြင့် အကြိမ်ကြိမ်တားမြစ်ခဲ့ကြောင်း ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ ဦးစိုးလင်းအောင်မှ လမ်းဖောက်သည့်ဟု အကြောင်းပြကာ စက်ယန္တရားများဖြင့် မြေတူးဖော်ပြီး ရောင်းစားနေသည့်ကို စစ်ဆေးတွေ့ရှိသဖြင့် ကျိုက်မရော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့်နိုင်က ကျိုက်မရောမြို့နယ် တရားရုံးတွင် ရာဇဝတ်အမှုအမှတ် (၄၆၉ / ၂၀၁၈) အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် ဥပဒေပုဒ်မ ၁၀၇ (ဆ) ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

**နေမင်း**

**စာ (၂၃) တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်း စီမံကိန်းများအတွက် မှအဆက်**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေသည့် အဓိကအဖွဲ့အစည်းများဖြစ်သော ငြိမ်းချမ်းရေးကော်မရှင်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနများ အဆင်ပြေပြေ သုံးစွဲလည်ပတ်နိုင်ရေးစသည့်တို့အတွက်လည်း ဒေါ်လာငွေ အမြောက်အမြား တရားဝင်ပေးကမ်းလှူဒါန်း ထောက်ပံ့ကူညီထားသည်။ ယင်းသို့ ကူညီထောက် ပံ့လှူဒါန်းမှုများသည် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံရာတွင် ရေရှည်လွယ်ကူချောမွေ့စေရေးအတွက် အကျိုးမျှော်ထားသည်ဟု နားလည်နိုင်သည်။

ယင်းသို့သော ပေးကမ်းလှူဒါန်းများအပြင် တရုတ်အစိုးရ၏ ပညာရေးဆိုင်ရာ လှူဒါန်းမှုတစ်မျိုးလည်း ရှိပါသေးသည်။ တရုတ်နိုင်ငံ ဖောင်ဒေးရှင်းက မြန်မာ့ ထူးချွန်ကျောင်းသားများအား ပညာသင်ထောက်ပံ့ကြေး ပေးသည့် အစီအစဉ် သတင်းတစ်ပုဒ်ဖတ်ရသည်။ နိုဝင်ဘာ ၂၆ ရက်တွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး တရုတ်နိုင်ငံဖောင်ဒေးရှင်းက ၂၀၁၈ ခုနှစ် ထူးချွန်ပညာသင်ထောက်ပံ့ရေးအစီအစဉ်အရ တရုတ်နိုင်ငံသံရုံးလှူဒါန်းငွေဖြင့် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာ ကောလိပ်နှင့် အစိုးရစက်မှုလက်မှု သိပ္ပံများက ကျောင်းသားကျောင်းသူများအတွက် ထူးချွန်ပညာသင်ထောက်ပံ့ကြေးငွေများ လွှဲပြောင်းပေးအပ်သည်ဆိုသည့် သတင်းဖြစ်သည်။ ထောက်ပံ့ကြေးပေးအပ်ခြင်းမှာ တရုတ်နိုင်ငံသံရုံး မြန်မာ-တရုတ်ချစ်ကြည်ရေး အသင်း(ဗဟို)နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး တရုတ်နိုင်ငံ ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး အစိုးရနည်းပညာကောလိပ် (မိုးညှင်း၊ ရွှေဘို၊ မြင်းခြံ)နှင့် အစိုးရ စက်မှုလက်မှု သိပ္ပံ (ချောက်၊ ဂန့်ဂေါ၊ ဟားခါး၊ ကန့်ဘလူ၊ ခန္တီး၊ ကျောက်ဖြူ၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ လပွတ္တာ၊ လက်ပံတန်း၊ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ ပူတာအို၊ ရွှေပြည်သာ၊ သံတွဲ၊ သရက်၊ ဝါးခယ်မ၊ ရေနံချောင်း၊ အင်းစိန်၊ ကျိုက်လတ်၊ ပြင်ဦးလွင်) အစရှိသည့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးသင်တန်းကျောင်း ၂၅ ကျောင်း၌ ၂၀၁၇-၀၈ ပညာသင်နှစ် တက်ရောက်ခဲ့ကြသည့် ထူးချွန်ကျောင်းသားကျောင်းသူ ၆၉ ဦးအတွက် တစ်ဦးလျှင် ကျပ်သုံးသိန်းနှုန်း ထောက်ပံ့ချီးမြှင့်ခြင်းဖြစ်သည်။ ယင်းထောက်ပံ့ကြေးငွေကို ထူးချွန်ကျောင်းသား၊ ကျောင်းသူများထံ နိုဝင်ဘာလအတွင်း ပေးအပ်ချီးမြှင့်သွားမည်ဟုလည်း သက်ဆိုင်ရာဦးစီးဌာနက ဆိုသည်။ ယင်းသို့ ထောက်ပံ့ကြေးပေးအပ်ခြင်းသည် မကြာခင်လိုအပ်လာမည့် စီးပွားရေးစင်္ကြံလမ်း စီမံကိန်းများ တည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေးကို ရည်စူးပြီး ထောက်ပံ့ကြေးပေးခြင်းဟု မှတ်ယူပါသည်။

ထို့ပြင် နိုဝင်ဘာ ၂၇ ရက်က တရုတ်-မြန်မာ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကျင်းပခဲ့ကြသည်ကလည်း စီးပွားရေးစင်္ကြံများ တည်ဆောက်ရေးအတွက် စိတ်ဝင်စားစရာ ဖြစ်ခဲ့ရသည်။ တရုတ်တို့သည် မြန်မာနိုင်ငံတွင် စွမ်းအင်လိုအပ်ချက်များစွာ ရှိနေသေးသည်ကို ကြိုသိထား၏။ စီးပွားရေးစင်္ကြံတည်ဆောက်ရေးလုပ်ငန်းများ စတင်လျှင် လျှပ်စစ်ဓာတ်အား မလွဲမသွေလိုအပ်မည်။ သို့ဖြစ်ရာ ယခုကြိုတင်ညှိနှိုင်းဆွေးနွေးလာကြပြီဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ(ရန်ကုန်) မြန်မာ့ ရေးရာ လေ့လာရေးအဖွဲ့နှင့် တရုတ်နိုင်ငံ ယူနန်တက္ကသိုလ် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့တို့ ပူးပေါင်းပြီး တရုတ်-မြန်မာ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ Lotte ဟိုတယ်၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် တရုတ်နှင့် မြန်မာပညာရှင်များက နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍများ၊ မြန်မာနိုင်ငံ၏ စွမ်းအင်နှင့်လျှပ်စစ်စွမ်းအား လိုအပ်ချက်များ၊ အားသာချက်၊ အားနည်းချက်များ၊ ပြည်သူတစ်ဦးချင်းအတွက် လျှပ်စစ်စွမ်းအင် လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ မျက်မှောက်အခြေအနေနှင့် အနာဂတ်အလားအလာ ပူးပေါင်းဆောင်ရွက်မှုနှင့် မျှော်မှန်းမှုများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။ ယင်းဆွေးနွေးပွဲသည်လည်း အနာဂတ်ကာလတွင် လိုအပ်လာမည့် စီးပွားရေးစင်္ကြံတည်ဆောက်ရေး လိုအပ်လာမည့် စွမ်းအင်နှင့် လျှပ်စစ်အတွက် ကြိုတင်တွက်ချက် အဖြေရှာညှိနှိုင်းကြခြင်း ဖြစ်မည်။ ယင်းတို့သည် မြန်မာနိုင်ငံတွင် အလုံးစုံရင်းနှီးမြှုပ်နှံမည့် တရုတ်တို့၏ ကြိုတင်ခြေလှမ်းများ ဖြစ်သည်ဟုလည်း မှတ်ယူနိုင်သည်။ ယင်းခြေလှမ်းများသည် စနစ်တကျရှိပြီး ပိပိရိရိနိုင်လှသည်။

(၃၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ရာ အစည်းအဝေးပွဲများ ကျင်းပစဉ်က အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးပွဲ၌ တရုတ်နိုင်ငံဝန်ကြီးချုပ် လီခယ်ကျင်းက အာဆီယံဒေသ၏ အကြီးဆုံးကုန်သွယ်ဖက် တရုတ်နိုင်ငံအနေဖြင့် အခြားနိုင်ငံများအပေါ် ဝင်ရောက်သိမ်းပိုက်ခြင်းမျိုး မလုပ်သကဲ့သို့ အနာဂတ်တွင်လည်း လုပ်လိမ့်မည် မဟုတ်ကြောင်း တရားဝင်ပြောကြားခဲ့သည်ကို ပြန်လည်အမှတ်ရနေမိပါသည်။

**မောင်လွင်ပြင်**

The SPEAKER news journal Cartoon



www.free4readers.com



# တစ်ပတ်စာ ကံကြမ္မာ

## ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၆ ရက် မှ ဒီဇင်ဘာ ၁၂ ရက် အထိ

**စနေနေ့နှင့်စသော နတ်တော်လ**

၈. ၁၂. ၂၀၁၈ စနေနေ့သည် နတ်တော်လဆန်း ၁ ရက်ဖြစ်သည်။ နတ်တော်လသည် စနေနေ့နှင့် စတင်သောရက်ဖြစ်ပေရာ တစ်လတာအတွင်း စနေနံ (တ၊ ထ၊ ဒ၊ ဓ၊ န) နှင့်စသော လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်း၍ အလိုရှိရာ ဆုတောင်းပြည့်နိုင်သည်။

၇. ၁၂. ၂၀၁၈ သောကြာနေ့တွင် ဗုဒ္ဓဟူးဂြိုဟ် အတည့်ပြန်သွားသည်။ ကုန်ဈေးနှုန်း အပြောင်းအလဲများ ရှိမည်။ အုပ်ချုပ်ရေး ယန္တရားအတွင်း အပြောင်းအလဲများ ရှိမည်။ ပြည်သူလူထုသည်ကား ပုံမှန်ဖြစ်၏။

**မြန်မာ့ရိုးရာအယူအဆအရ**

၉. ၁၂. ၂၀၁၈ တနင်္ဂနွေနေ့သည် နဂါးပေါ်ရက်ဖြစ်သောကြောင့် မတော်တဆထိခိုက်မှု သတိရှိရမည်။ မြောက်အရပ်သို့ ဦးတည် သွားစဉ် အန္တရာယ်ရှိတတ်သည်။ နံနက် ၁၀ နာရီခွဲမှ မွန်းတည့် ၁၂ နာရီကြားကာလများတွင် ရန်အန္တရာယ်များ လွှမ်းမိုးတတ်သည်။ သစ်ပင်မခုတ်ရ။

၁၀. ၁၂. ၂၀၁၈ တနင်္လာနေ့သည် မဟာရက်ကြမ်းနေ့ဖြစ်၍ ရေတွင် အပျော်ဆော့ကစားခြင်း မပြုရ။ အနောက်တောင်အရပ်သို့ ဦးတည်သွားစဉ် အန္တရာယ်ရှိတတ်သည်။ နံနက် ၉ နာရီမှ ၁၀ နာရီခွဲ ကြားကာလများတွင် အန္တရာယ်ကြုံတတ်သည်။

၁၁. ၁၂. ၂၀၁၈ အင်္ဂါနေ့တွင် မြန်မာလဆန်း ၄ ရက်နေ့ဖြစ်ပေရာ တောင်တက်ခရီးမသွားအပ်။

၁၂. ၁၂. ၂၀၁၈ ဗုဒ္ဓဟူးနေ့သည် ခေါင်းဆေး၊ ခေါင်းလျှော်ပြုရန် ရက်ကောင်းဖြစ်သည်။ ကျန်းမာ၍ အသက်ရှည်ခြင်း၊ နုပျိုပြီး အနာရောဂါ ကင်းစေပါသည်။

**ဤတစ်ပတ်တာကာလအတွင်း နေ့သားအသီးသီးတို့၏ ကံကြမ္မာသည်ကား-**

### တနင်္ဂနွေနေ့ မွေးသူများ

မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူကောင်းများ ရရှိမည်။ အလုပ်တိုးတက်မည်။ လုပ်ငန်းရှာဖွေသူများ လခကောင်း၊ နေရာကောင်း ရမည်။ ပညာသင်တန်းနှင့်ပတ်သက်သော ကိစ္စဆောင်ရွက်မှုများ အထူး အဆင်ပြေမည်။ ၅၂၈၊ ၁၅၀၀ မေတ္တာ အလွန်ကောင်းသည်။ မမျှော်လင့်ဘဲ အလှူအတန်းများ ပေးရတတ်သည်။ တစ်ပါးသူမင်္ဂလာကိစ္စ ပါဝင်ကူညီပေးရမည်။ ***ယတြာ - တနင်္ဂနွေနေ့တွင် အုန်းနို့ကျောက်ကျောဒါနပြုပါ။***

### တနင်္လာနေ့ မွေးသူများ

ပစ္စည်းပျောက်တတ်သည်။ ခါးပိုက်နှိုက်အန္တရာယ် သတိရှိပါ။ တစ်ပါးသူမှ အဖိုးတန်လက်ဝတ်ရတနာများ လာရောက်အပ်နှံက လက်မခံပါနှင့်။ မိမိထံ အမှန်တကယ်ဝင်မည့် ငွေဝင်လမ်းကြောင်းများ ပိတ်တတ်သည်။ အလုပ်ကိစ္စမှန်သမျှကို ချက်ချင်းဆုံးဖြတ် လက်ငင်းဆောင်ရွက်ပါ။ လုပ်ငန်းခွင်ပညာသင်တန်းများ ကြုံက လက်ခံပါ။ အတူတွဲလုပ်သူများ ခေတ္တခွင့်ဟူ၍ အလုပ်ပိုများ လုပ်နေရမည်။

***ယတြာ - တနင်္လာနေ့တွင် ကြာဆံကြော် ဒါနပြုပါ။***

### အင်္ဂါနေ့ မွေးသူများ

ထက်မြက်သော အရည်အသွေးများ ပေါ်လွင်မည်။ ဆောင်ရွက်သောကိစ္စမှန်သမျှ အောင်မြင်မည်။ ပညာရေးနှင့်ပတ်သက်သော ကံကောင်းမည်။ လုပ်ငန်းလုပ်နေသူများ လခဝင်ငွေတိုးမည်။ အဆင့်တက်မည်။ ငွေမြုပ်နှံပြီးလုပ်ကိုင်ခြင်းများ အောင်မြင်မည်။ အရပ်ဝေးနှင့် ဆက်သွယ်ပြီးလုပ်သော လုပ်ငန်းများ အောင်မြင်မည်။

***ယတြာ - အင်္ဂါနေ့တွင် နှင်းဆီပန်း ဘုရားပန်းကပ်လှူပါ။***

### ဗုဒ္ဓဟူးနေ့ မွေးသူများ

စိတ်ချမ်းမြေ့စရာများ ဖြစ်ပေါ်မည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူရမည်။ ၅၂၈-၁၅၀၀ မေတ္တာရေးကံကောင်းမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းများ ကြုံတွေ့ရမည်။ ယှဉ်ပြိုင်မှုများအပေါ် အနိုင်ရမည်။ သူတစ်ပါးနှင့် ပူးပေါင်းပြီးလုပ်သော ကိစ္စများမှ တိုးတက်မှုများ ပေါ်ပေါက်မည်။ ပစ္စည်းပျောက်တတ်သည်။

***ယတြာ - ဗုဒ္ဓဟူးနေ့တွင် ဘုရားဆင်းတုတော် တစ်ဆူအား ရွှေသင်္ကန်းကပ်လှူပါ။***

### ရာဟု(ဗုဒ္ဓဟူးမွန်းလွဲ) မွေးသူများ

အပြိုင်အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ အခက်အခဲကြားမှ ကြိုးစားရုန်းကန်၍ တက်လမ်းများ ရှာဖွေရမည်။ စကားများခြင်း၊ ပဋိပက္ခများခြင်းများ ကြုံမည်။ ဆန့်ကျင်ဘက်ပြုသောသူများနှင့် တွေ့တတ်သည်။ အိမ်ထောင်သည်၊ ချစ်သူရှိသူများ နှစ်ဦးအကြား ရန်ပဋိပက္ခပွားအောင် ဆေးထိုးတိုက်တွန်းသူများ ရှိမည်။ ဥပဒေနှင့်မကင်းသော ကိစ္စများ ရှောင်ပါ။ ***ယတြာ - ဗုဒ္ဓဟူးမွန်းလွဲတွင် ကြံရည် ဒါနပြုပါ။***

### ကြာသပတေးနေ့ မွေးသူများ

ထူးခြားသော အတွေ့အကြုံများ ရရှိမည်။ မိတ်ကောင်းဆွေကောင်းများနှင့် ကြုံမည်။ စိတ်ထဲမှ ထင်မြင်ယူဆထားသည့် ကိစ္စများ လက်တွေ့ဖြစ်ပေါ်မည်။ တွေးလျှင်၊ ထင်လျှင် မှန်တတ်သည်။ ဆုံးဖြတ်ချက်များ ချမှတ်အဆင်ပြေမည်။ ငွေကြေးကံကောင်းမည်။ အလုပ်တိုးတက်မည်။ မမျှော်လင့်ဘဲ ဘာသာရေး သို့မဟုတ် အလှူအတန်းကိစ္စများ နက်နက်ရှိုင်းရှိုင်း လုပ်ရမည်။

***ယတြာ - ကြာသပတေးနေ့တွင် ပိန်းပန်းပွင့် ဘုရားပန်းကပ်လှူပါ။***

### သောကြာနေ့ မွေးသူများ

တစ်ပါးသူ အခက်အခဲများ လိုက်လံကူညီဆောင်ရွက်ပေးရမည်။ ခရီးနှင့်ပတ်သက်သော ကံကောင်းသည်။ ကိုယ်တိုင်အတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ နိုင်ငံရပ်ခြားနှင့်ပတ်သက်သော ကိစ္စများ ဆောင်ရွက်၍ အပြည့်အဝ အောင်မြင်မည်။ အပြောင်းအလဲသစ် အဆင်ပြေမည်။ အလုပ်အကြံသစ် အောင်မည်။ နာမည်ကောင်းသတင်းနှင့် တိုးတက်ခြင်းများ ကြုံမည်။ ***ယတြာ - သောကြာနေ့တွင် သရက်သီးသုပ် ဒါနပြုပါ။***

### စနေနေ့ မွေးသူများ

ဆက်ဆံနေရသော ဝန်းကျင်အတွင်း အပြောင်းအလဲများ ဖြစ်ထွန်းမည်။ မိသားစုတွင် အိုးအိမ်၊ ခြံ၊ ကားကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ လုပ်ငန်းနှင့်ပတ်သက်သော သင်တန်းများ ကြုံမည်။ အိမ်ပြင်၊ အိမ်ဆောက်ခြင်းနှင့် ပတ်သက်၍ အကျိုးရှိမည်။ စစ်မှန်သော မိတ်ဆွေကောင်း တိုးပွားမည်။ ကြီးကဲသူများထံမှ ကောင်းသော အကြံဉာဏ်များ ရရှိမည်။ ပျို့ရွယ်သူများ စန်းပွင့်မည်။

***ယတြာ - စနေနေ့တွင် နို့ထမင်း ဆွမ်းတော်တင်ပါ။***

*ချမ်းမြေ့မေတ္တာတို့ပြန့်ပါသည်။*

*စံ-ဇာဏီဘို*










# နွေဦးမှာ ကျက်သရေကျန်ခဲ့စေချင်တဲ့ မောင်ဥယျာဉ်

**မန္တလေး၊ ဒီဇင်ဘာ ၂**

တိုးမြစ်စာအုပ်တိုက်မှ ထုတ်တဲ့ မောင်ဥယျာဉ်ရဲ့ 'နွေဦးမှာ ကျက်သရေကျန်ခဲ့တယ်' စာအုပ်မိတ်ဆက်ပွဲကို မန္တလေးမြို့ လင်းရောင်ခြည်စာကြည့်တိုက်မှာ နိုဝင်ဘာ ၃၀ ရက်က ကျင်းပသည်။

အဆိုပါ စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားသို့ မြို့ခံစာရေးဆရာများဖြစ်သည့် ဆရာညီပုလေး၊ ဆရာဆူးငှက်နှင့် ဆရာသိုက်ထွန်းသက်တို့က မုဒိတာစကား ပြောကြားသည်။ 'နွေဦးမှာ ကျက်သရေကျန်ခဲ့တယ်' စာအုပ်သည် မော်ကွန်းမဂ္ဂဇင်းတွင် (၂၀၁၃ မှ ၂၀၁၅ )အတွင်းဖော်ပြခဲ့သည့် အမေ့ခံစာစု ရသစာတမ်းများမှ ကောင်းနိုးရာရာများကို စုစည်းထားသည့် စာအုပ်ဖြစ်ပြီး ရသစာတမ်း ၁၉ ပုဒ်ပါဝင်သည်။ မောင်ဥယျာဉ်၏ စာအုပ်တွင် သစ်သားမီးခြစ်၊ ကက်ဆက်တိပ်ခွေ၊ ရွှာဆော်၊ ရေနံဆီမီးခွက်၊ ဖောင်တိန်၊ ကျောင်းဖွင့်ချိန်၊ အပ်ချုပ်ဆိုင်၊ စုဘူး၊ ခုံဖိနပ်၊ ထီလက်မှတ်၊ ရေတွင်း၊ သမဝါယမ၊ ရေချမ်းစင် စတဲ့ မြန်မာလူ့အဖွဲ့အစည်းမှာ အသုံးဝင်ခဲ့တဲ့ အသုံးအဆောင်တွေအကြောင်း လွမ်းမောဖွယ် ရေးသားထားသည့် အကြောင်းအရာများ ပါဝင်သည်။ ဆရာနေဝင်းမြင့်နှင့် ဆရာညီပုလေးတို့က အမှာစာ ရေးပေးထားပြီး စာအုပ်တန်ဖိုး ကျပ် ၃၀၀၀ ဖြင့် တိုးမြစ်စာအုပ်တိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

www.free4readers.com



# သက်ကြားအိုအစိုးရနှင့် မြန်မာနိုင်ငံပညာရေး



ရွှေထီး

ရွာက သူငယ်ချင်းဖြစ်သူ၏ သမီးငယ်ငါးတန်းတက်ရောက်နေသူ ဖြစ်သည်။ တစ်ရက် သူ့ဖခင်က သမီးငယ်ကို အလွှာဖိတ်စာတစ်စောင်ကို ဖတ်ခိုင်းရာ ကလေးမလေးက ကျောင်းတွင် အလွှာဖိတ်စာ မသင်ကြားသဖြင့် မဖတ်တတ်ဟု ပြန်ပြောလေရာ သူငယ်ချင်းဖြစ်သူ အလွန်စိတ်ပျက်သွားသည်ဟု သူ့သမီးအကြောင်းကို ဝမ်းနည်းဖွယ် ဖောက်သည်ချလေသည်။ သူငယ်ချင်းဖြစ်သူက သူဖြတ်သန်းရသောခေတ်တွင် ပညာကောင်းစွာ မသင်ကြားခဲ့ရသဖြင့် သမီးဖြစ်သူကို ပညာတတ်တစ်ယောက်ဖြစ်ရန် မျှော်လင့်ထားခဲ့သူ ဖြစ်သည်။ မြန်မာကျောင်းတွင် မြန်မာလိုသင်ကြားသည့် မြန်မာတစ်ယောက် မြန်မာစာကို ကောင်းစွာ မဖတ်တတ်ဟုဆိုသဖြင့် မည်ကဲ့သို့ လုပ်ရမည်မသိ၊ အကြံအိုက်နေသည်ဟု ဆိုသည်။

မြန်မာနိုင်ငံပညာရေးနှင့် ပတ်သက်ပြီး အခြားသော သူငယ်ချင်းတစ်ယောက်နှင့် စကားပြောမိရာက ထိုသူငယ်ချင်းက သူ၏ အတွေ့အကြုံအကြောင်းကို ဖောက်သည်ချလေသည်။ ၂၀၀၀/၂၀၀၁ခုနှစ် ပညာသင်နှစ်မှ စတင်ပြီး ၉ တန်း၊ ၁၀ တန်းတွင် ကျောင်းသူကျောင်းသားများမှ မိမိကြိုက်နှစ်သက်ရာ ဘာသာကို သင်ယူခွင့်ပြုလိုက်သည်။ ထိုပညာရေးစနစ် စတင်ပြောင်းလဲချိန်တွင် ကျောင်းသားကျောင်းသူတိုင်း မဖြစ်မနေ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ သုံးဘာသာကို သင်ယူကြရမည်ဖြစ်ပြီး ကျန်ဘာသာများကို စိတ်ကြိုက်သင်ယူရခြင်း ဖြစ်သည်။ စုစုပေါင်းဘာသာတွဲ ရှစ်တွဲရှိပြီး အတွဲ (၁) ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒအတွဲဟူ၍ ရှိသည်။ အတွဲ (၂) ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ ဟူ၍ ရှိသည်။ အတွဲ(၃) ပထဝီ၊ သမိုင်း၊ စိတ်ကြိုက် မြန်မာစာဟူ၍ ရှိသည်။ အတွဲ (၄) သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာဟူ၍ ရှိသည်။ အတွဲ (၅) ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်းဟူ၍ ရှိသည်။ အတွဲ (၆) ရူပဗေဒ၊ ဓာတုဗေဒ၊ စိတ်ကြိုက်မြန်မာစာ ဟူ၍ရှိသည်။ အတွဲ(၇) ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဟူ၍ ရှိသည်။ အတွဲ(၈) ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဟူ၍ ရှိသည်။

ထိုကဲ့သို့ ဘာသာတွဲ ရှစ်တွဲရှိသဖြင့် ကျောင်းသားများက စိတ်ကြိုက်ဘာသာတွဲကို ယူနိုင်ရန် ကျောင်းစတင်ပြီး ရက်သတ္တပတ် နှစ်ပတ် ဘာသာစုံကို အမြည်းသဘောဖြင့် သင်ကြားရသည်။ ထိုသို့ နှစ်ပတ်သင်ကြားချိန်တွင် မိမိအားသန်ရာကို ရွေးချယ်နိုင်ရန် ဖြစ်သည်။ သူငယ်ချင်းက နှစ်ပတ်ကြာ သင်ယူပြီးချိန်တွင် စိတ်ကြိုက်မြန်မာစာကို နှစ်သက်သောကြောင့် စိတ်ကြိုက်မြန်မာစာကို ရွေးချယ်လိုက်သည်ဟု ဆိုသည်။ ထိုအချိန်ကစပြီး ပြဿနာတက်လေတော့သည်ဟု ဆို၏။ စိတ်ကြိုက်မြန်မာစာကို ရွေးချယ်သောကြောင့် ကျောင်းအုပ်ကြီးက သူငယ်ချင်းဖြစ်သူကို ခေါ်ယူတွေ့ဆုံလေသည်။ ဘာသာတွဲပြောင်းလဲ၍ မယူချင်ဘူးလားဟု ကျောင်းအုပ်ကြီးကမေးရာ သူငယ်ချင်းက စိတ်ကြိုက်မြန်မာစာကို စိတ်ဝင်စားကြောင်း ထို့ကြောင့် မပြောင်းလဲလိုဟု ပြန်ပြောရာ ကျောင်းအုပ်ဆရာကြီးက မိဘခေါ်ခဲ့ရန် ပြောလေသည်ဟု ဆိုသည်။

အသက် (၁၅) နှစ်အရွယ် လူငယ်လေးတစ်ဦး စာဖတ်လည်း အလွန်နာသူဖြစ်သည်။ သူက စာရေးဆရာဖြစ်ရန်လည်း ရူးသွပ်သူဖြစ်သည်။ ထို့ကြောင့် စိတ်ကြိုက်မြန်မာစာကို ရွေးချယ်ခြင်းဖြစ်သည်ဟုဆို၏။ သို့သော်လည်း ကျောင်းအုပ်ကြီးက မိဘခေါ်ဟုဆိုသောအခါ ထိုလူငယ်လေးတစ်ဦး ဘုမသိဘမသိဖြင့် မိဘကို ကျောင်းအုပ်ကြီးထံ ခေါ်လာခဲ့သည်။ ကျောင်းအုပ်ကြီးနှင့် တွေ့သောအခါ ကျောင်းအုပ်ကြီးက "ခင်ဗျားသားကို ဘာသာတွဲပြောင်းခိုင်းတာ မပြောင်းလို့ အခုလို ခေါ်ရတာပါ၊ ခင်ဗျား ပြောကြည့်ဗျာ"ဟု ဆိုသဖြင့် သူ၏ ဖခင်ကလည်း ဘာသာတွဲ



ဆရာ ဆရာမများ၏ ရာထူးတိုး မူဝါဒများပင် ဂဏန်းမငြိမ်သောကြောင့် ဆရာဆရာမများက ကန့်ကွက်နေကြသည်ဟု ဆိုသည်။

ပြောင်းရန် ပြောလေသည်။ ထိုအချိန်ထိ ဘာသာတွဲ မပြောင်းလိုဟုသာ သူငယ်ချင်းက ပြောလေရာ ကျောင်းအုပ်ဆရာကြီးက "ခင်ဗျားတောင် ဘာသာတွဲပြောင်းလို့ရအောင် ပြောလို့မရရင် ခင်ဗျားသားကို ကျောင်းပြောင်းမှ ရမယ်"ဟု ဆိုသဖြင့် သူငယ်ချင်းဖြစ်သူ လန့်သွားသည်။ တစ်ဆက်တည်း ကျောင်းအုပ်ဆရာကြီးက "ဒီကျောင်းမှာ စိတ်ကြိုက်မြန်မာစာ ယူတဲ့သူဆိုတာ ခင်ဗျားသားတစ်ယောက်တည်း ရှိတာ။ သူ့အတွက် ကျောင်းတစ်ခန်းသီးသန့်၊ ဆရာသီးသန့် ထားမပေးနိုင်ဘူး။ ဒါကြောင့် ကျောင်းပြောင်းဖို့ ပြောရတာ"ဟု ဆိုလေသည်။ သူငယ်ချင်းဖြစ်သူလည်း သူနှင့်အတူ သူငယ်တန်းကတည်းက ကျောင်းအတူတက်လာသူများနှင့်လည်း မခွဲလို၊ ဘာသာတွဲလည်း မပြောင်းလိုဖြစ်နေသဖြင့် ဝေခွဲရခက်နေသည်ဟု ဆိုသည်။ သို့သော်လည်း သူငယ်ချင်းဖြစ်သူက ကျောင်းပြောင်းဖို့မရွေးချယ်ခဲ့ဘဲ ဘာသာတွဲပြောင်းကာ အတွဲ (၁) ဖြစ်သည့် ဘောဂတွဲကို ယူလိုက်ရသည်ဟု ဆိုသည်။

ထိုအကြောင်းအရာလေးကို တွေးပြီး မြန်မာနိုင်ငံပညာရေး အကောင်းဘက်ကို မူဝါဒချမှတ် ပြောင်းလဲသော်လည်း အခြေခံအဆောက်အအုံ ဆရာအင်အား ကြိုတင်ပြင်ဆင်မှုမရှိဘဲ ပြောင်းလဲခဲ့သောကြောင့် တကယ့် ဝါသနာပါရာကို ရွေးချယ်ခဲ့သူ တစ်ယောက်အတွက်မူ အလွန်ပင်နစ်နာခဲ့ရသည်။ (မှတ်ချက် ။ ။ လက်ရှိ ယခုဆောင်းပါးကို ရေးရန် ကိုးတန်း၊ ဆယ်တန်းကို သင်ပြနေသော ကျောင်းဆရာများကို ဘာသာတွဲ မည်မျှရှိသည်ကို တိတိကျကျသိလို၍ မေးမြန်းရာ ဆရာ၊ ဆရာမများကိုယ်တိုင် လေးတွဲဟု ပြောသူကပြော၊ ခြောက်တွဲဟု ပြောသူပြော၊ ရှစ်တွဲ ပြောသူကပြောနှင့် အတော်ပင် တိုင်ပတ်ခဲ့ရသေးသည်။ ထိုဆရာဆရာမများ ပြောသည်က သင်ကြားမည့်သူ မရှိသော ဘာသာတွဲများသောကြောင့် အဓိကကျသည်များကို သာသိသည်ဟု ဆိုကြ၏။ သင်ကြားမှုများသော ဘာသာတွဲများအဖြစ် (၁)၊ (၂)၊ (၇) ကိုသာ သင်ယူမှုများသည်ဟုဆိုကြ၏။ ဤကား စကားချပ်)

နိုင်ငံတစ်နိုင်ငံတွင် အဓိကကျသော လူသားအရင်းအမြစ်များ၏ အရေးအကြီးဆုံးသော အခန်းကဏ္ဍများမှာ ပညာရေးနှင့် ကျန်းမာရေး အဓိကကျသည်ဟု မိမိတစ်ဦးတည်း သဘောအနေဖြင့် ထင်မြင်မိသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ထိုအရေးကြီးဆုံးသော နှစ်ချက်စလုံးပင် အလွန်အားနည်းနေသည်ကို အစိုးရအဆက်ဆက်က မေ့လျော့နေခဲ့သည်မှာ ယနေ့ယခုအချိန်ထိပင် ဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက IR က ကထိကတစ်ဦးနှင့် စကားလက်ဆုံကျရာ ဆရာ ဆရာမများ၏ ရာထူးတိုး မူဝါဒများပင် ဂဏန်းမငြိမ်သောကြောင့် ဆရာဆရာမများက ကန့်ကွက်နေကြသည်ဟု ဆိုသည်။ ထိုဆရာ ပြောသည့်စကားထဲ မှတ်မှတ်ထင်ထင် ရှိလိုက်သည်က ဆရာ ဆရာမများ ရာထူးတိုးရန်အတွက် အမှတ်များကို ဘောလုံးပွဲ လိုက်လံစောင့်ကြပ်ပေးခြင်း၊ ရုံးစာ ရေးတတ်ခြင်းများဖြင့်ပင် အကဲဖြတ်နေ၍ အရည်အချင်းနှင့် မဆုံးဖြတ်သောကြောင့် ကန့်ကွက်နေကြရသည်ဟု ဆိုသည်။ အခြေခံကျသည့် ပညာရေးကိုပင် အလေးမထားသည်မဟုတ် ဆရာ ဆရာမများ၏ ရာထူးတိုးသည့် နေရာမှာပင် တိကျသည့် မူဝါဒ မချမှတ်နိုင်သေးကြောင်း ကြားသိရသဖြင့် မြန်မာ့ပညာရေးအတွက် ရင်လေးလှသည်။

ပြီးခဲ့သည့် နှစ်ပတ်ခန့်က မန္တလေးမြို့တွင် ISP Myanmar က ကျင်းပသည့် ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲသို့ စိတ်ဝင်စားသဖြင့် တက်ရောက်နားထောင်ဖြစ်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် ကိုမင်းဇင်ပြောသည့် အကြောင်းအရာများသည်လည်း စိတ်ဝင်စားစရာ အလွန်ကောင်းလှသည်။ ကိုမင်းဇင်က ပညာတတ်များနိုင်ငံကို ဦးဆောင်စေချင်ကြောင်း ထို့ကြောင့် လူငယ်မျိုးဆက်များကို ပြုစုပျိုးထောင်ရန် ဆောင်ရွက်ရမည်ဟု ပြောသည်။ ထို့ပြင် လက်ရှိမြန်မာနိုင်ငံ၌ နိုင်ငံခေါင်းဆောင်များကို ထောင်ထဲက မွေးထုတ်နေရသောကြောင့် တိုင်းပြည်တွင် များစွာနစ်နာကြောင်း နိုင်ငံရေးတွင် လက်နက်နှင့် အာဏာကိုသာ ကိုးကွယ်ရာမှ ပညာကိုသာ ကိုးကွယ်သည့် အလေ့အထ ပြောင်းလဲရမည်ဟုဆိုသည်။ ထို ISP Myanmar ကဲ့သို့ အဖွဲ့အစည်းက မြန်မာ့လူဘောင်ကို ပညာသည်သာ အလေးထားစရာဖြစ်စေရန် ဦးစားပေးနေပြီး လက်ရှိနိုင်ငံခေါင်းဆောင်များက ပညာရေးကို ကောင်းမွန်စေရန် စနစ်တကျလုပ်ဆောင်ရန် အားတက်သရော လုပ်ဆောင်သည်ကို မတွေ့ရခြင်းက နိုင်ငံအတွက် ဝမ်းနည်းစရာကောင်းလှသည်။

ထိုပွဲတွင် ရခိုင်နိုင်ငံရေးသမားကြီး ဦးဦးလှစောကလည်း လူငယ်ပညာတတ်များ အစိုးရဖွဲ့နိုင်ရန် လိုအပ်ပြီး နိုင်ငံကို လူငယ်ပညာတတ်များ လက်ထဲသို့ ထားခဲ့လိုသည်ဟု ဆိုသည်။ သက်ကြားအိုအစိုးရထက် လူငယ်ပညာတတ် နိုင်ငံရေးသမားများဖြင့် နိုင်ငံကို ဦးဆောင်နိုင်မှ နိုင်ငံတော် ကိုယ်ခံအားကောင်းမည်ဖြစ်ကြောင်း ပညာ၏ အခန်းကဏ္ဍကို ကျစ်ကျစ်လျစ်လျစ် ပြောသွားခဲ့သည်။ ဦးဦးလှစောစကားဖြင့် ပြောရလျှင် လက်ရှိအစိုးရတွင် ပညာတတ်များရှိမည်ဖြစ်သော်လည်း လူငယ်ပညာတတ်များကို နေရာပေးသည့် နေရာ ရှိမရှိကိုမူ အများပြည်သူက ဝေဖန်နေကြပြီး သက်ကြားအိုအစိုးရအဖွဲ့ဟူ၍ ပြောသူများပင် ရှိနေကြပြီဖြစ်သည်။

ရွှေထီး

www.free4readers.com



# ဒေါ်အောင်ဆန်းစုကြည်ရဲ့ဒီမိုကရေစီ အစိုးရနဲ့ မီဒီယာပြဿနာ



ဓာတ်ပုံ - ဇော်မင်းနိုင် (ဒီပဲယင်း)



သီဟသွေး

**အစိုးရပိုင် မီဒီယာအတွက် ပြည်သူ့ဘဏ္ဍာတွေ သုံးစွဲနေခြင်းဟာ အစိုးရအတွက်ပဲ အကျိုးများပြီး ပြည်သူတွေအတွက် အကျိုးမရှိဘူးဆိုရင် အစိုးရမီဒီယာရဲ့ အခန်းကဏ္ဍကို လျှော့ချပစ်ဖို့ စဉ်းစားရပါလိမ့်မယ်။**

အခုတလော နိုင်ငံတော် အကြည်ညိုပျက်စေမှုနဲ့ ဖမ်းဆီးခံထားရတဲ့ Eleven မီဒီယာ သတင်းထောက်သုံးဦးအမှုကို တာဝန်ရှိသူတွေက ရုပ်သိမ်းပြီးနောက် ခဏတာ ငြိမ်သက်သလို ရှိသွားတဲ့ အစိုးရနဲ့ မီဒီယာအကြား အားပြိုင်မှု၊ တင်းမာမှုတွေဟာ မကြာသေးမီက နေပြည်တော်မှာ ပြုလုပ်ခဲ့တဲ့ မီဒီယာကောင်စီ အဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပွဲမှာ ထုတ်ဖော်ပြောကြားခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သတင်းမီဒီယာတွေအပေါ် သူမရဲ့ သဘောထားမှတ်ချက် အမြင်တွေကြောင့် ပြန်လည်လှုပ်ခတ်လာခဲ့ပြန်ပါတယ်။ ဒီတစ်ကြိမ် ဒီတစ်ခါမှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သတင်းမီဒီယာတွေအကြား သဘောထားကွဲလွဲမှု၊ ငြင်းခုံမှုဟာ ထင်ထင်ရှားရှား ပေါ်ထွက်လာခဲ့တာဖြစ်လို့ သတင်းမီဒီယာများဘက်က စိုးရိမ်တကြီး တုံ့ပြန်မှုတွေ ရှိခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံတဲ့ ပြည်သူအများစုဟာလည်း သတင်းမီဒီယာများအပေါ် ဝေဖန်ပုတ်ခတ်ထိုးနှက်တိုက်ခိုက်မှုတွေ အပြင်းအထန် ဖြစ်ပေါ်ခဲ့ပြန်ပါတယ်။ ဒီနေရာမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ထိပ်တိုက်တွေ့ကြတာ ဖြစ်တာကြောင့် ပွဲပိုဆူခဲ့ပြီး အဓိကပြဿနာက ဘာလဲဆိုတာဟာ ဆူညံ ဝေဖန်သံတွေအောက်မှာ ပျောက်ဆုံးနေခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို တည့်တည့် ပြန်လှန်ငြင်းခုံကြတာဖြစ်လို့ အခုလို ငြင်းခုံရတဲ့ အကြောင်းရင်းထက် မီဒီယာတွေ "ရာရာစစ လူထုခေါင်းဆောင်ကို ဒီလိုပြောစရာလား" ဆိုတဲ့ သဘောနဲ့ တုံ့ပြန်မှုတွေကသာ ကြီးစိုးနေပါတယ်။ မီဒီယာတွေဘက်က တုံ့ပြန်ရာမှာလည်း မီဒီယာလောကကြီးတစ်ခုလုံး အမှောင်ကျပြီး လွတ်လပ်ရေး ဆုံးရှုံးသွားသလို ကူမယ့်၊ ကယ်မယ့်သူမရှိဘဲ မြန်မာမီဒီယာတွေဟာ နိုင်ငံ့မြေပေါ်ကနေ ပျောက်ကွယ်သွားရတော့မလို ခံစားတုံ့ပြန်ခဲ့ကြတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ်တိုင်က သတင်းမီဒီယာသမားတစ်ယောက်လည်းဖြစ်သလို၊ တိုင်းပြည်မှာ ဒီမိုကရေစီ သန်မာစွာ ထွန်းကားပေါ်ပေါက်လာစေချင်တဲ့သူတစ်ယောက်ဖြစ်တာကြောင့် အခုလိုနှစ်ပေါင်းများစွာ ဒီမိုကရေစီ တော်လှန်ရေး ဆင်နွှဲပြီး အာဏာရရှိလာတဲ့ အရပ်သားအစိုးရနဲ့ မီဒီယာအကြားမှာ ဒီမိုကရေစီစနစ် ပီပြင်စွာ အကောင်အထည်ပေါ်လာဖို့ အပြန်အလှန် နားလည်မှု၊ လိုအပ်တဲ့နေရာတွေမှာ ပူးပေါင်းဆောင်ရွက်မှု ရှိနေကြတာပဲ တွေ့မြင်လိုပါတယ်။ အခုလို အငြင်းပွားရတာတွေ၊ လိုအပ်ချက်တွေအပေါ်မှာ ငြင်းခုန်တောင်းဆိုရတာတွေ၊ သူ့တာဝန် ကိုယ့်တာဝန် အပြန်အလှန် လက်ညှိုးထိုးရတာဟာ ရှောင်လွှဲလို့ မရနိုင်တာ အသေအချာပဲ ဖြစ်ပေမယ့် ပိုမိုကောင်းမွန်တဲ့ အခြေအနေကို ဦးတည်ပြီး သဟဇာတဖြစ်တဲ့ အပြန်အလှန် ဆက်ဆံရေးမှုနဲ့ ဖြေရှင်း ဆောင်ရွက်ကြစေချင်ပါတယ်။ ဖြစ်ခဲ့သော အငြင်းပွားမှုနဲ့ နားလည်မှု၊ လွဲမှားမှုတွေကို ကျွန်တော့်အနေနဲ့ အသေအချာလေ့လာကြည့်တဲ့အခါ စိုးရိမ်စရာ၊ စိတ်မအေးနိုင်စရာတွေ ရှိနေသေးသလို လုံးဝ အဖတ်ဆယ်မရတော့အောင် ဆိုးရွားတဲ့ အခြေအနေလည်း မဟုတ်သေးဘူးဆိုတာ တွေ့ရပါတယ်။ ဒီလိုပဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ ထိပ်တိုက်ဖြစ်ကြတိုင်း တစ်ဖက်ကို မျက်စိမှိတ်ပြီး ဝေဖန်ဆန့်ကျင်လေ့ရှိတဲ့ ပြည်သူတွေကိုလည်း နားလည်ထားသင့်တဲ့ ဒီမိုကရေစီ လိုအပ်ချက်တွေနဲ့ ဒီကနေ့ မီဒီယာတွေ ရင်ဆိုင်နေရသော အခက်အခဲတွေကို သိရှိနားလည်ကြစေချင်ပါတယ်။ ဒါကြောင့် ဒီကနေ ဒေါ်အောင်ဆန်းစုကြည်နဲ့ မီဒီယာတွေအကြား ဘာတွေဖြစ်နေကြတာလဲ၊ ဘာကြောင့် ဒီလိုဖြစ်ကြရတာလဲ ဆိုတာကို လိုရင်းတိုရှင်း ဆောင်းပါးတစ်ပုဒ်နဲ့ အခုလို ရှင်းပြခွင့်ပြုပါ။

ပထမဆုံး ရှင်းပြချင်တာကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ မီဒီယာ ဆက်ဆံရေး၊ ပြီးတော့ ဒေါ်အောင်ဆန်းစုကြည် သိရှိ နားလည်ထားတယ်လို့ ယူဆရတဲ့ မီဒီယာလောက ကိစ္စပဲ ဖြစ်ပါတယ်။ တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်ဟာ မီဒီယာအားနဲ့ စွမ်းဆောင်နိုင်မှုကို ကောင်းကောင်း သိရှိထားသူ ဖြစ်ပါတယ်။ သူမအနေနဲ့ ဒီမိုကရေစီ အတိုက်အခံ ခေါင်းဆောင်ဘဝ၊ ပြည်သူများအကြား လှုပ်ရှားသွားလာမှု ကန့်သတ်ခံထားရတဲ့ ကာလတစ်ခုလုံး မီဒီယာတွေကနေ တစ်ဆင့်သာ သူမရဲ့ နိုင်ငံရေးအမြင် သဘောထားခံယူချက်၊ ဝေဖန်ချက်တွေအပြင် ပြည်သူလူထုကို ပြောချင်တဲ့ သတင်းစကား၊ အသိပေး နှိုးဆော်ချက်တွေကို လွတ်လပ်တဲ့ မီဒီယာတွေကနေတစ်ဆင့်ပဲ အားပြုပြောကြားခဲ့ရတာပဲ ဖြစ်ပါတယ်။ ၂၀၀၈ အခြေခံဥပဒေကို လက်ခံခဲ့ပြီး ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဝင်ခဲ့တဲ့ အချိန်ကစလို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ မီဒီယာတွေရဲ့ ဆက်ဆံရေးဟာ ပိုပြီး နီးကပ်ခဲ့ပါတယ်။ ၂၀၁၂ ကနေ ၂၀၁၆ အထိ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် လွှတ်တော်တွင်း လှုပ်ရှားနေစဉ်ကာလတွေမှာ မီဒီယာတွေနဲ့ ပုံမှန်တွေ့ဆုံပြောကြားမှုတွေ ရှိခဲ့သလို အခါအားလျော်စွာ အလွတ်သဘော လက်ဖက်ရည်ဝိုင်းတွေ ပြုလုပ်ပြီး မီဒီယာသမားတွေနဲ့ တရင်းတနှီး ပြောဆိုဆက်ဆံမှုတွေ ရှိခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ သတိထားမိတာတစ်ခုက ဒေါ်အောင်ဆန်းစုကြည်ဟာ တစ်ခါတစ်ရံ ရောက်လာတတ်ပြီး အတင်းတိုးဝင်၊ အပြင်းစားမေးခွန်းတွေ မေးတတ်တဲ့ နိုင်ငံခြားသား မီဒီယာသမားတွေကို မနှစ်မြို့တဲ့ သဘောရှိခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက တစ်ခါတစ်ရံ ရောက်လာတတ်တဲ့ မီဒီယာပုဂ္ဂိုလ်တွေ၊ သက်ဆိုင်ရာ သူတို့ဌာနတွေရဲ့ background တွေကို ဆန်းစစ်ပြီးမှ သတင်းရယူခွင့်ပြုတာမျိုးကို လုပ်သင့်တယ်ဆိုတဲ့ သဘောထားမျိုး ဒေါ်အောင်ဆန်းစုကြည်မှာ ရှိခဲ့ပါတယ်။ အဲဒီ အခြေအနေဟာ ၂၀၁၅ ရွေးကောက်ပွဲ မတိုင်မီနဲ့ ၂၀၁၅ ရွေးကောက်ပွဲအပြီး ကာလတွေမှာ ပိုပြီးဆိုးရွားလာခဲ့ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲ အကြိုအခြေအနေတွေရဲ့ အရှိန်အဟုန်၊ ၂၀၁၅ ရွေးကောက်ပွဲအပြီး NLD ပါတီ အနိုင်ရရှိမှုရဲ့ ဂယက်တွေကြောင့် ပြည်ပမီဒီယာတွေ အလုံးအရင်းလိုက် လာရောက် သတင်းယူတာတွေ ရှိခဲ့ပြီး သက်ဆိုင်ရာ စီမံခန့်ခွဲမှု အားနည်းချက်တွေကြောင့် ဘယ်သူဘယ်ဝါရဲ့ တာဝန်မှန်းမသိ ဖြစ်ခဲ့ရတဲ့ စီမံခန့်ခွဲမှုကင်းမဲ့နေတဲ့ အခြေအနေတွေကြောင့် ပြဿနာများစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ NLD ပါတီ အနိုင်ရရှိပြီး ပထမဆုံး ပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ လွှတ်တော်တွင်း သတင်းယူကြတဲ့ ရာချီသော မီဒီယာများနဲ့ လွှတ်တော် စီမံခန့်ခွဲမှုအကြား လွဲမှားချွတ်ချော်မှု ဖြစ်ပေါ်ခဲ့ပြီး ဝရုန်းသုန်းကား အခြေအနေတစ်ရပ် ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ မီဒီယာတွေအကြား အတော်လေး ဝေးကွာသွားခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးတာဝန်နဲ့ လွှတ်တော်ကနေ ထွက်ခွာသွားခဲ့ပြီဖြစ်တာကြောင့် ရံဖန်ရံခါ အခမ်းအနားပွဲလမ်းသဘင် အဝင်အထွက်လောက်မှာသာ မီဒီယာတွေနဲ့ ခရီးသွားဟန်လွှဲ တွေ့ဆုံဖြစ်ကြပါတယ်။ ဒီလိုပုံမှန် ဆက်ဆံရေး မရှိတော့တဲ့ ကာလမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မီဒီယာတွေအပေါ် ခံစားနားလည်ချက်ဟာ ကြီးမားတဲ့ အပြောင်းအလဲ ရှိတယ်လို့တော့ ပြောလို့မရသေးတဲ့ အခြေအနေမှာ ရှိခဲ့ပါတယ်။ အစိုးရသစ်သက်တမ်း သုံးနှစ်အတွင်း အစိုးရဝန်ကြီးဌာနတွေကို ရက်တစ်ရာ၊ နှစ်လယ် သတင်းစာရှင်းလင်းပွဲတွေ လုပ်စေခဲ့တာ တွေ့ရပါတယ်။ သို့သော်လည်း အစိုးရသစ်လက်ထက်မှာ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ အခါအားလျော်စွာ နိုင်ငံခြားသတင်းဌာနအချို့ကို ရွေးချယ်တွေ့ဆုံပြီး အင်တာဗျူးလက်ခံခဲ့တာမျိုးက လွဲပြီး ကိုယ်တိုင်မီဒီယာအများအပြားနဲ့ တွေ့ဆုံရှင်းလင်းတာမျိုး မရှိတော့သလို အစိုးရအဖွဲ့ရဲ့ သမ္မတတွေဟာလည်း သတင်းမီဒီယာတွေနဲ့ သတင်းထုတ်ပြန်ရေး အလို့ငှာ သီးသန့်တွေ့ဆုံတာမျိုး၊ သတင်းစာရှင်းလင်းပွဲလုပ်တာမျိုး မရှိသေးဘူးဆိုတာ တွေ့ကြရပါတယ်။ ဒါဟာ သတင်းမီဒီယာတွေဘက်က ကြည့်မယ်ဆို ဆုတ်ယုတ်မှု ဖြစ်ပါလာပါတယ်။ အကြမ်းဖျင်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မီဒီယာတွေအပေါ်မှာ ထားရှိတဲ့အမြင်ကို လေ့လာကြည့်မယ်ဆိုရင် သိပ်ဆိုးဆိုးရွားရွားကြီး ပြင်းထန်တဲ့ သဘောထားမရှိပေမယ့် အချို့သော ထိခိုက်လွယ်တဲ့ ပြဿနာတွေမှာ မီဒီယာတွေ ဝင်ပါလာရင် ပိုဆိုးသွားနိုင်တယ်ဆိုတဲ့ အမြင်ကလည်း ရှိနေပြန်တာကို တွေ့ရပါတယ်။ ဒါကတော့ အကျပ်အတည်းကြားထဲမှာ လုပ်ကိုင်ဆောင်ရွက်ကြရတဲ့ အစိုးရခေါင်းဆောင်တိုင်းမှာရှိတတ်တဲ့ သဘောထား ဖြစ်ပါတယ်။ သို့သော်လည်း ပြဿနာက ဒေါ်အောင်ဆန်းစုကြည် တိုင်းပြည်ခေါင်းဆောင် ဖြစ်လာရင် ဖြစ်ပေါ်ပြောင်းလဲလာစေလိုတဲ့ မီဒီယာတွေရဲ့ အိပ်မက်က ရှိနေပြီး အဲဒီအိပ်မက်ကို ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နက်နက်ရှိုင်းရှိုင်း ဂယနဏ နားလည်သဘောပေါက်ထားပုံမရတဲ့ အချက်ပဲဖြစ်ပါတယ်။ ပုဂ္ဂလိက မီဒီယာသမားတွေ အားလုံးရဲ့ အမြင်မှာ ဒေါ်အောင်ဆန်းစုကြည် အာဏာရလို့ ဒီမိုကရေစီခေတ်ရောက်ရင် အစိုးရ မီဒီယာရဲ့ အခန်းကဏ္ဍကို ဖယ်ရှားဖျက်သိမ်းပြီး သို့မဟုတ် အတိုင်းအတာ ကြီးကြီးမားမား တစ်ခုအထိ လျှော့ချပြီး ပုဂ္ဂလိကမီဒီယာအခန်းကဏ္ဍကို မြှင့်တင်ဖို့ အားပေးကူညီလိမ့်မယ်လို့ မျှော်လင့်ထားကြတာပဲ ဖြစ်ပါတယ်။ သို့သော်လည်း ထင်သလို ဖြစ်မလာရုံတင်မက ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတနဲ့ အစိုးရအဖွဲ့ဝင်တွေဟာ အစိုးရမီဒီယာကိုသာ ပိုမိုအခွင့်အရေးပေးပြီး အရင်အစိုးရများကဲ့သို့ နိုင်ငံတော် မီဒီယာပေါ်လစီကို ကျင့်သုံးလာတဲ့ သဘော ထင်ရှားလာတာကြောင့် ပုဂ္ဂလိက မီဒီယာအများစုဟာ သာမန်အစိုးရသတင်းတွေ ရရှိရေး ကိစ္စအပြင် မီဒီယာအခွင့်အရေး တောင်းဆိုရမယ့် အနေအထားကို ရောက်ရှိလာပါတယ်။ အဲဒီအချိန်မှာပဲ ရိုက်တာ သတင်းထောက်နှစ်ယောက် လက်ဝယ် နိုင်ငံတော် လျှို့ဝှက်ချက်တွေ တွေ့ရှိရတယ်ဆိုတဲ့ စွဲချက်နဲ့ ထောင်ချအရေးယူခံရတဲ့ ပြဿနာနဲ့ ထပ်မံကြုံတွေ့ကြရတာဖြစ်လို့ အစိုးရဌာနတွေဆီကနေ တရားဝင် သတင်းရပိုင်ခွင့်ဟာ ပြဿနာကြီး ဖြစ်လာပါတယ်။ အခုလို လျှို့ဝှက်ချက်ဥပဒေလို ဥပဒေ ဖိအားတွေအောက်မှာ သတင်းမီဒီယာများဟာ လုပ်ကွက်ကျဉ်းသည်ထက် ကျဉ်းလာပါတယ်။ အဲဒီ အခြေအနေဟာ မီဒီယာသမားတွေကို အရင်အစိုးရတွေတုန်းကလို လမ်းပေါ်တိုက်ပွဲ၊ တောင်းဆိုပွဲတွေဆီ ပြန်တွန်းပို့လိုက်ပြန်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ မီဒီယာတွေ စတင်ဝေးကွာလာတဲ့ အချိန်မှာပဲ လက်ရှိ ပြဿနာတွေကို အကြီးမားဆုံး တောက်လောင်စေခဲ့တဲ့ နောက်ထပ် အဓိကကျတဲ့ ပြဿနာတစ်ခုက ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါကတော့ ရခိုင်အရေးအခင်း ဖြစ်ပါတယ်။ ပြည်ပမှာတော့ ရိုဟင်ဂျာအရေးလို့ သတ်မှတ်ခေါ်ဆိုတဲ့ အဲဒီ ရခိုင်ပြည်နယ် ပဋိပက္ခတွေကနေ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားတဲ့ မွတ်စလင် ဒုက္ခသည်တွေ ကိစ္စဟာ တစ်နှစ်အတွင်းမှာ နိုင်ငံတကာက စိတ်ဝင်တစား ပါဝင်စွက်ဖက်မှု အလွန်အမင်း မြင့်တက်စေခဲ့ပြီး အကျိုးဆက်ဟာလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဂုဏ်သတင်းကောင်းကိုပါ ဖျက်ဆီးစေတဲ့ အနေအထားအထိ ရောက်လာပါတယ်။

စာမျက်နှာ (၃၃) သို့

# အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ ရွှေကြွေးကျန်ပေးသွင်းပြီး အခြားကုမ္ပဏီများကဲ့သို့ မိုးထိမိုးမိရွှေမိုင်းတွင် ဆက်လက်လုပ်ကိုင်လိုဟုဆို



စိန်တောင် မိုင်းတွင်း



ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပဲယင်း)

ရန်ကုန်၊ ဒီဇင်ဘာ ၃

အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီအနေဖြင့် နိုင်ငံတော်သို့ ရွှေကြွေးကျန်များ ပေးသွင်းပြီး မိုးထိမိုးမိရွှေမိုင်းလုပ်ကွက်ကို ၎င်းတို့ ကုမ္ပဏီနည်းတူ လုပ်ကိုင်နေသော အခြားကုမ္ပဏီနှစ်ခုကဲ့သို့ တန်းတူလုပ်ကိုင်လိုကြောင်း ယင်းကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်စိုးက သတင်းမီဒီယာများသို့ ပြောသည်။

၎င်းက "ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ကတိကဝတ်ပြုထားတဲ့ ရွှေစင်ပိဿာများကို နိုင်ငံတော်သို ပေးဖို့အဆင်သင့်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲများနဲ့ ပြည်ထောင်စုဝန်ကြီးဆီကိုလည်း အဖြစ်မှန် တင်ပြထားပါတယ်။ ညှိနှိုင်းဆောင်ရွက်ဆဲ အခြေအနေမှာ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ကတိဝန်ခံချက်များ လက်မှတ်ရေးထိုးခဲ့တဲ့ ပေးသွင်းရန် ကျန်ရွှေစင် ၁၀၀ ပိဿာရှိသော်လည်း အမှတ် (၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်က မီဒီယာများကို တာဝန်ချိန် မဟုတ်ဘဲ အလွတ်သဘောပြောတဲ့နေရာမှာ ကျွန်တော်တို့ ကုမ္ပဏီက ပေးသွင်းဖို့ ရွှေစင် ပိဿာ ၁၂၀၀ ကျန်နေတယ်လို့ပြောပြီး မပေးသွင်းဘဲ ပျက်ကွက်နေတယ်လို့ ပြောနေတာဟာ ကုမ္ပဏီရဲ့ ဂုဏ်သိက္ခာ ကျဆင်းစေတယ်။ နိုင်ငံသားမိတ်ဖက်ကုမ္ပဏီတွေရဲ့ ယုံကြည်အားထားမှုနဲ့ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေတယ်။ သို့သော်လည်း ကုမ္ပဏီအနေနဲ့ မိုးထိမိုးမိ (A) လုပ်ကွက်ကို နိုင်ငံတော်အတွက် ရည်ရွယ်ပြီး နိုင်ငံတကာအဆင့်မီ မိုင်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ထားလို့ နိုင်ငံတော်က ရွှေစင်ပိဿာ ၁၂၀၀ ဆိုလည်း ဆက်လက်လုပ်ကိုင်ပြီး ပေးသွင်းဖို့ အဆင်သင့်ရှိပါတယ်"ဟု ပြောသည်။

အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်စိုးက မိုးထိမိုးမိ မိုင်းလုပ်ကွက်ကို အများနှင့်ယှဉ်ပြိုင်ပြီး ရိုးရိုးသားသားလုပ်ကိုင်ခွင့်ရရှိခဲ့သည်ဟု ဆိုသည်။ "ကျွန်တော်တို့ ဒီမိုးထိမိုးမိရွှေလုပ်ကွက်ကို တင်ဒါစနစ်နဲ့ ရိုးရိုးသားသား ရလာခဲ့ပြီးလုပ်ကိုင်ခဲ့တယ်။ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်းက ရွှေတူးဖော်လိုသူ နိုင်ငံသားပြည်တွင်းကုမ္ပဏီတွေ ပူးပေါင်းပြီးတော့ အနည်းဆုံး မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ နှစ်သန်းနဲ့ မြန်မာကျပ်ငွေသန်းပေါင်း ၁၅၀၀ ရင်းနှီးနိုင်ရမယ်ဆိုပြီး တင်ဒါခေါ်တယ်။ မြန်မာငွေနဲ့ဆို သုံးဘီလီယံ၊ လေးဘီလီယံလောက် ရှိပါတယ်။ ၂၀၁၁ စက်တင်ဘာ ၁၆ ရက်မှာ ကုမ္ပဏီ ၁၈ ခုနဲ့ ယှဉ်ပြိုင်ခဲ့ပြီး ကျွန်တော်တို့ကုမ္ပဏီက နိုင်ငံတော်ကို အများဆုံးရွှေစင် ၅ဒသမ၅၇၇ မက်ထရစ်တန် ထုတ်လုပ်ပေးသွင်းပါမည်ဆိုပြီး တင်ဒါကို ဖြူဖြူစင်စင်အောင်မြင်ခဲ့တယ်"ဟု ဆိုသည်။

အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်နှစ်ဖက်အကျိုးတူသဘောတူစာချုပ် ချုပ်ဆိုခဲ့ရာတွင်လည်း စာချုပ်ပါ အချက်အလက်များကို ကုမ္ပဏီက တန်းတူရည်တူညှိနှိုင်းဆွေးနွေးခွင့်မရရှိခဲ့ဟု ဦးထွန်းအောင်စိုးက ပြောသည်။

- တင်ဒါအောင်မြင်ပြီးလုပ်ငန်းစတင်အကောင်အထည်ဖော်မည့် အချိန်တွင် ထောင်နှင့်ချီနေသော တရားမဝင် ရွှေတူးဖော်နေသူများကို သိန်းငါးထောင်နဲ့ တစ်ဘီလီယံကြား မေတ္တာကြေး၊ ကရုဏာကြေး၊ နစ်နာကြေးတွေပေးပြီး အချို့ကို အလုပ်အကိုင်အခွင့်အလမ်းများ ပြန်ပေးခြင်း၊ ရှယ်ယာထည့်ဝင်ပေးခြင်းများလည်း ဆောင်ရွက်ခဲ့သည်ဟု ဦးထွန်းအောင်စိုးက ပြောသည်။

သက်ဆိုင်ရာနှင့် စာချုပ်နှစ်ကြိမ် ပြင်ဆင်ချုပ်ဆိုခဲ့ရခြင်းနှင့် ပတ်သက်ပြီး "ပထမအကြိမ် စာချုပ်ပြင်ဆင်ပြီး လုပ်ခွင့်သက်တမ်း ၂၅ နှစ်ရရှိခဲ့လို့ ကမ္ဘောဇဘဏ်ကနေပြီး လုပ်ငန်းအာမခံဖြင့် ဘဏ်ချေးငွေ ကျပ်လေးဆယ်ဘီလီယံချေးပြီး နိုင်ငံတကာအဆင့်မီ မိုင်းတွင်း ပုံစံဖြစ်အောင် ပြည်ပကျွမ်းကျင်ပညာရှင်အဖွဲ့တွေနဲ့ ပူးပေါင်းပြီး ကုန်ကြမ်းထုတ်လုပ်မှုတန်ချိန် တိုးတက်ရရှိအောင် ကုန်ကြမ်းကနေ ရွှေစင်ထုတ်နိုင်ဖို့ နိုင်ငံတကာအဆင့်မီစက်ရုံကြီး တစ်ရုံ တန်ငါးရာ စက်နှစ်လိုင်း တစ်ရက်တန်တစ်ထောင် ကြိတ်ဝါးနိုင်ဖို့ တည်ဆောက်ခဲ့တယ်။ စက်ရုံတည်ဆောက်ပြီး ရွှေစင်ပါဝင်မှုအတိအကျသိလာပါတယ်။ အဲဒီအချိန်မှာ တင်ဒါခေါ်စဉ်က ဖော်ပြခဲ့သလို (၃၈)PPM မရှိဘဲ ပျမ်းမျှ(၉) PPM သာ ပါရှိခဲ့လို့ လက်ရှိစာချုပ်အရ ဘယ်လိုမှ ပေးသွင်းဖို့ မဖြစ်နိုင်တော့လို့ စာချုပ်အသစ် ချုပ်ဆိုနိုင်ရေး ပြင်ဆင်ခွင့်ပြုချက် အကြိမ်ကြိမ်တင်ပြလျှောက်ထားခဲ့ရတာပါ" ဟု ဆိုသည်။

ထို့ကြောင့် ဒုတိယအကြိမ် ပြင်ဆင်စာချုပ်အရ ၂၀၁၇ ဇန်နဝါရီလမှ စတင်ပြီး ပေးသွင်းရမည့် ရွှေစင်ပမာဏမှာ တစ်လလျှင် ၉၂ ပိဿာ ဖြစ်ပြီး အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ လုပ်ခွင့်ရ ဧရိယာ ၆၁၀၅ ဧကမှ စုစုပေါင်းထုတ်လုပ်မှုမှာ ၆၀ ပိဿာခန့်သာ ဖြစ်သဖြင့် ပေးသွင်းနိုင်ရန် အခက်အခဲရှိကြောင်း ဝန်ကြီးဌာနသို့

စာမျက်နှာ (၂၈) သို့


ထုံးကြီး မိုင်းတွင်း

www.free4readers.com





www.free4readers.com



# ဓမ္မစေတီခေါင်းလောင်းကြီးက မင်းနဲ့ပြည်သူ ညီညွတ်ရင် ရပြီ

ကိုငှက်ခါး

## ဓမ္မစေတီခေါင်းလောင်းဆယ်ယူရေး ကြိုးပမ်းနေသည့် ဦးကျော်ဝင်းနှင့် တွေ့ဆုံခြင်း

ဓမ္မစေတီခေါင်းလောင်းကြီးဆယ်ယူရန် နိုင်ငံတော်၏ ခွင့်ပြုချက်လိုအပ်ပြီး အစိုးရနှင့် ပြည်သူညီညွတ်လျှင် ခေါင်းလောင်းကြီးဆယ်ယူနိုင်မည်ဖြစ်ကြောင်း ပြောဆိုလာသည့် ဦးကျော်ဝင်းနှင့် တွေ့ဆုံမေးမြန်းထားသည်ကို ရေးသားဖော်ပြလိုက်ပါသည်၊



**Speaker ။ ။ ဓမ္မစေတီခေါင်းလောင်းကြီး ဆယ်ယူဖို့ ဘာကြောင့်ရပ်နားသွားတာလဲ။**

UKW ။ ။ အမှန်က နားထားတာတော့ မဟုတ်ဘူး။ အဓိကတော့ ငွေအင်အားမရှိဘူး။ အလှူရှင် မရှိဘူးပေါ့နော်။ ခေါင်းလောင်းကြီး ဆယ်ယူဖို့ စက်ကိရိယာတွေကို ကိုယ့်ဘာသာ ထုထောင်နေတာပေါ့။ အရင်ကဆို လှေတွေ၊ ရေငုပ်သမားတွေ ငှားပြီး လုပ်တာပေါ့။ အခု ဒါတွေကို လှေလည်း မငှားဘူး။ စက်လည်းမငှားဘူး။ ရေငုပ်သမားလည်း မငှားဘူး။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အကျဉ်းချုပ်ပြီး လုပ်နေတယ်။ စက်တွေကို ဝယ်တယ်။ ပြင်ဆင်တယ်။ အဟောင်းတွေကို ဝယ်တာပေါ့၊

**Speaker ။ ။ ခေါင်းလောင်ဆယ်ယူဖို့ ဘာတွေ လိုအပ်ချက်ရှိနေလဲ။**

UKW ။ ။ ခေါင်းလောင်းဆယ်ယူဖို့ အရင်ခွင့်ပြုချက်နဲ့ မရတော့ဘူး။ လက်ရှိအစိုးရရဲ့ ခွင့်ပြုချက်နဲ့မှရမယ်။ တိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုချက်ရပြီးရင် သန်လျင် ရေနံချက်စက်ရုံရဲ့ ခွင့်ပြုချက် စွမ်းအင်ဝန်ကြီးရဲ့ ခွင့်ပြုချက်၊ ပုဒ်မ ၁၄၄ ဧရိယာအတွင်း အလုပ်လုပ်ကိုင်ခွင့် အဲဒါရမှ လုပ်လို့ရမှာ။

**Speaker ။ ။ ပုဒ်မ ၁၄၄ ဧရိယာဆိုတာ ဘယ်နေရာလဲ။**

UKW ။ ။ အဲဒါက သန်လျင်ရေနံချက်စက်ရုံရဲ့ ဆိပ်ကမ်းနားမှာရှိတဲ့အတွက် အဲဒီမှာ သွားလုပ်မယ်ဆိုရင် ခွင့်ပြုချက်မပါရင် ပေးမဝင်ဘူး။ နောက်တစ်ခုက လူလေးယောက်ထက် ပိုပြီးလည်း လာလို့မရဘူး။ ကျွန်တော်တို့ လုပ်ရပ်တွေကို ဂျာနယ်၊ စာနယ်ဇင်းသမားတွေ လာမရတော့ မသိကြတာ များတယ်။

**Speaker ။ ။ သက်ဆိုင်ရာက ခွင့်ပြုချက် ယူတဲ့အခါမှာ ဘာတွေတင်ပြရလဲ။**

UKW ။ ။ ကျွန်တော့်ဆီက ပရိုပိုဇယ် တောင်းတာပေါ့။ ကျွန်တော် ဘာစက်တွေနဲ့ လုပ်မယ်။ ဘယ်လိုအရာတွေ အသုံးပြုမယ်ဆိုတာ ဒီယန္တရားတွေ၊ စက်တွေ မပြီးသေးတော့ ကျွန်တော်အစိုးရကို ပရိုပိုဇယ်တင်ဖို့ အားနည်းနေတယ်။ ပီပါပုံးတွေနဲ့ ဖောင်လုပ်ထားတယ်၊ ဓာတ်ဆီလေးလုံးထိုး တိုယိုတာ အင်ဂျင်နဲ့ သွားလာ အလုပ်လုပ်ဖို့ နောက်ထပ် ၁၆ ကောင် အင်ဂျင်သုံးလုံး၊ ကူပိုတာ အင်ဂျင်သုံးလုံး၊ ထော်လာဂျီ ၂၀၀ က သုံးလုံး၊ ရေစုပ်ပန့်တွေရော ကျွန်တော် ထုထောင်ထားပါတယ်။

> ဓမ္မစေတီခေါင်းလောင်းကြီးက ကျိန်းသေပေါက်ရှိတယ်၊ ကောင်းကင်ဓာတ်ပုံအရတော့ ပေါ်နေတယ်၊ ကမ္ဘူကြီးပေါ့ဗျာ၊ အဲဒါကြီးကို ဖြိုချတော့ ကိုယ်ထည်တော့ ကျွန်တော်တို့ ရတယ်၊ စက်မှာလည်း ပေါ်တယ်၊ ကျွန်တော်တို့ကိုယ်တိုင် ဆူးထိုးပြီးတော့ ခေါင်းလောင်းကို လှေပေါ်ကနေ တိုင်းတာခဲ့တယ်၊

**Speaker ။ ။ အခုလက်ရှိ ဆယ်ယူမယ်ဆို ဘာအခက်အခဲရှိလဲ။**

ဖြေ ။ ။ အရင်ကတော့ ကျွန်တော် ပရိုစီဂျာအတိုင်း လုပ်တယ်။ တိုင်းဒေသကြီး အစိုးရ ခွင့်ပြုချက်နဲ့ တစ်ခါ စွမ်းအင်ဝန်ကြီးရဲ့ ခွင့်ပြုချက်တွေရမှ ကျွန်တော်လုပ်တာ။ နောက်တစ်ခု ရွှေတိဂုံဘုရားမှာ ဘုရားရဲ့ ခွင့်ပြုချက်လည်း ကျွန်တော် တောင်းဦးမှာပဲ။ ခွင့်ပြုချက် နှစ်ခုလိုတယ်။ နိုင်ငံတော်နဲ့ ဘုရားရဲ့ ခွင့်ပြုချက်ပေါ့လေ။ အဲဒါတွေရရင် ကျွန်တော်လုပ်မှာပါ၊ လောလောဆယ် စက်တွေက မပြီးသေးဘူး။ ငွေအင်အားဆိုတာ သားသမီးတွေ ထောက်ပံ့တဲ့ ငွေလောက်ပဲ။ သူများဆီက အလှူခံတာလည်း မရှိဘူး။ ကိုယ့်အားနဲ့ ကိုယ်လုပ်မှာ။ တစ်ဖက်ကလည်း ကျွန်တော် ဝင်းစိန်ကျောင်းမှာ စက်ပြင်တယ်။ ကျွန်တော့်မှာ ကျောင်းအလုပ်၊ ဘုရားအလုပ်နဲ့ ခေါင်းလောင်းအလုပ် အဲဒီလို ရှိတာပေါ့။ ဒါကြောင့် ကြန့်ကြာသွားတာလည်း ကျွန်တော် အားမရဘူး။ အင်အားပြည့်စုံရင်တော့ ခဏလေး ပြီးသွားမှာပါ။ ကျွန်တော်ကတော့ ဇွဲမလျှော့ဘဲနဲ့ ဆက်လုပ်မှာပါ။

**Speaker ။ ။ ဓမ္မစေတီ ခေါင်းလောင်းကြီး ကရော တကယ်ရှိနေသေးလား။**

ဖြေ။ ။ ရှိတယ်။ ကျိန်းသေပေါက်ရှိတယ်။ ကောင်းကင်ဓာတ်ပုံအရတော့ ပေါ်နေတယ်။ ကမ္ဘူကြီးပေါ့ဗျာ၊ အဲဒါကြီးကို ဖြိုချတော့ ကိုယ်ထည်တော့ ကျွန်တော်တို့ ရတယ်။ စက်မှာလည်း ပေါ်တယ်။ ကျွန်တော်တို့ ကိုယ်တိုင် ဆူးထိုးပြီးတော့ ခေါင်းလောင်းကို လှေပေါ်ကနေ တိုင်းတာခဲ့တယ်။ လေပေခြားတိုင်းတယ်။ ရေအမှတ်တွေကို ပုံချပြီးဆွဲလိုက်တာ ခေါင်းလောင်းပုံ ထွက်လာတယ်။ ဒါထက် သေချာတာ ဘာမှမရှိဘူး။ ဒါပေမဲ့ ကျွန်တော်က ခေါင်းလောင်းကွင်းကို ကြိုးမချည်နိုင်ဘူး။ ကမ္ဘူဖြိုတယ်။

စာမျက်နှာ (၂၆) သို့

